www.burmeseclassic.com



# မောင်သာမြှင့်

BURMESE CLASSIC .com

## နှင်းစက်ကြွေ နေ့တစ်ရက်

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

❖ ❖ ❖

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

❖ ❖ ❖

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မောင်သာပြည့်

# နှင်းစက်ကြွေနွေတစ်ရက်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ❖ ၅၀၀၄၈၉၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❖ ၅၀၀၅၆၀၀၅၀၇


✲ထုတ်ဝေသူ✲

ဦးနေမျိုး(၀၄၀၅၈)၊ နေမျိုးစာပဒေသာ
အမှတ်-၁၊ သုမင်္ဂလာလမ်း၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

✲မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ✲

ဦးနိုင်လေး (သီရိပိဋကတ်စာပုံနှိပ်တိုက်)
အမှတ် (၃၃၃)၊ ဗိုလ်ဆွန်ပက်လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

| | | |
|---|---|---|
| အဖုံးနှင့် ဓာတ်ပုံ ရေးဆွဲဒီဇိုင်း | ❖ | မမွေး |
| ကွန်ပျူတာစာစီ | ❖ | နရဏီ (☎ ၃၈၉၇၉၃) |
| ပုံနှိပ်ခြင်း | ❖ | ပထမအကြိမ် |
| ထုတ်ဝေသည့်လ | ❖ | ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ |
| အုပ်ရေ | ❖ | ၅၀၀ |
| တန်ဖိုး | ❖ | ၅၀ ကျပ် |
| ဖြန့်ချိရေး | ❖ | မြတ်မြတ်ချောစာပေ |




www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

ကားဟွန်းကို နှစ်ချက်ဆင့်အတီးမှာ ကိုမွတ်တား ခြံဝင်းတံခါးနားသို့ အပြေးကလေး ရောက်လာသော်လည်း ခြံဝင်းတံခါးကို ဖွင့်မပေးဘဲ သူ့ကို ငေးကြောင်ကြောင်ကြီး ကြည့်နေ၏။

ကိုမွတ်တားက မာလီအလုပ်ကို ခြံစောင့်အလုပ်နှင့်ပါ တွဲဖက် လုပ်ကိုင်ရသည်။

"ကိုမွတ်တား မျက်လုံးပြူးမျက်ဆံပြူးနဲ့ ဘာလို့ ကြောင်တောင်တောင် ဖြစ်နေရတာလဲ၊ တံခါးဖွင့်လေ"

"ဟို... ဟိုလေ၊ အိမ်ထဲမှာ မမကြီးရှိတယ် ကိုလတ်၊ မမကြီး ခုတင် အလုပ်တိုက်က ပြန်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုမွတ်တားက မေမေ့ကို မမကြီးဟု ခေါ်သည်။

သည်အခေါ်အဝေါ်ပေါ်မှာလည်း မေမေနှင့်ကိုမွတ်တား သဘောကွဲလွဲခြင်း မရှိ။ မေမေကလည်း သဘောကျ နှစ်သက်ပါသည်။

[illegible] ရှိခဲ့ကတည်းက 'သော်ကမြိုင်' နှင့်သော်ကမြိုင် မိသားစု အပေါ် သစ္စာကြီးမားသည့် ခြံစောင့်ကြီးလည်းဖြစ်သည်။ အသက်ကတော့ မေမေ့ထက် ဆယ်နှစ်မျှငယ်ပြီး ကိုမွတ်တားက [illegible]တော့ ဆယ်ငါးနှစ်ခန့်ကြီးသည်။

"မမကြီး ပြန်ရောက်နေတယ် ကိုလတ်ရဲ့"

ကိုမွတ်တားက ထပ်ပြောပြန်၏။

"ဟုတ်ပြီလေ၊ မေမေရောက်နေတာနဲ့ ခင်ဗျားခြံတံခါး ဖွင့်မပေးသေးတာ ဘာမှ မဆိုင်ဘူးထင်တယ်"

ပြောကာမှ ကိုမွတ်တား၏ ပြုံးပြုံးပြာပြာ အကြည့်က သူ့နဘေးမှာ ခြောကလက်ဝါးနေသည့် ညိုမိလွင်ဆီ ရောက်သည်။

"ကိုယ်... ကိုယ်... တံခါးဖွင့်လိုက်ရမလား"

"ဒုက္ခပါပဲ၊ ခင်ဗျားတံခါး ဖွင့်မပေးရင် ကားကို ခြံအပြင်မှာဘဲ ထားလိုက်ရမှာလား ကိုမွတ်တားရဲ့၊ နောက်ပြီး ဒီမှာ ဧည့်သည် ပါလာတယ်"

"ဒီ ဧည့်သည်ကြောင့် ကိုယ်ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရတာ ကိုလတ်"





ကိုမွတ်တား စကားကြောင့် ညိုမိလွင် မျက်မှောင်ကျုံ့သွားပြီး...

"ဘာစကားလဲဟဲ့"

"တာစကားမှ မဟုတ်ပါဘူး ညိုမိ၊ ကိုမွတ်တားက အူကြောင်ကြောင်ပါ၊ ဒီမှာ ကိုမွတ်တား တံခါးဖွင့်လိုက်စမ်း၊ ဗိုက်ထက် စိတ်မရှည်စရာဖြစ်လာရင် ကျုပ်ခင်ဗျားကို လက်သီးနဲ့ဆင်းထိုးရတော့မှာ အမှန်ပဲ"

သူ နည်းနည်း စိတ်တိုသွားသည်ကိုကြည့်ပြီး ကိုမွတ်တား ထိတ်ထိတ်လန့်လန့် ဖြစ်သွား၏။ ဝင်းတံခါးကိုလည်း အမြန် ဖွင့်သည်။

"ကိုယ့်မှာ အပြစ်မရှိဘူးနော် ကိုလတ်"

"ဘာအပြစ်လဲ"

"တံခါးဖွင့်ပေးတဲ့ အပြစ်လေ"

"တိတ်စမ်းပါဗျာ၊ နေရာတကာမှာ ကြောက်လန့်စကား ပြောတတ်တဲ့ ခင်ဗျားပါးစပ်ကို အပ်ကြီးကြီး တစ်ချောင်းနဲ့ချုပ်ဖို့ ကျွန်တော်စဉ်းစားနေတယ်"

"ဟာ... အဲသလိုတော့ မလုပ်ပါနဲ့ ကိုလတ်ရာ၊ သည် ပါးစပ်ပေါက်ကလေးနဲ့ ထမင်းစားနေရတာ အပ်နဲ့ ချုပ်လိုက်ရင် ကိုယ် ငတ်ပြီးသေပြီပေါ့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရယ်ချင်သည့်မျက်နှာကို ကိုမွတ်တား မမြင်အောင် ကာကွယ်လိုက်ရ၏။ မွတ်တား အမည်က ကုလားဆန်နေသော်လည်း လူမျိုးက ဗမာတရင်စစ်ပြီး 'သော်ကမြိုင်' ခြံကြီးအပေါ် သစ္စာကြီးစွာနှင့် အေးအေးလူလူ နေတတ်သည့် လူပျိုကြီးလည်း ဖြစ်သည်။

သူ တိုက်အောက်သို့ ကားမောင်းဝင်ခဲ့တော့ ကိုမွတ်တား ခြံဝမှာ ခေါင်းကလေးကုတ်ပြီး ကျန်ရစ်ခဲ့သည်။

"ကိုလတ်ရဲ့ ခြံစောင့်ကြီး စကားပြောတာကို ညိုမိ နား မရှင်းဘူး"

ကားပေါ်က အဆင်းမှာ ညိုမိလွင်က ပြောသည်။

"ခေါင်းထဲ မထည့်ပါနဲ့ ညိုမိ"

"ကိုလတ်ကို ခင်မင်လို့သာ သော်ကမြိုင်ကို လိုက်လည်တာ၊ စိတ်ထဲမှာ သွေ့ခြောက်ခြောက်ကြီး ဖြစ်သလို ခံစားရတယ်"

"သစ်ပင်ပန်းပင်တွေနဲ့ အရိပ်အာဝသကောင်းပြီး စိုပြေနေတဲ့ခြံကြီးကို ညိုမိမှလို့ ပြောရက်တယ်"

"မဟုတ်ဘူး၊ ညိုမိရည်ရွယ်ပြောတဲ့ စကားက အဲဒါကို မဟုတ်ပါဘူး၊ မိသားစု စည်စည်ကားကား မရှိတာကို ပြောတာပါ"

"ကိုယ်က တစ်ဦးတည်းသောသားဆိုတာ မမေ့နဲ့လေ၊ ဘယ်လိုလုပ်ပြီး ညီတွေ၊ ညီမတွေ အစ်ကိုတွေ၊ အစ်မတွေနဲ့ စိုစိုပြေပြေ ရှိမှာလဲ"





"သူငယ်ချင်းတွေက ပြောတယ်၊ မျိုးလတ်နဲ့ သူငယ်ချင်းဖြစ်လို့ ကျောင်းသာပြီးသွားတယ်၊ မျိုးလတ်တို့ သော်ကမြိုင်ကို တစ်ခါမှ အလည်မရောက်ဖူးဘူးတဲ့"

"ဟုတ်တယ် ညိုမိ၊ သူငယ်ချင်းအမျိုးသမီးတွေထဲမှာ သော်ကမြိုင်ကို ရောက်ဘူးတာ ညိုမိတစ်ယောက်ပဲ ရှိသေးတယ်၊ ကဲ... အိမ်ထဲဝင် ညိုမိ"

သူ ဦးဆောင်ပြီး အိမ်ထဲ ဝင်ခဲ့သည်။

ည့်ခန်းမှာ မေမေ 'ခင်မေလတ်' ကို ဆိုဖါပေါ်မှာ ထိုင်လျက် တွေ့ရ၏။

မေမေ့သူကို မျက်လုံးတစ်ချက် ဝင့်အကြည့်မှာ...

"မေမေ၊ ဒါ ကျွန်တော်နဲ့ တက္ကသိုလ်မှာ အတူတက်ခဲ့တဲ့ သူငယ်ချင်း နာမည်က ညိုမိလွင်တဲ့"

"ဟုတ်လား"

ညိုမိလွင်က သူ့ နံဘေးမှာရပ်ပြီး မေမေ့ကို ပြုံးပြသည်။

မေမေက ညိုမိလွင်ကို ခြေဆုံးခေါင်းဆုံး လျှင်မြန်ဖျတ်လတ်စွာ ကြည့်လိုက်ပြီး...

"ထိုင်ပါ သမီး"

ညိုမိလွင်က မေမေ့ရှေ့ ဆိုဖါဆက်တီမှာ သိမ်သိမ်မွေ့မွေ့ ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩစရာပါပဲ"

"ဘာကိုလဲ အန်တီ"

"အန်တီ့ဘဝမှာ သားရဲ့မိန်းကလေးသူငယ်ချင်းကို ပထမဆုံး မြင်ဖူးခြင်းပါပဲ"

"ကျောင်းတုန်းက ကိုလတ်မှာ သမီးလို မိန်းကလေး သူငယ်ချင်းတွေ ရှိပါတယ်၊ သော်ကမြိုင်ကို အလည် အပတ် မရောက်ခဲ့ကြလို့ ထင်ပါတယ်"

"ခု သမီးက သော်ကမြိုင်ကို အလည်အပတ်လာတာ လား"

မေမေ့ စကားကြောင့် ညိုမိလွင် မျက်နှာ ကွက်ခနဲ ပျက် သွားသည်ကို သူ သတိပြုမိ၏။ သတိပြုမိခြင်းနှင့်အတူ အမှား တစ်ခုကို သူလုပ်လိုက်မိပြီကိုလည်း 'မှုံးလတ်' ကိုယ့်ကိုကိုယ် နား လည်သဘောပေါက်လိုက်၏။

"ဟုတ်ပါတယ် အန်တီ၊ ကိုလတ်ကလည်း အလည် လာဖို့ ဖိတ်တယ်လေ၊ သော်ကမြိုင်ရဲ့ နှင်းဆီခင်းနဲ့ သစ်ခွပင်တွေကို ညိုမိ အရမ်းစိတ်ဝင်စားမှာပါလို့ ကိုလတ်ပြောတာနဲ့ ညိုမိ အလည်လာတာပါ"

မေမေက လူ အသိရခက်သော အပြုံးကိုပြုံးပြီး...

"ကျောင်းပြီးတော့ မိဘတွေရဲ့ စီးပွားရေးမှာ ပံ့ပိုးကူ ညီတယ် ထင်ပါရဲ့"





"သမီးက ယူနိုက်တက် ကုမ္ပဏီမှာ လုပ်ပါတယ် အန်တီ၊ သည်နေ့ ဆန်းဒေးဆိုတော့ သမီးအားလပ် နေတယ်လေ၊ ပလာဇာမှာ ဈေးဝယ်ရင်း ကိုလတ်နဲ့ တွေ့လို့ သော်ကမြိုင်ကို အလည်ရောက်လာတာပါ၊ နောက်ပြီး သမီးက ပန်းပွင့်တွေကိုလည်း စိတ်ဝင်စား တယ်"

မေမေ၏ ခပ်ရဲရဲ အကြည့်များကို ညိုမိလွင်က လွှဲဖယ် သည်။ မိသိန်း အချိုရည်ဘူး လာချပေးတော့ မေမေက...

"မိသိန်း... ဒီမှာပဲ ခဏရပ်နေဦး"

"ဟုတ်ကဲ့ မေမေကြီး"

ညိုမိလွင်ဘက် ပြန်လှည့်၍...

"အပြင်က လာတာ အမောပြေသောက်လိုက်ပါ သမီး"

"ကျေးဇူး အန်တီ"

ညိုမိလွင်က အချိုရည်ကို ဘူးတစ်ဝက်မျှသောက်သာ သောက်ပြီး စားပွဲပေါ် တင်သည်။

မေမေက မိသိန်းကို လှမ်းကြည့်ပြီး...

"မိသိန်း ညိုမိလွင်ကို ခြံထဲမှာလိုက်ပြ၊ နှစ်သက်တဲ့ ပန်းပွင့်တွေကို ခူးပြီး ပန်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"ညီမှိုကို ကျွန်တော် ခြံထဲ လိုက်ပြလိုက်ပါမယ် မေမေ"

"မိသိန်း လိုက်ပြတာနဲ့ လုံလောက်ပါတယ်"

သူ ညိုမိလွင်ကို အားနာစွာ လှမ်းကြည့်သည်။

အခြေအနေကို ညိုမိလွင် သဘောပေါက်သည် ထင်ပါ၏။ မိသိန်းနှင့်ခြံထဲဆင်းသွားပြီး ဘာမျှ မကြာညောင်းသော အချိန်လေးမှာ ညိုမိလွင် ဧည့်ခန်းထဲ ပြန်ဝင်လာသည်။

"မြန်လှချည်လား သမီးရဲ့"

"သမီး အိမ်မှာ သူငယ်ချင်းတွေနဲ့ ချိန်းထားတာကို သတိရလို့ပါ အန်တီ၊ သမီး ပြန်ပါဦးမယ်"

မေမေက ခေါင်းကို အသာညိတ်ပြပြီး ...

"မိသိန်း... ဦးစံမောင်ကို ပြောလိုက်၊ ညိုမိလွင်ကို အိမ်အထိ လိုက်ပို့ပေးပါလို့"

"သား လိုက်ပို့လိုက်ပါမယ် မေမေ"

"ဦးစံမောင် အားနေတာပဲ သားရယ်၊ တစ်နေ့ကုန် လျှောက်လည်နေတာ သား အနားယူပါဦး"

မေ့မေ့ စည်းမျဉ်းစည်းကမ်းမှာ စကားပို မပြောရဆိုသည့် စည်းမျဉ်းက အတင်းကြပ်ဆုံး။

ဦးစံမောင် ကားပေါ်မှာ အဆင့်သင့်ဖြစ်နေပြီကို မိသိန်း လာပြောတော့ ညိုမိလွင်က သူ့မျက်နှာကို ခပ်စေ့စေ့ကြည့်သည်။





ညိုမိလွင်နှင့်အတူ ကားဆီသို့ လျှောက်ခဲ့ပါ၏။

"သွားမယ်နော် ကိုလတ်၊ ကိုလတ် မေမေရဲ့ ဘဝထဲမှာ ကိုလတ်ဟာ ဖန်ချိုင့်ထဲက အလှမွေး ရွှေငါးလေး တစ်ကောင်ပါပဲ"

သည်စကားကို ညိုမိလွင် ရယ်ပြုံးပြီး ပြောသွားသည်။

ကားခြံအပြင်သို့ ရောက်သွားတော့မှ သူ အိမ်ထဲဝင်ခဲ့၏။ မေမေက သူ့ကို ဧည့်ခန်းမှ ကြိုဆိုနေသည်။

"ထိုင်ပါဦး သားရဲ့"

သူ မေမေ့ ရှေ့မှာ ဝင်ထိုင်၏။

"သူကလေးက ဘယ်သူလဲ၊ မိဘမျိုးရိုးကဘာလဲ ဆိုတဲ့ အမေးစကားကို မေမေ မမေးတော့ဘူး"

စကားအတန့်မှာ သူမေမေ့ မျက်နှာကို ခပ်ဝေဝေလေး ကြည့်သည်။

"သော်ကမြိုင်ကို သူစိမ်းမိန်းကလေးတစ်ယောက် ခေါ်လာတာ ဒါ ပထမဆုံးနဲ့နောက်ဆုံး ဖြစ်ပါစေ"

ပြောပြီး မေမေ ထိုင်ရာမှထ၍ အပေါ်ထပ်သို့ တက်သွားသည်။ သူ ခေါင်းတရမ်းရမ်းနှင့် ခြံထဲ ဆင်းခဲ့သောအခါ ကိုမွတ်တား ပန်းအိုးတွေ ရွှေ့နေသည်ကို တွေ့၏။

"ကိုလတ်ကို မကြိုး ဆူတယ် မဟုတ်လား"

"ခင်ဗျားက ဘယ်လိုလုပ် သိနေရတာလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလတ်မျက်နှာ မကောင်းတာ တစ်ခုထဲနဲ့ ကိုယ်က သဘောပေါက်ပါတယ်"

ကိုမွတ်တားက သူနှင့်စကားပြောလျှင် 'ကိုယ်' ဆိုသည့် နာမကလေးသုံးပြီး ပြောသည်။ သူကလည်း ဒါကို ချစ်ခင်သည်။

"မေမေ့ကို မပြောချင်ပါဘူးဗျာ"

"သားသမီးက မိဘကို ပြန် မပြောတာ ဘေးကင်းတာပေါ့ ကိုလတ်ရာ"

"အားနာစရာ ကောင်းတာပေါ့"

"ပါလာတဲ့ ကောင်မလေးကိုလား"

"ဟုတ်တယ်လေ၊ ညိုမြိလွင်က ကျွန်တော်နဲ့ တက္ကသိုလ် အတူတက်ခဲ့တာ၊ ရိုးရိုးသားသား ခင်မင်ကြတာ"

"ရိုးသားတာတွေ၊ မရိုးသားတာတွေကို မမကြီးက မတွက်ဘူး ကိုလတ်၊ ကိုလတ်နဲ့ ပတ်သက်ပြီး မမကြီးမှာ ရည်ရွယ်ချက် ကြီးကြီးမားမား ရှိတယ်ဆိုတာတော့ ကိုယ်သိတယ်၊ နောက်ပြီး မမကြီးက သော်ကမြိုင်ကို သူစိမ်းမိန်းကလေးတွေ ခေါ်လာတာကိုလည်း လုံးဝ မကြိုက်ဘူး၊ ခု သူစိမ်းမိန်းကလေး ပါလာရက်နဲ့တံခါး ဖွင့်ပေးမိတာ ကိုယ့်ကိုအပြစ်တင်မှာ အသေအချာပဲ"

"အိမ်ပဲဗျာ၊ ညှော်သည်လာမှာပေါ့"





"လာတဲ့ ဧည့်သည်က ကိုလတ်တစ်ယောက်တည်းနဲ့ ပတ်သက်တဲ့ မိန်းကလေး မဖြစ်ဖို့တော့ လိုတယ်လေ"

"ဒါဖြင့် ဒေဝီ သော်ကမြိုင်ကို အတားအဆီးမရှိ ဝင်ထွက်တာ ကျတော့ကော"

ကိုမွတ်တားက ပြုံးပြီး...

"ကိုယ့်ကို မမကြီးက ပြောထားတယ်"

"ဘာပြောထားတာလဲ"

"ဒေဝီက ဧည့်သည်မဟုတ်ဘူးတဲ့၊ သော်ကမြိုင်မှာ ဒေဝီအတွက် အတားအဆီးဆိုတာ မရှိရဘူးတဲ့၊ သော်ကမြိုင်ရဲ့ တံခါးအားလုံးဟာ ဒေဝီအတွက် အမြဲတမ်း ပွင့်နေရမယ်တဲ့"

"ကောင်းတာပေါ့ဗျာ၊ ဒီကောင်မလေး ကျွန်တော့်ကို မကြာခဏ စိတ်ဒုက္ခပေးတာလည်း သော်ကမြိုင်အတွက် အရမ်းကောင်းတာပေါ့"

သူ အိမ်ပေါ် ပြန်တက်ခဲ့သည်။

နက်ဖြန် ညိုမြိလွင်၏ အလုပ်ဌာနသို့လိုက်ပြီး တောင်းပန်ခြင်ဆိုသည့် အတွေးကတော့ ရှိနေ၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

မျိုးမြင့်လူကို ကားနှင့် ဝင်ခေါ်သည်။

'လမင်းသစ်' မှာ လက်ဖက်ရည်သောက်ရင်း တစ်နေ့က အဖြစ်အပျက်များကို ပြောပြတော့ ...

"ငါ အားလုံး သိပြီးပြီ လတ်ကြီး"

သူ့ကို မျိုးမြင့်လူက လတ်ကြီးဟု ခေါ်သည်။

"ဟင်... မင်းကို ဘယ်သူပြောလို့လဲ"

"မနေ့က ပန်းဆိုးတန်းမှာ ညိုမီလွင်နဲ့ တွေ့တယ်၊ ညိုမီလွင်က ငါ့ကို လက်ဖက်ရည်တိုက်ပြီး အသေအချာပြောပြလိုက်တာ၊ နောက်နောင် မျိုးလတ်နဲ့





လမ်းမှာတွေ့ဖို့ အိမ်ကို အလည်ခေါ်ရင် ဆလံဆယ်ခါပါပဲတဲ့၊ သူ့အမေ အချိုးကြီးက ဘယ်လို အချိုးကြီးမှန်း မသိဘူးတဲ့၊ ငါ့ကို သူ့သားက ခိုးလာတယ်များထင်နေသလား မသိဘူးတဲ့၊ မျိုးလတ်အမေ သွေးကြီးတာကို သူငယ်ချင်းတွေ ပြောတုန်းက မယုံဘူးတဲ့၊ ခု လက်တွေ့ကြီးကို ကြုံလိုက်ရတာတဲ့"

"အေးကွာ၊ ငါ ညိုမီကို အရမ်းအားနာတာပဲ"

"နေပါဦး၊ မင်းက ကိုယ့်အမေအကြောင်း သိရဲ့သားနဲ့ ဘာလို့ ညိုမီကို သော်ကမြိုင်တို ခေါ်သွားရတာလဲ"

"တက္ကသိုလ်မှာတုန်းက အရမ်းရင်းနှီးကြတဲ့ သူငယ်ချင်းတွေကွာ၊ မတွေ့တာလည်း ကြာပြီမို့လား၊ နောက်ပြီး ညိုမီက ပန်းပွင့်လှလှလေးတွေကို စိတ်ဝင်စားတတ်တော့ ငါကလည်း ဘာရယ်မဟုတ်ဘဲ ကြုံတုန်းလိုက်လည်ဖို့ အလည်ခေါ်သွားတာပါ"

သည် အဖြစ်အပျက်များကို ညိုမီက တွေ့သမျှ သူငယ်ချင်းမများကို ပြောပြတော့မည်။ နောက်နောင် ခင်မင်ရင်းနှီးသည့် သူငယ်ချင်းမများသည် သော်ကမြိုင်ကို အလည်အပတ်ခေါ်လို့ကတော့ ဘယ်လိုမှ လိုက်ပုံကြတော့မည် မဟုတ်။

"မမေနဲ့တော့ စိတ်ညစ်ပါတယ်ကွာ"

၁



www.burmeseclassic.com

www.burmeseclassic.com



"မညစ်နဲ့လေ၊ အန်တီမေက ကို့သူငယ်ချင်းတွေရှေ့မှာ မင်းကို တရားဝင် ပြောထားတာပဲ၊ ပြင်ပမှာ မျိုးလတ်ရဲ့ ရင်းနှီးပတ်သက်တဲ့ မိန်းကလေးမှန်သမျှ သူနှင့်သက်ဆိုင်မှု မရှိစေရလို့ ပြောထားတာပဲဟာ၊ အဲဒါကို မင်းက ပေရှည်ပြီး ညှိမီကို ခေါ်သွားရတယ်လို့"

"ငါက ရိုးရိုးသားသား ခေါ်သွားတာပဲဟာ"

"မင်းရဲ့ရိုးသားတာတွေ၊ မရိုးသားတာတွေကို အန်တီမေက စိတ်မဝင်စားဘူး သူ့အတွက်ကတော့သော်ကမြိုင်ကို တစိမ်းမိန်းကလေး မခေါ်ရဖို့က အဓိကပဲ"

ဒါကတော့ သူ သဘောပေါက်ထားသည့် ကိစ္စပါပဲ။

သို့သော်လည်း သည်သဘောပေါက်ထားရမှုကို သူဖေ... လည်ခြင်းမရှိ။ သူ့သူငယ်ချင်းမများနှင့် ပတ်သက်ပြီး မေမေသည် စိတ်ဝင်စားမှုမရှိဟု ဆိုသော်လည်း သတိကိုတော့ အမြဲထားတတ်... ဟန်ရှိသည်။

နောက်ပြီး...

သူ တက္ကသိုလ် စတက်ပြီး ကျောင်းပြီး၍ ဘွဲ့ရခဲ့သည့်အခ... သားမှာ ရည်းစားသနာများ ရှိပြီလားဆိုသည့် အမေးစကား... တစ်လလျှင် တစ်ကြိမ်နှုန်းမျှ မေးတတ်သည်။





သူက မရှိပါဘူး မေမေဆိုလျှင် ရယ်မောပြုံးရွှင်တတ်ပြီး... မေမေ့ကို ကျီစယ်သည့် သဘောမျိုးဖြင့် ချစ်သူရှိဟန် ခပ်... တွေတွေကလေးလုပ်ပြလျှင် မေမေသည် သူ့မျက်နှာကို မျက်... ဆောင်ကြီးကြုံ၍ ကြည့်နေတတ်ပါ၏။ ရှိတယ်လို့ မေမေ့ကို ဘယ်... ပြောလို့လဲဆိုသည့် ရယ်ရွှမ်းပတ်ရွှမ်း စကားကြားမှ မေမေ့... နှာ ပြန်လည်ကြည်လင်လာတတ်သည်။

"အင်း... မင်းဘဝမှာ ချစ်သူရည်းစားရှိဖို့ ထားဖို့ဆိုတာ မလွယ်ကူတဲ့ကိစ္စများ ဖြစ်နေမလား လတ်ကြီးရာ"

"ဒါကတော့ ငါအကြိုက်တွေ့ရင် အချစ်ဆိုတာ ရှိလာမှာပေါ့၊ ငါ့ နှလုံးသား ကိစ္စကို မေမေ ဝင်မပါသင့်ပါဘူး"

အချစ်မတွေ့ခင်ကတည်းက မေမေနှင့်အငြင်းအခုန်ဖြစ်... နေရသည့် ကာလမှပင် 'နှင်းသက်ဝေ' ကို သူဆုံစည်း လာရပါ... တော့သည်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

သူ လက်ဖက်ရည်သောက်နေရာမှ သူ့ခေါင်းမတ်မတ်ထောင်သွားသည်ကို ကြည့်ပြီး မျိုးမြင့်လူက ပြုံးသည်။

အပြုံးနှင့်အတူ မျိုးမြင့်လူ၏ အကြည့်က သူကြည့်ရာနောက်သို့ လိုက်ပါလာ၏။

"ငါကတော့ မင်းကို အချစ်နဲ့ပတ်သက်တဲ့ အကြံဉာဏ် ဘာမှမပေးဘူး လတ်ကြီး၊ မင်းနှလုံးသား ကိစ္စကို စိတ်မဝင်စားလို့တော့ မဟုတ်ဘူး၊ အန်တီမေကို ငါ ကြောက်တယ်၊ မင်းနဲ့ပတ်သက်ရင် အန်တီမေက တစ်စက်လေးမှ အတိမ်းအစောင်း မခံဘူး"





"ငါက ချစ်နေတာ ဘယ်နှယ်လုပ်မလဲ"

"အဲဒီအပေါ်မှာလည်း ငါဘာမှ မသုံးသပ်ချင်ဘူး လတ်ကြီး၊ မင်းစိတ်နဲ့မင်းကိုယ် ဆုံးဖြတ်၊ ငါက မင်းရဲ့ သူငယ်ချင်း ပီသစွာ အကြံဉာဏ်ပေးလိုက်ရင် မင်းက တစ်ဆင့်တက်မယ်၊ အဲဒီတက်တဲ့အဆင့်ကို မင်း မေမေ သိသွားရင် မင်းက ကြံရာပါလား မျိုးမြင့်လူ ဆိုပြီး ငါ့ကို ခြံထဲတောင် အဝင်ခံမှာ မဟုတ်ဘူး၊ ဒီတော့ မင်းသဘောနဲ့ မင်းလုပ်ကွာ၊ ငါ့ကို ဘာမှမတိုင်ပင်ပါနဲ့"

မျိုးမြင့်လူ စကားကို သူအတော် သဘောမကျ ဖြစ်သွားသည်။ သို့သော်လည်း ဒီကောင့်ကို အပြစ်ပြောလို့လည်း မဖြစ်၊ ဒီကောင် မေမေ့ကို အကြောက်ကြီးလောက်သည့် ကျေးဇူးတွေကလည်းရှိသည်။ မေမေ၏ 'မင်းသူငယ်ချင်းကို စောင့်ရှောက်နော်၊ အထူးသဖြင့် ရည်းစား မထားမိဖို့ဘဲ' ဆိုသည့် စကားက မျိုးမြင့်လူကို ချုပ်နှောင်ထား၏။

"မင်း သူငယ်ချင်းကောင်း မပီသဘူး"

"အဲဒီ စကားတော့ မပြောပါနဲ့ လတ်ကြီးရာ၊ မင်းအတွက်ကို အသက်ပေးပြီးတောင် ကာကွယ်ဝံ့တယ်၊ ခုကိစ္စမှာ မင်းကို ကူညီလိုက်ရင် အန်တီမေကိုပါ ငါ ကျေးဇူးကန်းရာ ကျမယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားကို ပိုပြီးတောင် စိတ်ဖျက်သွားရ၏။

မျိုးမြင့်လူ၏ ဆိုလိုရင်း စကားကိုလည်း သူသိသည်။

ဒီကောင်က ကားဝယ်ရောင်း၊ ပွဲစားလည်း လုပ်သေး၏။

ကားတစ်စီးပိုင်ဆိုင်မှု မရှိဘဲ ခြေတိုအောင် လမ်းလျှောက်ပြီး ကားပွဲစားလုပ်နေသည်ကို မေမေက မကြည့်ရက်နိုင်ဘဲ ဝယ်ရောင်းဘဝ ရောက်အောင် ငွေကြေး အရင်းနှီးကြီးကြီး ထုတ်ပေးထားသည်။ ဒီကျေးဇူးတွေအပေါ် မူတည်ပြီး မေမေနှင့် ဆန့်ကျင်သည့် ကိစ္စရပ်မျိုးကိုတော့ သူ့အတွက် ဘယ်တော့မှ စွမ်းဆောင်ပေးလိမ့်မည်မဟုတ်။

"ကြည့်စမ်းပါကွာ၊ နှင်းသက်ဝေရဲ့အလှ ဘယ်လောက် ကျက်သရေရှိတယ်ဆိုတာ၊ သူတို့ကုမ္ပဏီက ယူနီဖောင်း အရောင်သွေးက နှင်းသက်ဝေ ဘယ်လိုပဲ ဝတ်ဝတ် ပုံကို ကျနေတာပဲ"

"အဲဒါကိုတော့ ငါထောက်ခံပါတယ်"

"ငါ သူ့ကို ချစ်သင့်တယ် ဆိုတာကိုပါ ထောက်ခံလိုက်စမ်းပါကွာ၊ မင်း ထောက်ခံတာကို မေမေ မသိစေရပါဘူး"

"မလုပ်ပါနဲ့ လတ်ကြီးရာ၊ မင်း နှင်းသက်ဝေကို ချစ်တာ ငါ ထောက်လည်း မထောက်ခံဘူး၊ ကန့်လည်း မကန့်ကွက်ဘူး"





"ဘာကောင်လဲကွ၊ မင်း"

သူ့ အကြည့်က နှင်းသက်ဝေဆီ ပြန်ရောက်သွားသည်။

ပြေပြစ်သော ခန္ဓာကိုယ်၏ ကျောပြင်ဝယ် နှင်းသက်ဝေသည် သူမ၏ ရှည်လျား နက်မှောင်သော ဆံပင်များကို ဖြန့်ချထား၏။

တည်ငြိမ်သော ခြေလှမ်းများကိုလှမ်းရင်း လမ်း၏ ဘေးတစ်ဘက်တစ်ချက်သို့ စောင်းငဲ့ကြည့်လေ့ မရှိ။ သည်အလေ့အထနှင့် သည်အိန္ဒြေသိက္ခာကို သူလေးစား တန်ဖိုးထားခဲ့သည်မှာ ကြာပြီ။

"တကယ်ဆိုကွာ၊ သူငယ်ချင်းရေ ဘယ်လိုဖြင့် နှင်းသက်ဝေရဲ့ အချစ်ကိုရအောင် ကြိုးစားပါလားဆိုတဲ့ အကြံဉာဏ်မျိုးကို မင်းပေးသင့်တယ် မျိုးမြင့်လူ၊ ခုတော့ မင်းဟာက မေမေ့ကို အသေအလဲ ကြောက်နေတာနဲ့ငါ့အတွက် အချိန်တွေကုန်တယ်"

"ဟာ… အသေအလဲ ကြောက်ရတာပေါ့ကွ၊ ကျောင်းတုန်းက မေသင်းကြူနဲ့ ဖြစ်တဲ့ကိစ္စလေ၊ အန်တီမေလည်းသိရော ငါ့ကို ဆူလိုက်တာ ပွက်ပွက်ညံသွားတာပဲ၊ သော်ကမြိုင်ကို ငါဆယ်ရက်လောက် မလာရဘဲ ရှိခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကျောင်းမပြီးခင်မှာ ဖြစ်ပေါ်တဲ့ မေမေ့ စိတ်ဓာတ်ပါကွာ၊ ခုတို့တွေ ကျောင်းပြီးလို့ ဘွဲ့တောင်ပွမွနွေးနွေး ယူထားပြီးပြီပဲ၊ ပြီးတော့ မေသင်းကြူကခေတ်တခေတ်စာလောက်ကြိုပြီး ခေတ်ကို ရှက်လွှင့်ထားတော့ မေမေ့မျက်စိနဲ့ ဘယ်တွေ့မလဲ"

စကားပြောနေရတာနှင့် သောက်ထားသည့် လက်ဖက်ရည်၏ အရသာပင် ဘယ်ရောက်သွားမှန်းမသိ။

"ဘာလဲ၊ မင်းဆိုလိုတာက နှင်းသက်ဝေကို အန်တီမေလက်ခံမယ်လို့ ဆိုလိုတာလား"

သည်စကား အပေါ်မှာတော့ သူခပ်ငိုင်ငိုင် ဖြစ်သွား၏။ ရင်မှာလည်း မွန်းကျပ်သလို ခံစားသွားရသည်။

သူ မျိုးမြင့်လူကို စကားပြန်မပြောနိုင်မီ...

"မထင်နဲ့ လတ်ကြီး၊ အန်တီ ခင်မေလတ်ကို ငါ့အမေပါဆိုတဲ့အသိ မင်းသိထားသလို၊ ငါကလည်း ငါ့သူငယ်ချင်းရဲ့အမေ၊ ငါရဲ့ ကျေးဇူးရှင်ဆိုတဲ့ ပုံစံနဲ့လေ့လာထားပြီးသား"

"ကဲ... ဆိုပါဦး၊ မင်းလေ့လာထားမိသမျှ"

"လတ်ကြီး၊ မင်း ငါ့ကို မနောက်နဲ့နော်"

"ဒုက္ခပါပဲ၊ သိချင်လို့ မေးတဲ့ဟာ"





"မင်းရဲ့ အချစ်နဲ့ အိမ်ထောင်ရေး ကိစ္စကို မင်းသဘော တစ်ခုနဲ့ ဆုံးဖြတ်လို့မရဘူးလို့ ငါလေ့လာထားမိတယ်၊ မင်းဘဝအတွက် အန်တီမေရဲ့ အဆုံးအဖြတ်က တရားဝင်ဖြစ်မှာပဲ"

သူ ပင့်သက်တိုချသည်။

မေမေ သူ့အပေါ်တွင် သုံးသည့် စည်းစနစ်တွေ အောက်မှာ သူ ချောက်ချောက်ချားချား ဖြစ်ခဲ့ရတာတွေလည်း ရှိသည်။

သို့သော်လည်း မေမေ သူ့အပေါ်ထားသည့် အချစ်နှင့်မေတ္တာ။ ဒါတွေကိုတော့ သူကောင်းကောင်း သဘောပေါက်နားလည်ပါသည်။

ထပ်မံချဖြစ်သည့် ပင့်သက်နှင့်အတူ သူ နှင်းသက်ဝေကိုလွမ်းအကြည့်မှာ နှင်းသက်ဝေ အလုပ်လုပ်သည့် ဘဏ်မှ လာကြိုသည့် မှန်လုံဖယ်ရီ ကားလေးပေါ် နှင်းသက်ဝေ တက်သွားသည်ကို မြင်သည်။

"စိတ်ညစ်တယ်ကွာ၊ စိတ်ညစ်ပြီးတော့ စိတ်လည်း ဆင်းရဲတယ်၊ ငါ့ရင်ထဲမှာတော့ နှင်းသက်ဝေပဲ ရှိနေတယ်"

"နေပါဦး လတ်ကြီးရ၊ မင်းရင်ထဲမှာ နှင်းသက်ဝေပဲ ရှိတယ်ဆိုရအောင် နှင်းသက်ဝေက မင်းကို ချစ်တယ်လို့ အဖြေပေးပြီးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းကို ခပ်သွက်သွက်ကလေး ရမ်းလိုက်၏။

တစ်ဆက်တည်းပင် လက်ထဲမှ စီးကရက်တိုကို လမ်းမဘက်သို့ တောက်လွှင့်ပစ်လိုက်ပြီး လက်ဖက်ရည်ခွက်ကို မယူ၍ တစ်ငုံမော့သောက်သည်။

"အဖြေပေးဖို့ နေနေသာသာ ငါသူ့ကို ချစ်တယ်ဆိုတဲ့ အကြောင်းကိုတောင် နှင်းသက်ဝေကို မပြောရသေးဘူး"

"ဒါဖြင့်လည်း ပြောမနေပါနဲ့တော့ကွာ"

"ဘာဖြစ်လို့လဲ"

သူက တအံ့တသြနှင့် မျိုးမြင့်လူ မျက်နှာကို ကြည့်သည်။

"ဘာဖြစ်လို့လဲဆိုတော့ မင်းနှင်းသက်ဝေကို ငဲ့ညှာလိုက်ပါ လတ်ကြီးရာ၊ အေးအေးချမ်းချမ်း ရှိနေတဲ့ သူ့ဘဝလေးထဲကို ဒုက္ခတွေ မပို့ချင်ပါနဲ့ကွာ"

"မျိုးမြင့်လူ မင်းစကားကို ဆင်ခြင်ပြောရင် ကောင်းမယ်ထင်တယ်၊ ဒီ့ထက်လွန်ကဲလာရင် ငါ့လက်သီးနဲ့ မင်းမျက်နှာကြီးကတော့ နီးနေပြီ"

"ထိုးပါ၊ ငယ်ငယ်ကတည်းက မင်းငါ့ကို စိတ်မထင်ရင် ဆွဲထိုးနေကျပါ၊ ဒီစကားပြောတာက မင်းကိုကော နှင်းသက်ဝေကိုပါ စိတ်မညစ်စေချင်လို့ပါ"





ပြောရင်း မျိုးမြင့်လူ အသံတိမ်သွားသည်။

အကြည့်ငေးများကလည်း လမ်းမဘက်ဆီ ရောက်နေ၏။

"နှင်းသက်ဝေတို့ သားအမိက ချို့တဲ့တယ် လတ်ကြီး၊ သူတို့ သားအမိဘဝမှာ ကြီးကြီးမားမား ပိုင်ဆိုင်တာဆိုလို့ နှင်းသက်ဝေ တက္ကသိုလ်က ရထားတဲ့ဘွဲ့ တစ်ခုပဲ၊ ငါဆိုလိုချင်တာက နှင်းသက်ဝေတို့ ဘဝချို့တဲ့တယ်ဆိုတဲ့ အကြောင်းပြချက် တစ်ခုထဲနဲ့ အန်တီမေက မင်းနဲ့ နှင်းသက်ဝေကို စည်းခြားပစ်လိုက်မှာပဲ၊ မဖြစ်ခင် ကြိုတွေးပြီး ကိုယ့်လမ်း ကိုယ်လျှောက်နေရင် နှစ်ဦးနှစ်ဖက် စိတ်ချမ်းသာမယ်ကွာ၊ ဒါမှမဟုတ်ဘဲ နှင်းသက်ဝေရဲ့ အချစ်ကို မင်း မရမက တောင်းခံလို့ ရခဲ့ရင်လည်း နှင်းသက်ဝေ စိတ်ဆင်းရဲရမှာပဲ"

"မင်း နှလုံးသားမဲ့တဲ့ စကားကို မပြောပါနဲ့ မျိုးမြင့်လူ၊ လူလူချင်း လိမ်ညာလို့ ရပေမယ့် အသည်းနှလုံးချင်းကျ လိမ်ညာလို့ မရပါဘူးကွာ"

မျိုးမြင့်လူ ဘာမှပြန်မပြော။ သူ လှမ်းပေးသည့် စီးကရက်ဘူးကို ဆွဲယူပြီး တစ်လိပ်ကို ထုတ်ယူ မီးညှိသည်။

ဒီတောင့် ပုံစံကိုကြည့်ပြီး စိတ်က မရှည်ချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းဆီက အကြံဉာဏ်တွေပဲ လိုချင်တယ် မျိုးမြင့်လူ၊ အပြန်အလှန် စကားတွေနဲ့ ငါ့စိတ်ကို ပိုညစ်သထက်ညစ်အောင် မလုပ်စမ်းပါနဲ့"

"အကြံဉာဏ်၊ ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘာ အကြံဉာဏ်လဲ"

"နှင်းသက်ဝေကို ငါချစ်တဲ့ ကိစ္စ"

ဒိကောင် စိတ်မသက်မသာနှင့် ခေါင်းခါပြန်၏။

"အန်တီမေ တစ်နေ့သိသွားရင် ပြဿနာက ငါ့ဆီရောက်လာမှာ"

အကြောက်က ကြီးနေပြန်သည်။

"မေမေ မသိစေရပါဘူးကွာ၊ သိလည်း ငါ့ဆုံးဖြတ်ချက်နဲ့ငါ ချစ်တာလို့ မေမေ့ကို ပြောပစ်လိုက်မယ်"

"မင်းလား ပြောရဲမဲ့ကောင်၊ အန်တီမေ မျက်စောင်းတစ်ချက်ဝေ့လိုက်ရင် ထိုင်ရမလို ထရမလို ဖြစ်တဲ့ကောင်ကများ"

"ဒါကတော့ မအေကို လေးစားမှုပါ မျိုးမြင့်လူရာ၊ ငါဖွတ်လုပ်ရင် မေမေ ဘာတတ်နိုင်မှာလဲ၊ ငါက သူငယ်နှပ်စား ကလေးလေးမှ မဟုတ်တာ"

မျိုးမြင့်လူ ငြိမ်သက်သွားသည်။





စီးကရက်ငွေ့များကို မှုတ်ထုတ်ရင်းက အကြောင်း တစ်စုံတစ်ရာကိုမိအောင် စဉ်းစားနေပုံရ၏။ ငယ်ပေါင်းသူငယ်ချင်း ဖြစ်သည်မို့လည်း သူ့အရေးကိစ္စမှန်သမျှမှာ မျိုးမြင့်လူ မပါလို့ မဖြစ်။

မူလတန်း ကျောင်းသားဘဝမှစပြီး တက္ကသိုလ်ဘွဲ့ရသည်အထိ သူ့ အနှံ့တာခံခဲ့သည့် သူငယ်ချင်း၊ ကောင်းတိုင်ပင် ဆိုးတိုင်ပင် သူငယ်ချင်းဆို၍ သူ့မှာ မျိုးမြင့်လူ တစ်ယောက်သာ ရှိသည်။

"နှင်းသက်ဝေနဲ့မင်း လမ်းမှာ မတော်မဆတွေ့ရင် မင်း ဘာလုပ်သလဲ လတ်ကြီး"

"ဟ... ဘာသွားလုပ်ရမှာလဲကွ၊ တောင်တောင်အီအီတွေ ငါ မလုပ်တတ်ပါဘူး"

"ထူပဲ့ ထိုင်းပဲ့ကွာ၊ ငါပြောတာ အဲဒါကို ပြောတာမဟုတ်ဘူး၊ လမ်းမှာတွေ့ရင် ပြုံးပြရယ်ပြ အဆင့်လောက် မရှိဘူးလား"

သူ ခပ်တွေတွေ ဖြစ်သွား၏။ မိမိ အခြေအနေက မျိုးမြင့်လူ ပြောသလို ရင်းနှီးမှုမျိုးမှာ မရှိ။ နှင်းသက်ဝေက သူ့ကို ရယ်ပြဖို့ဝေး၍ တစ်ထွာတစ်မိုက်မျှလောက်ပင် မျက်လုံးကိုလှန်မကြည့်ဖူးခဲ့။

"အဲသလို အခြေအနေမျိုးမှာ မရှိဘူး မျိုးမြင့်လူ၊ ဒါပေမယ့် ငါသူ့ကို စိတ်ဝင်စားနေတာကိုတော့ နှင်းသက်ဝေ သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို သိတာလဲ"

"သူ့ အလုပ်က ပြန်လာတဲ့ ညနေပိုင်းတွေမှာ သူ့ အမေရောင်းတဲ့ အိမ်ဆိုင်ကလေးကို ဝင်ကူထိုင်ပေးတယ်ကွာ၊ ငါက စီးကရက်ဝင်ဝယ်ပြီး သူ့ကို စူးစူးစိုက်စိုက်ကြည့်တဲ့ အကြည့်တွေကို သူ သဘောပေါက်မှာပေါ့"

မျိုးမြင့်လူက မေးစေ့ကို လက်နှင့်ပွတ်ပြီး စဉ်းစားဟန် ပြု သည်။ သူနှင့်ပတ်သက်သည့် အကြံဉာဏ်စကားတွေ ဒီကောင့် မှာ ရှိလိမ့်မည်။

ထင်သည့်အတိုင်းပါပဲ...

"မင်း နှင်းသက်ဝေကို လိုက်စကားပြောရဲလား လတ်ကြီး"

"ဟာ... မပြောရဲပါဘူးကွာ၊ လိုက်ပြောလို့ လက်ခံ စကားပြောရင်တော့ တော်ရဲ့၊ လမ်းလယ်ခေါင်မှာ အော်လွှတ်မှ အရှက်ဟက်တက် ဖြစ်သွားမယ်၊ နောက်ပြီး ငါ့အရွယ်ကြီးနဲ့ လိုက်စကားပြောလို့ ကောင်းမလားကွ"

"မင်းအသက်က ဘယ်လောက်ရှိသေးလို့လဲ"

"ဟာကွာ၊ ဘယ်လောက်ပဲရှိရှိ မပြောရဲပါဘူး"





သူ့ အကြောက်အလန့် ဖြစ်သွားသည်ကိုကြည့်ပြီး မျိုးမြင့်လူ တပြုံးသည်။ ပေါင်းလာသည့် သူငယ်ချင်း၏ သတ္တိကို မေ့ပြီး မေးမိသည့်အတွက် ကိုယ့်လျှာကိုယ် ဖြတ်ပစ်ချင်လောက်အောင် ဒီကောင် ဖြစ်သွားလိမ့်မည်။

"အင်း... စကားလိုက်မပြောရဲတာ မဆိုးပါဘူး၊ နှုတ် တစ်ရာ စာတစ်လုံးတဲ့၊ နှုတ်က အခွန်းတစ်ရာလောက် ချစ်တယ်ပြောတာထက် ချစ်တယ်လို့ စာတစ် ကြောင်းထဲ ရေးလိုက်တာက ပိုထိရောက်တယ်၊ ဒီ တော့ နှင်းသက်ဝေကို မင်းစာပေး လတ်ကြီး"

"အဲသလို အကြံဉာဏ်မျိုး လုပ်စမ်းပါကွာ၊ အဲ... အဲ... နေပါဦး စာက ငါလိုက်ပေးရမှာလား"

"ဟ... မင်းလိုက်မပေးလို့ ငါက လိုက်ပေးရမှာလား ကွ၊ အဲသလောက် သတ္တိကြောင်နေရင် မင်း နှင်း သက်ဝေကို ချစ်မနေနဲ့တော့ လတ်ကြီး"

"မာ... မချစ်လို့တော့ မဖြစ်ဘူး"

ပြောပြီး သူက ရယ်လိုက်၏။

မျိုးမြင့်လူ ပြောတာလည်း မှန်ပါသည်။ အခြေအနေတ သွားကြောင်နေလို့ မဖြစ်တော့၊ ချစ်ခြင်းဆိုသည်က ရင်ထဲမှာ ဘွာရှည်ထားအပ်သည့် အရာလည်းမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သည်သို့နှင့် နှင်းသက်ဝေကို စာပေးဖို့ကိစ္စ အခိုင်အမာ ဆုံးဖြတ်ဖြစ်သည်။ လက်ဖက်ရည်ဆိုင်က ထတော့ မျိုးမြင့်လူနှင့် ကားပွဲ**စားတန်းကို** သူလိုက်သွားသေး၏။

**ကံကောင်းသည့်**နေ့ပဲ ဆိုရပါမည်။

ပွဲ**စားတန်းရောက်**ပြီး မကြာမီမှာပင် မျိုးမြင့်လူ ကားအရောင်း**အဝယ် ဖြစ်သွား၏။** သော်ကမြိုင်ကို သူနှင့်အတူ လိုက်ခဲ့ပြီး မေမေ့ကို **ငွေတစ်သိန်း တန်**တော့သည်။

မျိုးမြင့်လူ**ဆိုသည့်ကောင်**က မေမေ့ကို သည်လို ပေါင်းတတ်သည့်ကောင်။

မေမေက...

"ငွေငါးသောင်းလောက်ပဲ **ကန်**တော့ခဲ့ပါ မျိုးမြင့်လူ ရယ်၊ သည်ငွေကို **အန်တီမေ မသုံး**ပါဘူး၊ မျိုးမြင့်လူ လုပ်ငန်း အဆင်ပြေအောင် **ကုသိုလ်ရအောင် အန်**တီမေက အလှူဒါနပြုပေးမှာပါ"

ဒါကြောင့် ထင်သည်။

ဒီကောင်ကုသိုလ်တွေ အရမ်းရပြီး အရောင်း**အဝယ်က**လည်း ဆက်တိုက်လိုလို ဖြစ်နေတော့၏။

☆ ☆ ☆





[ ၄ ]

စာထဲမှာ **အချစ်**ကို ကြယ်တွေ၊ လတွေ၊ ပန်းပွင့်တွေ၊ လိပ်**ပြာ**တွေ**နှင့်** မတင်စား။

ရေမြေတောတောင်တွေကိုလည်း ဘေးကိုဖယ်ထားလိုက်သည်။ အချစ်နှင့်စပ်ဆိုင်သော အကြောင်းအရာကို အရိုးသားဆုံး **ရေး**ထား၏။

ရေးထားသည့် စာမှာ နှင်းသက်ဝေကို ချစ်သည့်အကြောင်း၊ ပေါ့ပျက်သော အချစ်မဟုတ်ဘဲ လေးနက်သည့် အချစ်ဖြစ်သည်ကို သိစေချင်ကြောင်း၊ ခုလို စာနှင့်ချစ်ကြောင်း တင်ပြရခြင်းမှာလည်း နှင်းသက်ဝေကို အထင်အမြင်သေး၍ မဟုတ်ကြောင်းနှင့် စည်တို့၏သဘောမှာ မတီးလျှင်မမြည်တတ်သည့် သဘောရှိကြောင်းများအားပြု ရေးသားနေဆဲဝယ်...



www.burmeseclassic.com

www.burmeseclassic.com



နံ့သာဖြူနံ့က နှာခေါင်းထဲသို့ တိုးဝင်လာ၏။

သူထိတ်ထိတ်ပျာပျာဖြစ်ရင်း လှည့်အကြည့်မှာ နံဘေးတွင် ခပ်တောင့်တောင့် ရပ်နေသော မေမေ့ကို တွေ့ရ၏။

သူ ချောက်ချောက်ခြားခြားနှင့် စာရေးစားပွဲပေါ်မှ ရေးလက်စ စာကို မဂ္ဂဇင်းစာအုပ်နှင့် ဖုံးလိုက်သည်။

"ဖုံးလိုက် ဝှက်လိုက် လုပ်မနေနဲ့ ငလတ်၊ မင်းရေးတဲ့ စာကို အစအဆုံး မေမေ ဖတ်ပြီးပြီ"

နိုင်ခိုင်မာမာ အမိခံလိုက်ရသည့်အတွက် ရှင်းလင်းရန် စကားလုံးတွေ ရင်မှာ မရှိသလောက် ဖြစ်သွား၏။

နှင်းသက်ဝေအတွက် စာရေးစဉ်က အိပ်ခန်းတံခါးကို အတွင်းမှ ချက်မချဘဲ စေ့ရုံစေ့ထားဖြစ်သည့် မိမိ၏ ပေါ့လျော့မှုကို ဒေါသ ဖြစ်လိုက်ရသေးသည်။

"နှင်းသက်ဝေ ဆိုတာ ဘယ်သူလဲ"

မေမေ့ အကြည့်များက စူးရဲသည်။

အေးစက်လှစွာသော မေမေ၏ လေသံတွင် မနှစ်မြို့မှုများ ပါဝင်နေသည်ကို စိတ်တသိ၏။

"မင်းကို မေမေ မေးနေတယ်၊ နှင်းသက်ဝေဆိုတာ ဘယ်သူလဲ"

"ကောင်. . . ကောင်မလေး တစ်ယောက်ပါ မေမေ"

မေမေ့ မျက်ခုံးတန်းနှစ်ခု တွန့်တက်သွားသည်။





"ကောင်မလေးဆိုတာတော့ ငါသိတာပေါ့၊ ဘယ်သူ့သားသမီးလဲ၊ ဘယ်မှာနေလဲ၊ ဘာလုပ်သလဲ ဆိုတာတွေကို ခြုံပြီးမေးတာ"

စကားနှင့်အတူ မေမေက ဖုံးဖိထားသည့် စာရွက်ဆတ်ခနဲ ဆွဲယူသည်။ စာကို အလင်းရောင်မှာ တစ်ချက်ထောင်ကြည့်ပြီး အစိပ်စိပ်အမွှာမွှာ ဖြစ်အောင် ဆွဲဆုတ်လိုက်၏။

"မင်း မဖြေလည်း ရတယ်ငလတ်၊ မင်းဖြေမယ့် အဖြေကို မေမေ စိတ်မဝင်စားသလို မင်းရဲ့ နှင်းသက်ဝေ ဆိုတာကိုလည်း မေမေ စိတ်မဝင်စားဘူး"

စိတ်တစ်ခုလုံး လေးလံနေသည်။ မေမေ၏ စူးနစ်သော အကြည့်များကို ရှောင်ရှားခြင်းသည် ခေါင်းကို ငုံ့ထားခြင်းသာ ဖြစ်တော့၏။

မိသိန်းရောက်လာပြီး 'မေမေကြီး ကော်ဖီဖျော်ပြီးပါပြီ၊ အသင့် ဖြစ်ပါပြီ'ဆိုသည့် စကားကြားမှ မေမေက သူ့ခန္ဓာကိုယ်ကို လှုပ်ရှားသည်။

"မင်းကို မေမေ စကားပြောမယ်၊ လက်ဖက်ရည်ခန်းကို လိုက်လာခဲ့ပါ"

သော်ကမြိုင်တွင် စည်းစနစ် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



လူအင်အား မများသော်လည်း သော်ကမြိုင်တွင် မာယီ မွတ်တား၊ ဒရိုင်ဘာကြီး ဦးစံမောင် မိသားစု၊ အတွင်းအိမ်ဖေါ် အဖြစ် ထမင်းချက်သည့် ဒေါ်တာတူးနှင့်မိသိန်းတို့ ရှိသည်။

သည်အားလုံးသည် မေမေ၏ ဩဇာခံ။

မေမေ သေဆိုလျှင် သေမှာမကြောက်သည့် လူစားများ မိမိလုပ်ဆောင်ရမည့် တာဝန်ပိုင်း မကျေပွန်လျှင် မေမေသည် စကားကို ငါးလုံးထက် ပိုပြောတတ်ကျင့်မရှိ ခံစားခွင့်များ ပေးအပ် ပြီး အလုပ်မှ ထုတ်ပစ်သည့် တင်းကျပ်သည့်စည်းရှိသည်။

ဘယ်ချွန် မရှိ။

လျှော့ကြိုက်သည် မရှိ။

နှုတ်မှ **ထွက်ပြီးသည့်** စကားကို ပြန်လည်ပြင်ဆင်ခြင်း အလုပ်ကို မေမေ လုံးဝ မကျင့်သုံး။

တစ်ဖက်က **စည်းကမ်းတင်း**သလောက် ပေးကမ်းကျွေး မွေးရာတွင်လည်း မေမေက **ရက်ရော**သည်။ စေတနာ ထက်သန် သည်။

သော်ကမြိုင်၏ အလုပ်သမားများအတွက် ထမင်းစားချိန် နှင့် လက်ဖက်ရည်ချိန်ကို သီးသန့် သတ်မှတ်၏၊ သတ်မှတ်ချိန် မှာ စားသောက်ရမည့် အချိန်ထက် နောက်ကျခြင်းအပေါ်မှာ လည်း မေမေ ကျေနပ်တတ်သည် မဟုတ်။





ည အိပ်ရာဝင်ခါနီး လက်ဖက်ရည် ကော်ဖီသောက်ချိန်တွင် သူသည် မေမေနှင့်မိနစ်သုံးဆယ်ခန့်မျှ မျက်နှာချင်းဆိုင်ရသည်။ ညပိုင်း သားအမိနှစ်ယောက် လက်ဖက်ရည်ဝိုင်းကို သူအပျက် ခံလို့မရ၊ ညနေနှင့်ညဦးပိုင်းမှာ သူငယ်ချင်းများနှင့် လက်ဖက်ရည် ဘယ်နှစ်ခွက်သောက်သောက် မေမေနှင့်လက်ဖက်ရည်ခန်းမှာ ညစဉ်အပူရည် တစ်ခုခု သောက်တျင့်ကိုတော့ သူငယ်စဉ်က တည်းက ရခဲ့၏။

သူပင့်သက် ဖွဖွချသည်။

မေမေနှင့်ထပ်မံ၍ မျက်နှာချင်းဆိုင်ရန် သူ့အတွက် အခက် ခဲဖြစ်နေရ၏။

မေမေ့ကိုလည်း ရှက်သည်။

ညအိပ်အကျီလဲနေချိန်တွင် မိသိန်း သူ့အခန်းဝသို့ ထပ်မံ ရောက်လာ၏။

"အစ်ကိုလေး မေမေကြီးက ရောက်လာဖို့ ကောင်းပြီ လို့ ပြောနေတယ်"

"အေးပါ၊ ငါ အခုလာပါပြီ၊ အင်း... မေမေကတော့ ဖေဖေမရှိတော့တဲ့ နောက်ပိုင်းကစပြီး ငါ့ကို နေလို မီးလို ကျင့်သုံးနေတော့တာပဲ"

"မေမေကြီးက အစ်ကိုလေးကို အရမ်းချစ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မချစ်လို့ ရမလားဟာ၊ ငါ့ကို သူမွေးထားတာပဲ၊ သွား... သွား နင်တော့ အတန်ခံချင်ပြီထင်တယ်"

မိသိန်း လှစ်ခနဲ ပြေးဆင်းသွား၏။

သူအပေါ်ထပ်မှ ဆင်းခဲ့ပြီး လက်ဖက်ရည်ခန်း ရောက်တော့ မေမေနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ စားပွဲပေါ်မှ သူ့အတွက် ပေါင်မုန့်နှင့်ဒိန်ခဲကို စီစဉ်ထား၏။

"သား"

ထူးထူးခြားခြား မေမေ့ခေါ်သံက ပျော့ပြောင်းနေ၏။ သူ မော့ကြည့်သည်။

"သားကို မေမေ ဘယ်လောက်ချစ်တယ်ဆိုတာ သားသိတယ်မို့လား"

ပြောစရာ မလိုအပ်သည့် စကားကို မေမေ ပြော၏။

"မသိဘဲ နေမလား မေမေရာ"

စကားအသံ ပျော့ပြောင်းနေသော်လည်း မေမေ့ မျက်နှာထားက ထုံးစံအတိုင်း တည်ငြိမ်လျက်ရှိ၏။

စကားပြောလျှင် ရယ်ပြုံးခြင်းကင်းသော မေမေ့ စရိုက်ကို သူကောင်းကောင်းသိသည်။

"သား... ဖေဖေဆုံးသွားတော့ မေမေက အရွယ်ကောင်းတုန်း ရှိသေးတယ်၊ နောက် အိမ်ထောင်ပြု





မယ်ဆိုရင် ကောင်းကောင်းရတာပေါ့၊ မေမေ့ကို လက်တွဲချင်လို့ အနားမှာ ရစ်သီနေတဲ့ လုပ်ငန်းရှင်တွေ၊ ဆင်လောက်ကြီးတဲ့ ပုဂ္ဂိုလ်ကြီးတွေ အများကြီးပဲပေါ့"

မေမေ့ စကားက လိုရင်း မရောက်သေး။

သူက ပေါင်မုန့်တစ်ချပ်ကို အသာကိုက်စားပြီး နက်စ်ကိုဘစ်ကျိုက် မော့သောက်သည်။

"ဒါပေမယ့်၊ အားလုံးကို မေမေ ငြင်းခဲ့တယ်၊ အဲဒါကလည်း သားဖေဖေ အပေါ်မှာထားတဲ့ သစ္စာတရား၊ နောက်ပြီး သားကိုချစ်တဲ့ မေတ္တာတရားတွေနဲ့ မေမေ ငြင်းခဲ့တာ"

မှန်ကန်သော စကားဖြစ်ပါသည်။ သို့ကြောင့်လည်း မေမေ၏ အဆုံးအမ စကားများကို သူ မြေဝယ်မကျ နားထောင်ခဲ့၏။

"သားရဲ့ ဘဝမှာ ပထွေးဆိုတာ လုံးဝ မရှိစေရဘူးဆိုတဲ့ မေမေ့ရဲ့ မာနလည်း ပါတယ်၊ သားဖေဖေထားခဲ့တဲ့ အမွေအနှစ်တွေကို ထိန်းသိမ်းပြီး မိန်းမတစ်ယောက်ရဲ့ အားမာန်နဲ့ ဘယ်လိုရှာဖွေခဲ့တယ်၊ သားကို လူဖြစ်အောင် မကြောင့်မကြ နေထိုင်နိုင်အောင် မေမေ ရှာဖွေစုဆောင်းခဲ့တယ်ဆိုတာ သားသိတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com

"သိပါတယ် မေမေရဲ့"

"ဒါဆိုရင် မေမေဟာ သားရဲ့ဘဝ အရှင်သခင်ဆိုရင် မမှားဘူးပေါ့"

"ဘယ်လိုမှ မမှားနိုင်ပါဘူး မေမေ"

မေမေ့ အပေါ် နှုတ်ခမ်းကလေး တွန့်လှုပ်၏။

ပြီးတော့ မျက်နှာပေါ်မှာ တည်ငြိမ်သော အပြုံးကို အံ့ဩစွာ တွေ့သည်။

"ဒါဖြင့်ရင် သားရဲ့ ဘဝအရှင်သခင်ဖြစ်တဲ့ မေမေက သားကို အမိန့်ပေးမယ်၊ သား သေသေချာချာ နားထောင်ပါ"

ရင်မှာ သိမ့်သိမ့်ကလေး လှုပ်သွား၏။

အမိန့်တဲ့။

အမိန့်ဆိုမှတော့ ကောင်းနိုင်လိမ့်မည် မဟုတ်။

မေမေ့အမိန့်သည် သူ့ဘဝနှင့်သူ့နှလုံးသားကို ထိပါးတော့မည်ဟု နားလည်နေဆဲမှာပင်...

"သားရဲ့ အချစ်နဲ့အိမ်ထောင်ရေး ကိစ္စတစ်ခုလုံးကို မေမေ စိုးပိုင်တယ်၊ မေမေ့ရဲ့ သဘောတူညီချက် ခွင့်ပြုချက် မရဘဲနဲ့ သားဘယ်မိန်းကလေးကိုမှ မချစ်ရဘူး၊ အိမ်ထောင် မပြုရဘူး၊ ဒါ မေမေရဲ့ အမိန့်ပဲ၊ မင်းရဲ့ဦးနှောက်နဲ့ အသည်းနှလုံးမှာ စွဲပြီနေရမယ်"





ပြောပြီး မျက်နှာကို တစ်ချက်စိုက်ကြည့်၍ ထိုင်ရာမှ ထသည်။

ဧည့်ခန်းသို့ လှမ်းထွက်သွားသည့် မေမေ၏ ခြေလှမ်းသည် သူ့စိတ်မှာ ကြွမ်းတမ်းနေသည်ဟု ထင်၏။ သူ မေမေ့ကို အငေးသားကြည့်ရင်း ကျန်ရစ်ခဲ့သည်။

သူ့စိတ်နှင့်ရုပ်သည် ယှဉ်တွဲလို့မရအောင် မောဟိုက်နေ၏။ အမိန့်ဆိုသည့် မေမေ၏ အသုံးနှုန်းသည် နားမှာ ထင်ကျန်နေဆဲရှိသေးသည်။

သားဖြစ်သူ၏ အချစ်ဘဝ တစ်ခုလုံးကို မေမေသည် ဖယောင်းရုပ်ကလေး တစ်ရုပ်လို ကိုင်ကစားချင်ပြီလား။

ပုံသွန်းပြုထားသည့် အရုပ်ကလေးတစ်ခုလို မေမေ သဘောထားနေပြီလား။

သူ ရင်တစ်ခုလုံး ငြိမ်သက်မှုမရှိ။

သူ ထိုင်ရာမှ ထလိုက်သည်။ အပေါ် ထပ်သို့ အတက်တွင် မေမေက သူ့ကို မျက်လုံးလှန်ကြည့်ပါသေး၏။

အိပ်ခန်းထဲရောက်တော့ ကုတင်ပေါ်မှာ အသာလှဲချ လိုက်သည်။

မျက်လုံးကို စုံမှိတ်ထားလိုက်၏။

အတွေးတွင် နှင်းသက်ဝေသည် သူနှင့်အနီးဆုံးနေရာမှာ ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com



နှင်းသက်ဝေ၏ ရိုးစင်းသော မျက်နှာအလှက သူ့အတွေးမှာ ဘယ်လိုမှ ဖျောက်ဖျက်လို့မရ။

*ကြော်... မေမေရယ်...*

*သားကိုချုပ်နှောင်ပါ။*

*အချစ်ကို*

*မချုပ်နှောင်ပါနဲ့။*

*သားကို အကျဉ်းချထားလိုက်ပါ။*

*အချစ်ကို*

*အကျဉ်းချ မထားပါနဲ့။*

*အချစ်ကိုတော့...*

*လွတ်လပ်ခွင့်ပေးပါ။*

☆ ☆ ☆





[ ၅ ]

မေမေသူ့ကို ပြောခဲ့သော စကားနှင့် မေမေ စွဲမြဲစွာ ကိုင်ဆွယ်ထားသည့် သဘောထားအားလုံးကို ပြောပြတော့ မျိုးမြင့်သူက မျက်နှာကြီးကို တအားရှုံ့မဲ့လိုက်၏။

"ချစ်ဖို့ ကြံစည်တုန်း ရှိသေးတယ်၊ မင်းဟာက ပြဿနာပါလား လတ်ကြီးရာ၊ နောက်ပြီး ကိုယ့်အမေ အကြောင်းလည်း သိရက်သားနဲ့ကွာ၊ ရည်းစားစာရေးတာ တံခါးဖွင့်ထားရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ချက်ချင်းပြီး ထင်တာ၊ စိတ်က နှင်းသက်ဝေဆီ စာရေးဖို့ပဲ ရောက်နေတော့ သတိချွတ်ယွင်းသွားတာပေါ့ကွာ"

"သေ… သေ… နိုးထုပ်ခိုးထည်ကြီးနဲ့မိတာ၊ အန်တီမေက မင်းကို နားရင်းမတီးလိုက်တာ ကံကောင်းပဲ"

"မေမေက ငါ့ကို ငယ်ငယ်ကတည်းက ခုအရွယ်ထိ တိုယ်ထိလက်ရောက်တော့ မဆုံးမဖူးဘူးကွ၊ စကားနဲ့ အနိုင်ကိုင်တာ၊ ခုလည်း တုတ်ပြီးချည်ပြီးကိုပြောတာ ငါက ဘယ်လက်ခံနိုင်မလဲ"

"လက်မခံနိုင်တာကို မင်းက အန်တီမေကို ပေါ်တင်ကြီး ပြောလိုက်လို့လား"

သူ ပြုံးသည်ကို မျိုးမြင့်လူက တစ်ချက်စောင်းငဲ့ကြည့်ပြီး စီးကရက်တစ်ပွဲ လှမ်းမှာသည်။ စားပွဲထိုးလေးက စီးကရက်ကို အမြန်တလေး လာချပေး၏။

"ပါးစပ်ကတော့ ဘယ်ထုတ်ဖေါ်ပြောရဲမလဲကွ၊ စိတ်ထဲကတော့ လုံးဝ လက်မခံဘူးဆိုတာကို တအားအော်ပြော ပစ်တာပေါ့"

"ထိရောက်လိုက်တာကွာ၊ တကယ့် တော်လှန်သောမျိုးလတ်ပဲ"





"ဘာပဲဖြစ်ဖြစ်ပေါ့ မျိုးမြင့်လူရာ၊ သဘာဝတရားအရ ဖြစ်ပေါ်လာတဲ့ လူငယ်တွေရဲ့ အချစ်ကို ငါမိဘပဲဆိုတဲ့ အရှိန်အဝါကြီးနဲ့ လာတားဆီးလို့တော့ ဘယ်ရမလဲကွာ၊ ဖေဖေနဲ့မေမေတောင် နှစ်ဦးနှစ်ဖက် ချစ်ကြပြီးယူခဲ့ကြလို့ ငါဖြစ်လာသေးတာပဲဟာ"

"အဲဒီ အကြောင်းတရားတွေကိုလည်း မင်း အန်တီမေကို ဆွေးနွေး မပြလိုက်ဘူးလား"

"ဟော့အေး"

"မင်းဟာက မကျေနပ်တာကို ရင်ထဲက ပြောနေတာပဲ၊ ကဲ… ထားပါ၊ ခုနှင်းသက်ဝေကို ပေးဖို့စာ မပေးဖြစ်သေးဘူးပေါ့"

"ပေါ့သေးသေး အချစ်မှ မဟုတ်ဘဲ မျိုးမြင့်လူရာ၊ ငါ့ အချစ်ရေးနဲ့ ပတ်သက်တဲ့ မေမေ့ စကားမှန်သမျှကို နှလုံးသားက ဆန့်ကျင်နေတာပဲဟာ၊ နာရီ ပြန်တစ်ချက်မှာ ငါစာထရေးတာပေါ့၊ ဘယ်ရမလဲ၊ သည်တစ်ခါတော့ မေမေငါ့ကို ဘယ်လောက်ပဲတားတား နှင်းသက်ဝေကိုတော့ ချစ်ရမှာပဲ"

ပြောပြီး သူက အကျႌအိတ်ထဲမှ စာကို ထုတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဖတ်ကြည့်ဦးမလား"

"မဖတ်တော့ပါဘူး၊ မင်း နှာခေါင်း မီးတောက်တာတွေ ရေးထားတဲ့စာကို"

"ချစ်တဲ့ အကြောင်း ရေးထားတာပါကွ၊ မင်းကြီးတော်ကြီး နှာခေါင်းမီးတောက်တဲ့ စာရမှာလား"

"မထူးပါဘူး လတ်ကြီးရာ၊ တစ်ယောက်နဲ့တစ်ယောက် ချစ်သွားကြတော့လည်း မီးတောက်တာပါပဲ၊ ဟာ... ဟိုမှာ လတ်ကြီး၊ ဟိုမှာ မင်းရဲ့ နှင်းသက်ဝေ လာပြီ"

သူ ကမန်းကတန်း လှမ်းကြည့်သည်။

တည်ငြိမ်သော ခြေလှမ်းဖြင့် အေးအေးချမ်းချမ်း လျှောက်လာနေသော နှင်းသက်ဝေကို တွေ့ရ၏။

"ငါ ဘယ်လိုလုပ်ရမလဲ မျိုးမြင့်လူ"

"စာပေးမယ်ဆို"

"အေးလေ"

"ပေးမယ်ဆိုရင် လိုက်ပေးလေကွာ"

"မဟုတ်သေးဘူးလေ၊ အနားရောက်ရင် စာကို သူ့လက်ထဲ ထည့်လိုက်ရမလား၊ သူဆွဲထားတဲ့ ခြင်းထဲ ထည့်လိုက်ရမလား"





"နှင်းသက်ဝေလို့ခေါ်ပြီး ခြင်းထဲ ထည့်လိုက်တာကတော့ အကောင်းဆုံးပဲ၊ သွား... သွား... မင်းတော်မက သူ့ကုမ္ပဏီက ဖယ်ရီကို စောင့်မှာ၊ ကားလာမှ စာမပေးလိုက်ရဘဲ ဖြစ်နေဦးမယ်"

"မင်းလိုက်ခဲ့ကွာ"

"ငါ့ပါတော့ ရှက်နေမှာပေါ့ လတ်ကြီးရ"

"မဟုတ်ဘူးလေ၊ မင်းနဘေးမှာပါတော့ မတော်လို့ မေမေနဲ့ တန်းတိုးရင် မင်းကို လွှဲချလို့ ရတာပေါ့"

"ဟာ... စိုးရိမ်စရာမရှိကြဲဖန်စိုးရိမ်နေပြန်ပြီ၊ ဟိုမှာ နှင်းသက်ဝေတို့ ဖယ်ရီ ပျက်နေလို့လားမသိဘူး၊ နှင်းသက်ဝေ ကားမှတ်တိုင်ကို လျှောက်သွားပြီ"

"ကဲ... ငါ ကား ထားခဲ့မယ်၊ ငါ ပြန်မလာမချင်း မင်း ဘယ်မှမသွားနဲ့နော်"

"စိတ်ချ ဒီလက်ဖက်ရည်ဆိုင်မှာ ငါ ငုတ်တုတ်လေး ထိုင်စောင့်နေမယ်"

သူ လက်ဖက်ရည်ဆိုင်ထဲက ခပ်သွက်သွက် ကလေးထွက်ခဲ့သည်။ ကံကောင်းချင်တော့ သည်နေ့မှ နှင်းသက်ဝေတို့ ဖယ်ရီကားက အသေအချာ ပျက်နေတော့၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



လမ်းမတို အကူးတွင် ရင်က တသိမ့်သိမ့်ကလေး ခုန်လာ၏။ စိတ်ကို ထိန်းသိမ်းရင်း နှင်းသက်ဝေကို မီအောင် လိုက်ရသည်။

အနားရောက်တော့ စိတ်တွေက လှုပ်ရှားလာပြန်၏။ စာကို ဘယ်ပုံဘယ်နည်းပေးရမလဲ ဆိုသည့် အတွေးကဝင်သည်။

ခြင်းထဲ စာထည့်ပြီး လှည့်ထွက်လို့ကတော့ ဘယ်လိုမှ မတော်။ စာပေးရခြင်း အကြောင်းရင်းကို အခြေခံ စကားလောက တော့ ပြောမှဖြစ်မည်။ သို့သော်လည်း ကားမှတ်တိုင်မှာ လူတွေက အပြည့်။

လိုင်းကားတစ်စီး ထိုးရပ်လာသည်။

နှင်းသက်ဝေ တက်မည်အပြုတွင် မရတော့ဘူး အစ်မရေ ဟု စပါယ်ယာက ပြောသည်။ ကားဘီးလိမ့် အထွက်မှာ နှင်းသက်ဝေက နောက်သို့ ခြေလှမ်းဆုတ်၏။ သူ နှင်းသက်ဝေ အနားသို့ ကိုးကပ်လိုက်သည်။

“နှင်းသက်ဝေ အလုပ်သွားမလို့လားဟင်”

တကယ်တော့ ယင်းအမေးစကားသည် အတော့်ကို အူကြောင်ကြောင်နိုင်သည့် အမေးစကားဖြစ်၏။ ဌာန၏ ယူနီဖောင်းအပြည့်အစုံ ဝတ်ပြီး လက်ထဲမှာ ဆွဲခြင်းကိုင်ထားသူကို အလုပ်သွားမလို့လားဆိုသည့် စကားကတော့ လုံးဝ မလိုသည့် စကား။





သူ့ အမေးစကားကြောင့် နှင်းသက်ဝေက သူ့ မျက်နှာကို ဖျတ်ခနဲမော့ကြည့်သည်။

နှုတ်ခမ်းသားလေး တွန့်လှုပ်သော်လည်း စကားအသံက ထွက်။ မျက်လုံး အကြည့်ကတော့ တည်ငြိမ်သည်။

“နှင်းသက်ဝေ အလုပ်သွားတော့ မလို့လားလို့ မေးတာပါ”

“အော်... ဟုတ်ကဲ့”

တုန့်ပြန်မှုအသံက သူ့ရင်သို့ အေးမြစွာ စီးဝင်သွားသည်။ တကယ်ဆို သည်လို အခြေအနေမျိုး ရရှိလာလိမ့်မည်ဟု မျှော်လင့်မထားခဲ့။ သည်သို့ တုန့်ပြန်လာမှုကြောင့်လည်း သူ့ရင်မှာ ဖြစ်တည်နေသည့် ကြောင့်ကြမှုတွေ လျော့တန်သလောက် လျော့သည်။

ကားတစ်စီး ထိုးရပ်လာ၏။

နှင်းသက်ဝေ ကားပေါ်အတက်ဝယ် သူ လိုက်တက်လိုက်သည်။ ဘေးချင်းယှဉ်၍ ထိုင်ဖြစ်သောအခါ နှင်းသက်ဝေက သူ့ကို မျက်လုံးရွှဲကြီးနှင့်ကြည့်သည်။

သူက ပြုံးပြလိုက်၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

မီးရထား ကုန်းတံတားကြီးကို ဖြတ်အကျော်မှာ နှင်းသက်ဝေတယ်မှာ အလုပ်လုပ်သည်ကို သူ နားလည် သဘောပေါက်လိုက်သည်။

အတူယှဉ်လျှောက်ရင်းမှ တံတား အလယ်လောက် အရောက်မှာ သူက...

"နှင်းသက်ဝေ"

တိုးညှင်းသော်လည်း သူ့အသံကို နှင်းသက်ဝေ သတိပြုမိပါလိမ့်မည်။ အေးချမ်းသော အကြည့်နှင့်သူ့ကို အသာစောင်းငဲ့အကြည့်မှာ သူက...

"ကိုယ့်နာမည် မျိုးလတ်ပါ နှင်းသက်ဝေ"





"ဟုတ်တဲ့"

"ကိုယ် နှင်းသက်ဝေ နောက်ကို လိုက်လာတာ သဘောပေါက်မှာပါနော်"

ခြေလှမ်းကို မှန်မှန်လှမ်းပြီး သူ့စကားကို နှင်းသက်ဝေ အာရုံစိုက်ထားမှန်း သူသိလိုက်၏။

"ကိုယ်လိုက်လာတာ နှင်းသက်ဝေကို စကားတွေ အများကြီး ပြောချင်လို့ပါ။ ဒါပေမယ့် ကိုယ် ပြောမထွက်ဘူး နှင်းသက်ဝေ၊ ဒါကြောင့် ကိုယ်ပြောချင်တာတွေကို ဒီစာထဲမှာ အကုန်ရေးထားပါတယ်၊ နှင်းသက်ဝေ ဖတ်ကြည့်ပါနော်"

စကားလုံးများက တသီတတန်းကြီး ဖြစ်နေသည်။

နှင်းသက်ဝေ သူ့မျက်နှာကို လှမ်းအကြည့်မှာ သူက အပြာရောင် စာအိတ်ကလေးကို နှင်းသက်ဝေ၏ လက်ဆွဲခြင်းထဲသို့ ထည့်လိုက်သည်။

"နှင်းသက်ဝေရဲ့ အလုပ်ဌာနထိ လိုက်ရင် ကိုယ် နှင်းသက်ဝေကို အနိုင်ကျင့်ရာကျပါတယ်နော်၊ ကိုယ် သွားမယ်နော်၊ နှင်းသက်ဝေကို စိတ်အနှောင့်အယှက်ပေးချင်လို့ လိုက်လာတာ မဟုတ်ဘူးဆိုတာတော့ လုံးဝယုံပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ နှင်းသက်ဝေထံပါးမှ ညင်ညင်သာသာပင် ပြန်လှည့်ထွက်ခဲ့သည်။

အပြန်မှာ တက္ကစီငှားပြီး ပြန်လာခဲ့သည်။ သည်အကြောင်းတွေကို သူ မျိုးမြင့်လူကို အရမ်းပြောချင်နေ၏။

နှင်းသက်ဝေရဲ့ အချစ်ကို မရရှိသေးသော်လည်း အောင်မြင်မှုတစ်ခုဟု သူ လက်ခံ ယုံကြည်ထားသည်။

လက်ဖက်ရည်ဆိုင်ရောက်တော့ သူ့ကို ထိုင်စောင့်နေသည့် မျိုးမြင့်လူကို စီးကရက်တစ်လိပ်နှင့်တွေ့ရ၏။

"မြို့ထဲထိ ပါသွားတာလား"

"ဟုတ်တယ် မျိုးမြင့်လူ"

"အခြေအနေက..."

"စိုပြေသလား ခြောက်သွေ့သလားဆိုတာကို သုံးသပ်လို့ မရသေးဘူး၊ ဒါပေမယ့် ငါသူ့ကို စကားစပြောတော့ နှင်းသက်ဝေ အေးအေးချမ်းချမ်းပဲ၊ သူ့ခြင်းထဲကို စာထည့်ပေးတော့ သူ့မျက်လုံးလေး ဝိုင်းသွားတယ်ကွ၊ ငါလည်း စကားတွေ မှားမှာ စိုးတာနဲ့ စာပေးပြီး ချက်ချင်းပဲ လှည့်ထွက်ခဲ့တယ်"

နှင်းသက်ဝေ ထံပါးရောက်စဉ်က ခြေတွေလက်တွေ တုန်ရသည့်အဖြစ်ကို ပြန် မပြောဖြစ်ပါ။





ပင့်သတ်ကို ခပ်ပြင်းပြင်းလေးချပြီး စားပွဲထိုးချာတိတ်ကို လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်၏။ မကြာမီ လက်ဖက်ရည်တစ်ခွက်ရောက်လာသည်။

"အင်း... မင်းကို အေးအေးချမ်းချမ်း စကားပြန်ပြောတယ်ဆိုတော့ မင်းကို စိတ်ဝင်စားနိုင်တဲ့ အခြေအနေမှာရှိတယ် လတ်ကြီး"

"ငါလည်း အဲဒါကို စဉ်းစားတယ်၊ ညနေဘက်တွေ ကားနဲ့သွားရင်းလာရင်း သူတို့ အိမ်ဆိုင်လေးမှာ ငါ စီးကရက် အမြဲဝင်ဝယ်တယ်၊ ဒါကို နှင်းသက်ဝေ သတိထားမိမှာပဲ"

"နေ့တိုင်းလား"

"ရက်ခြားဝင်တာပါ၊ နှင်းသက်ဝေ အလုပ်ပိတ်ရက်တွေဆိုရင်တော့ ငါ နေ့လည်ပိုင်းဝင်တာ၊ သူ့ဆိုင်မှာ အမြဲလိုလိုရှိတယ်"

မျိုးမြင့်လူ အကြောင်းတစ်စုံတစ်ရာ စဉ်းစားနေသည်ကို သူသိသည်။ သူနှင့်ပတ်သက်၍ နှင်းသက်ဝေ ကိစ္စသည် မျိုးမြင့်လူ၏ ခေါင်းမှာအမြဲ ရှိနေလိမ့်မည်။

အတန်ကြာမှ မျိုးမြင့်လူက...

"သူနဲ့ဆုံရင် မျက်လုံးချင်းစကား မပြောဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မျက်လုံးက ဘယ်လိုလုပ် စကားပြောမှာလဲဟ"

"ဟာ... လတ်ကြီး၊ ငါ မင်းကို ထဆဲမိတော့မယ်၊ မင်းဟာက ချစ်ချင်လိုက်တာလည်း ရှူးဖိုးလို့ အချစ်နဲ့ပတ်သက်တဲ့ သဘောတရားကျတော့ ကကြီးတောင် မသိတဲ့ကောင်"

သူက သွားကလေးဖြဲပြီး ရယ်ပြ၏။

မျိုးမြင့်လူ ဆဲမည်ဆိုလည်း ဆဲလောက်ပါ၏။ ချစ်သာ ချစ်ချင်သည်၊ အချစ်၏ သကော်တ သဘောတရားတွေကို ဘာဆိုဘာမျှမသိ၊ မေမေ့အရိပ်အောက်မှာ အချစ်သစ်ပင်လေး မရှင်သန် မဖွံ့ထွားတာလည်း ပါပါသည်။

"မင်း စီးကရက်ဝယ်ရင် နှင်းသက်ဝေက မျက်လုံးလေး ဝေ့ကြည့်တာတို့၊ မသိမသာ စွေစောင်းကြည့်တာတို့ မရှိဘူးလား"

"ဟာ... အဲဒါတော့ ရေရေလည်လည် ရှိတာပေါ့၊ မျိုးမြင့်လူရာ၊ ငါက မျက်လုံးချင်းဆုံလို့ ပြုံးပြုံးပြရင် သူက ခေါင်းလေးကို ငုံ့ငုံ့သွားတာပဲ"

"အဲဒါ အချစ်ပဲ လတ်ကြီး"

သည်စကားအပေါ်မှာ သူ့ရင်မှာ သိမ့်သိမ့်ကလေး ခုန်သွား၏။





အချစ်တဲ့...

နှင်းသက်ဝေ၏ မဝံ့မရဲဖြစ်သော အကြည့်လေးတွေက အချစ်တဲ့လား။

"ဟုတ်ရဲ့လား မျိုးမြင့်လူရာ"

သေချာအောင် ထပ်မေးရ၏။

"ငါသည်နေ့ပြောတဲ့ စကားကို ရက်စွဲနဲ့ မှတ်ထားလိုက်၊ နှင်းသက်ဝေ မင်းအချစ်ကို လက်ကို လက်ခံရမယ်"

မျိုးမြင့်လူဆိုသည့် ဗေဒင်ဆရာအတွက် မမှားပါစေနဲ့လို့သာ သူ ဆုတောင်းနေမိတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



[ ၇ ]

သူ့ခြံထဲ အဆင်းမှာ ကိုမွတ်တားကို မျက်နှာ မသာမယာ နှင့်တွေ့သည်။ နှင်းဆီခင်း၏ နံဘေး အုတ်ခုံပေါ်မှာ ကိုမွတ်တား စိတ်ပျက်လက်ပျက် ထိုင်နေ၏။

သူ့ကိုမြင်သည်နှင့်...

"ကိုလတ် ဆွဲထိုးရင်တော့ ခံရတော့မှာ အမှန်ပဲ"

"ဘာဖြစ်လို့လဲ ကိုမွတ်တားရဲ့"

"ကိုယ် သိပ်ဒေါသဖြစ်နေတယ် ကိုလတ်ရာ"

"ဟာ... ဘယ်သူ့ကို ဒေါသဖြစ်နေရတာလဲ၊ သော်ကမြိုင်မှာ ခင်ဗျားဒေါသ ဖြစ်ရမယ့်လူ တစ်ယောက်မှ မရှိဘူး ထင်တယ်"





"ကိုယ် ဒေါသဖြစ်တဲ့လူက သော်ကမြိုင်က မဟုတ်ပေမယ့် သော်ကမြိုင်ကို ခဏခဏလာနေတာ ကိုလတ်ရ"

သူ မျက်မှောင်ကြုံ့ပြီး စဉ်းစားသည်။

သော်ကမြိုင်ကို ခဏခဏ လာနေတာဆိုလို့ မျိုးမြင့်လူပဲ ရှိသည်။

"ဘာလဲ၊ မျိုးမြင့်လူက ခင်ဗျား စီးကရက်တောင်း သောက်တာ တိုက်မသွားဘူး ထင်တယ်"

"မဟုတ်ဘူး ကိုလတ်၊ မဟုတ်ဘူး၊ ကိုမျိုးမြင့်လူက ကိုယ့်ကိုတွေ့တာနဲ့ စီးကရက်တစ်လိပ်ကို အမြဲထုတ်ပေးတာ"

"ဒါဖြင့် ဘယ်သူလဲ၊ ခင်ဗျား အကြောင်းကြောင်း ပြောနေတာနဲ့ ကျုပ်လက်သီးနဲ့ခင်ဗျား မျက်နှာကတော့ အတော်ကို နီးနေပြီ"

ခပ်ဆတ်ဆတ်ပြောတော့မှ ကိုမွတ်တားက...

"ဒေဝီကို ပြောတာကိုလတ်"

"အဲဒါမျိုးဗျာ၊ အစကတည်းက ဒေဝီလို့ ပြောလိုက်ရင် ခင်ဗျားနဲ့ကျုပ်သည်လောက်ထိ စကားအလျှားရှည်မနေဘူး၊ ကဲ... ပြောစမ်း၊ ဒေဝီ ဘာလာ ဒုက္ခပေးသွားပြန်ပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ညနေက ကိုလတ်ခြံထဲဆင်းပြီး ကိုယ့်ကို သေသေချာချာ မှာသွားတဲ့ ကတ္တီပါ နှင်းဆီပွင့်ကြီးလေ"

ကိုမွတ်တားက စကားကို တုန့်ဆိုင်းပြန်၏။

သူ့ရင်ထဲမှာတော့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ အကြည့်ကလည်း နှင်းဆီပင်များ ရှိရာသို့ လျင်မြန်စွာ ရောက်သွား၏။

သွားပါပြီ…။

သူ ဂရုတစိုက်ကြည့်ခိုင်းထားသည့် နှင်းဆီပွင့်ကြီး အပင်မှာ မရှိတော့။

"သွားပါပြီဗျာ"

"ကိုယ် အတန်တန် တားပါတယ်၊ ကိုလတ်က ဒီနှင်းဆီပွင့်ကြီးကို ဘယ်သူမှ မထိ မကိုင်ရဘူးလို့ အမိန့်ထုတ်ထားတယ်ပြောတာ၊ မရဘူးဗျာ၊ နောက်ပြီး ပြောသေးတယ်၊ ကိုလတ်က ပန်းကြိုက်ရအောင် ဂန်ဒူးမို့လို့လားဆိုပြီး ဆတ်ခနဲချိုးသွားတာ ကိုယ်ဘယ်လိုမှ ဟန့်တားချိန်မရလိုက်ဘူး"

"ခင်ဗျား တော်တော်ကို အသုံးမကျတာဘဲ ကိုမွတ်တား"

"ဒါကြောင့်မို့လို့ ကိုလတ် ကိုယ့်ကို ဆွဲထိုးတော့မှာပဲလို့ ပြောတာပေါ့ဗျာ၊ ကိုယ့်ကို ထိုးသာထိုးလိုက်စမ်းပါ"





သည် နှင်းဆီပွင့်ကတော့ သူနှင်းသက်ဝေအတွက် သီးသန့်ရည်ရွယ်ထားသည့် ပန်းတစ်ပွင့်။

ကတ္တီပါ သွေးရောင်ထပြီး သော်ကမြိုင်မှာ ထူးထူးခြားခြား ပွင့်နေသည့် နှင်းဆီတစ်ပွင့်လည်း ဖြစ်သည်။ မနေ့ညနေကတည်းက သူ့ခြံထဲဆင်းပြီး ကိုမွတ်တားကို ဂရုတစိုက် စောင့်ရှောက်ခိုင်းထားသည်။

ယခု ဒေဝီ၏ လက်ချက်ဖြင့် ရွက်စိမ်းကလေးတွေပင် ပန်းအိုးနဘေးမှာ ပြန့်ကျဲနေသေး၏။

"ကိုယ်က ပြောပါတယ်"

"ဘာပြောတာလဲ"

"သော်ကမြိုင်မှာ သည်လို စည်းမရှိ ကမ်းမရှိ လုပ်လို့ မရဘူးလို့ အဲဒါကို ငိုယိုပြီး မမကြီးကို သွားတိုင်သေးတယ်ဗျာ"

"မေမေက ခင်ဗျားကို ဆူရောမို့လား"

"ဆူတာပေါ့ ကိုလတ်ရာ၊ နှင်းဆီပွင့်ကလေးတစ်ပွင့် ချိုးတာ မင်းက ဘာလို့ ကမ္ဘာပျက်မတတ် ပြောနေရတာလဲဆိုပြီး ကိုယ့်ကို ဆူလိုက်တာ၊ ကိုယ်တော့ အဲဒီ ဒေဝီဆိုတဲ့ ကောင်မလေးကို ဘယ်လိုမှ ကြည့်မရပါဘူးဗျာ၊ ပေါက်ပြားနဲ့ကို ခေါင်းနှစ်ခြမ်းကွဲအောင် ခုတ်ပစ်ချင်တော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ခုတ်သာ သတ်ပစ်လိုက်ဗျာ"

"ခုတ်သတ်ရင် ကိုယ် လူသတ်မှုနဲ့ ထောင်ကျသွားမှာပေါ့ ကိုလတ်ရ"

"ဒါဆိုလဲ အပိုစကားတွေ ပြောမနေနဲ့"

သူ ပြန်လှည့်ထွက်လာခဲ့သည်။

သည်နေ့အတွက် သူ့ရည်ရွယ်ချက်တစ်ခု ပျက်ပြားရသည်ကိုတော့ စိတ်မကောင်း၊ မျိုးမြင့်လူနှင့်တွေ့တော့ ဒီအကြောင်းကို သူ ပြောပြဖြစ်သည်။

"စိတ်မကောင်းတာက နမိတ်မကောင်းသလို ဖြစ်သွားတာမို့ပါ၊ အရမ်းခံစားရတယ် မျိုးမြင့်လူ၊ ငါ့စိတ်ကူးလည်း မယဉ်တတ်ပါဘူး၊ ပန်းခင်းထဲမှာ သည်နှင်းဆီပွင့်လေးက ထူးထူးခြားခြားကို ကတ္တီပါသွေးထနေ တာ၊ ခုတော့ ငါမြတ်နိုးတဲ့ ပန်းကလေးတစ်ပွင့် အချိုးခံလိုက်ရတယ်"

"မင်း ခေတ်ပညာတတ်တစ်ယောက်ပဲ လတ်ကြီးရာ၊ အတိတ်နမိတ်တွေကို ယုံမနေစမ်းပါနဲ့၊ ဒေဝီလာတဲ့အချိန်နဲ့ နှင်းဆီပွင့်နေတဲ့အချိန် တိုက်ဆိုင်သွားတာပါ၊ အေး...တစ်ခုတော့ရှိတယ်၊ ဒေဝီနဲ့ ပတ်သက်ပြီး အနိတိမေကို ငါမယုံရဲဘူး"





သူ ပင့်သက်ကို ခပ်ကြမ်းကြမ်း မှုတ်ထုတ်လိုက်၏။

သည်အကြောင်းကိုစွန့်ပတ်သက်ပြီး သူ စဉ်းစားနေခဲ့တာအတော့ ကြာပြီ။ မျိုးမြင့်လူကို ဖွင့်ပြော မပြသေးတာ တစ်ခုပါပဲ။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



[ ၈ ]

ကဗျာဆရာက ပန်းကလေးတစ်ပွင့်ကို အချစ်ဟု တင်စားလိမ့်မည်။ စာရေးဆရာတစ်ယောက်၏ ရင်မှာတော့ တေးဆိုငှက်ကလေးများ၏ ဂီတသံသည် အချစ်ဖြစ်ကောင်းဖြစ်လိမ့်မည်။ သူ့ နှလုံးသည်းပွတ်မှာတော့ သူမ၏ မျက်နှာအလှကို မြင်ရခြင်းသည် အချစ်ဟု နားလည်ထားမိ၏။

လက်ဖက်ရည်ဆိုင်က ထိုင်စောင့်ခြင်းမဟုတ်ဘဲ ကွင်းဘက်တဲဖိပင်အောက်မှာ ရပ်စောင့်နေသော သူ့ကိုမြင်သည်နှင့် နှင်းသက်ဝေက မျက်လွှာကို အသာချသည်။





သူမ၏ လှမ်းနေသည့် ခြေလှမ်းကတော့ ဖျက်ယွင်းခြင်းမရှိ။ သူ့အနားသို့ အရောက်တွင် နှင်းသက်ဝေက လှမ်းနေသည့် သူမ၏ ခြေအစုံကို ရပ်လိုက်၏။

ပြီးတော့ နှင်းသက်ဝေက သူ့မျက်နှာကိုကြည့်ပြီး...

"ကိုမျိုးလတ် ကျွန်မကို စောင့်နေတာလား"

"ဟုတ်... ဟုတ်ပါတယ် မဝေ၊ ကိုယ် မဝေကို စောင့်နေတာပါ"

သူမကို 'မဝေ'ဟု ခေါ်မိပြီးမှ သည်အခေါ်အဝေါ်အပေါ်မှာ သူမ နှစ်သက်ပါမည်လားဟု စိုးရိမ်မိလာ၏။ သို့သော်လည်း နှင်းသက်ဝေ၏ ငြိမ်သက်သော မျက်နှာထားကြောင့် အခေါ်အခေါ်ပေါ်မှာ နှင်းသက်ဝေ မည်သို့မျှ မျက်နှာ အပြောင်းအလဲမရှိသည်ကို ကျေနပ်စွာ သိလိုက်ရသည်။

"ကျွန်မလည်း မျှော်လင့်ထားပါတယ်"

"ဘာကိုလဲ မဝေ"

"ကိုမျိုးလတ် ကျွန်မကို တစ်နေ့ရာရာက စောင့်နေမယ်ဆိုတာ"

မျှော်လင့်ထားမှုတွေ ပိုမိုကြီးမားလာ၏။

နှင်းသက်ဝေ ခြေလှမ်းအရွေ့မှာ သူနံဘေးမှ လိုက်ပါခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကိုမျိုးလတ်ရဲ့စာကို အစအဆုံး ဖတ်ပါတယ်"

"ဝမ်းသာပါတယ် မဝေ၊ ကိုယ် မဝေ အတွက် စာကို အလိမ်အညာမရှိဘဲ အရိုးသားဆုံး ရေးထားတာပါ။ သည်စာဟာ ကိုယ့်ဘဝမှာ ပထမဦးဆုံး ရေးဖူးတဲ့ စာပါ"

"ကျွန်မ ယုံကြည့်ပါတယ်"

"ဝမ်းသာ လိုက်တာဗျာ"

"ဝမ်းမသာနဲ့ဦးလေ၊ ယုံကြည်ပါတယ်ဆိုတာက ကိုမျိုးလတ် ကျွန်မကို ချစ်တာကို တုန့်ပြန်တဲ့ အဖြေပေးတာ မဟုတ်ဘူး၊ စာကို ဖတ်ရင်းနဲ့ ကတောက်ကချာ ဖြစ်နေတာကိုကြည့်ပြီး ကျွန်မကို ပေးတဲ့စာဟာ ကိုမျိုးလတ် ဘဝမှာ ပထမဦးဆုံး စာဆိုတာကို ယုံကြည်လိုက်တာပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့ မဝေရယ်၊ ကိုယ့်ရဲ့အချစ်နဲ့ ပတ်သက်လို့ ရိုးသားမှုတစ်ခုကို မဝေ အသိမှတ်ပြုလက်ခံလိုက်တယ်ဆိုရင်ပဲ ကိုယ်ဝမ်းသာ ရမှာပေါ့"

အပြုံးဝေ့ဝေ့လေး တစ်ခုကို နှင်းက်ဝေ မျက်နှာမှာ မြင်လိုက်ရသည်။ ရွက်စိမ်းနုံ့ပါသော လေပြည်က ခပ်အေးအေးလေး တိုက်ခတ်နေ၏။





"ကိုယ် မဝေကို တကယ်ချစ်တာပါ"

ချစ်ခြင်းကို နှုတ်ထွက်စကားအဖြစ် သူ စွန်စွန်စားစား ပြောဆိုတ်ခြင်းဖြစ်သည်။

"အဲဒီ ချစ်တာကို စာထဲမှာပါလို့ သိပြီးပါပြီ"

"ကိုယ် အခုအချိန်မှာ အဖြေတောင်းရင်သိပ်ပြီး အတ္တကြီးသွားမလား မသိဘူးနော်၊ နောက်ပြီး မဝေရဲ့ သိက္ခာပိုင်းကို ထိခိုက်သလို ဖြစ်မှာကိုလည်း အရမ်းစိုးရိမ်တယ်"

သူမက သူ့ စကားကို ငြိမ်သက်စွာ နားထောင်နေ၏။

"မဝေ စိတ်မဆိုးရင်တောင် ကံကောင်းတာပဲ"

နှုတ်ခမ်းကလေး တွန့်လှုပ်သည်။

ယဲ့ယဲ့ကလေး ပြုံးသည်ပဲ ထင်ပါ၏။

နောက်ပြီး သူ့ကိုကြည့်လာသည့် အကြည့်များ။

သည်အကြည့်များမှ ခွင့်ပြုမှုထက် နားလည်မှုတွေက ပိုများသည် ထင်သည်။

"ကိုမျိုးလတ်ရေးတဲ့စာက တောင်တစ်လုံး၊ မြောက်တစ်လုံး ဖြစ်နေပေမယ့် ကိုမျိုးလတ် စာကို ဖတ်ပြီး ကျွန်မ ရင်ဖိုမိတာတော့ အမှန်ပါပဲလေ"

"ကိုယ် အတော့်ကို ကြိုးစားပြီး ရေးထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"အဲဒါ ချစ်လို့ပဲ ထင်ပါတယ် မဝေ"

မျက်နှာကလေး ရဲတက်သွားသော်လည်း သူမ မျက်နှာမှာ အပြုံးတွေ ရှိနေ၏။

လိုင်းကားပေါ်ရောက်သည်ထိ နှင်းသက်ဝေက စကားမ ပြော။ ကားပေါ်မှာ ပူးပူးကပ်ကပ် ထိုင်ရတော့ သူလိုပဲ နှင်းသက် ဝေ ရင်ခုန်နေလိမ့်မည်။

ကားပေါ်က အဆင်းမှာတော့ နှင်းသက်ဝေက...

"ကျွန်မတို့ ကော်ဖီခါးခါးလေး သောက်ကြရအောင်"

"မဝေက ကော်ဖီခါးခါး ကြိုက်လို့လား"

"ဘဝက သင်ခဲ့တာပေါ့လေ၊ ကော်ဖီခါးခါးကို ကြိုက် တတ်လာတာပါပဲ၊ တခြားခံစားမှု မရှိပါဘူး"

သူ နှင်းသက်ဝေ မျက်နှာကို ခပ်တွေတွေလေး ကြည့်မိပါ ၏။ ဟန်ဆောင်မှု မရှိသော စကားများကြောင့် သူမအပေါ် လေးစားချစ်ခင်စိတ်က ပိုမိုလာခဲ့သည်။

ပန်းဆိုးတန်းမှာ သောက်ဖြစ်သည့် လက်ဖက်ရည် တစ်ခွက် ၏ အရသာထက် သူမအတွက် ဖျော်ပေးလာသည့် ကော်ဖီခါးခါး ပန်းကန်ကို ငေးစိုက်ခံစားနေခဲ့၏။





သို့သော်လည်း တစ်ခဏချင်းမှာပင် သူသည် စားပွဲထိုး သာ ချပေးသည့် ကော်ဖီခါးခါးပန်းကန်ကို ပြန်ပေးလိုက်ပြီး လက် ဖက်ရည်ချိုချိုတစ်ခွက်ကို ပြင်ဆင်မှာလိုက်သည်။

ဒါကို နှင်းသက်ဝေက မျက်လုံး ဝိုင်းကလေးနှင့်ကြည့်ပြီး...

"ကျွန်မ ကော်ဖီခါးခါး သောက်တယ်လေ ကိုမျိုး လတ်"

"မဟုတ်ဘူး မဝေ၊ သည်နေ့ကစပြီး လက်ဖက်ရည်ချို ချိုပဲ ပြောင်းသောက်ပါ"

နှင်းသက်ဝေက သူမျက်နှာကို စူးစူးစိုက်စိုက် ကြည့်၏။ အချစ်ကို သူ မဝံ့မရဲ တွေ့လိုက်ပါသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



[ ၉ ]

မပတ်သက်ချင်ဘဲ ပတ်သက် နေရသည်။

စကားမပြောချင်ဘဲ ပြောနေရသည်။

ခုလည်း သူ့ရှေ့မှာအုတ်ခဲတစ်လုံးကို ဆွဲယူဖင်ခုထိုင်ပြီး...

"ကိုလတ်က ယောကျ်ား ရင့်မာကြီးတစ်ယောက် လုပ်နေပြီး အဖြစ်ကို မရှိဘူး၊ [illegible]လောကြီးမှ တကယ့်ကို အီးပေါလောကြီး"

စိတ်ထဲမှာ အတော့်ကို တင်းသွား၏။





မဂျေနပ်ဟန်နှင့် လှမ်းကြည့်တာကိုပင် သူမကို ကျီစယ်မြှူနေသည် ထင်နေသလားမသိ။ မျက်နှာက အတော့်ကို ပြောင်စပ် နိုင်လွန်းနေသည်။ လက်ထဲမှာ ကိုင်ထားသည့် ဓါးမနှင့် [illegible]ရှိလ[illegible]သော ခုတ်ပစ်ရလျှင် မွေလို အပိုင်းပိုင်း ပြတ်သွားနိုင်၏။

"[illegible]ဒေဝီ ပြောတာ ဟုတ်တယ်နော်၊ တကယ်တန်းကိုလတ်က အီးပေါလောကြီး"

"ဘာ အီးပေါလောကြီးလဲ၊ စကားကို ပြင်ပြောစမ်းဒေဝီ၊ နင်ငါ့ကို စော်ကားလာတာ ဒါပါနဲ့ဆို အကြိမ်လေးဆယ်မြောက်ပဲ"

"အို... အကြိမ်ငါးဆယ်မှ မမြောက်သေးဘဲ [illegible]ပါဦး ကိုလတ်က အီးပေါလောကြီး မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဒါဖြင့် ဟိုသစ်ခွကြားက ပန်းခက်ကလေးကို တက်ခူးခိုင်းတာ ဘာအကြောက်ကြီးနေရတာလဲ"

"နင့်ကို အမြင်ကပ်လို့ တက်မခူးပေးတာသိလား၊ ပြီးတော့ အဲဒီပန်းတစ်ပွင့်အတွက်လည်း ငါ သစ်ပင်ပေါ် ကကျပြီး အသေမခံနိုင်ဘူး၊ အဲဒါပေမယ့် [illegible]ငါချစ်သူဆိုရင်တော့ တစ်မျိုးပေါ့ ဒေဝီ၊ ကျိုးတိုးကန်း



www.burmeseclassic.com

www.burmeseclassic.com



ကန်း ချစ်သူအတွက် ခူးပေးရဲတယ်၊ ခု နင်က ငါ့ချစ်သူမှ မဟုတ်ဘဲ ပန်းတက်ခူးပေးဖို့ဆိုတာ လုံးဝပဲ"

သူ့စကားကြောင့်ပဲ ဒေဝီမျက်နှာ ညှိုးပုပ်သွား၏။ နှုတ်ခမ်းကို ခပ်တင်းတင်း ဖိကိုက်သည်ကိုလည်း မြင်သည်။

"ဒီမယ်... နင့်ကို ငါပြောမယ်"

"ဘာပြောမှာလဲ"

"ဧည့်သည်ဆိုတာ သူများ အိမ်ကိုလာရင် ဧည့်သည်လို နေရတယ် သိလား၊ ခုတော့ နင့်ဟာက အဲသလို မဟုတ်ဘူး"

"အံမာ၊ အဲသလို မဟုတ်ရအောင် သည်က ဘာလုပ်နေလို့လဲ၊ ကိုလတ် ခေါင်းမွေးကို တက်နှုတ်နေလို့လား"

ဒေဝီ ကုန်းအော်သည်။

"ဟ... ဘာလို့ တအားကုန်းအော် နေရတာလဲ"

"အော်တယ်၊ အော်တယ်၊ ဘာဖြစ်လဲ"

ထပ်မံကျယ်လာသည့် အသံကြီးကြောင့် သူ့ဘေးဆီကို ကမန်းကတန်း လှည့်ကြည့်သည်။

တော်သေးသည်။

အနားမှာ ဘယ်သူမှမရှိ။





"နင်အာပြတိုင်း ဖြေအော်မနေနဲ့၊ သူများအိမ် လာလည်ပြီး ဟိုအခန်းထဲဝင်မွှေ၊ ခြံထဲဆင်းပြီးတော့လည်း တွေ့သမျှ ပန်းတွေခူးပန်"

"ဘာဖြစ်လဲ အန်တီမေက ကျေနပ်ပြီသားပဲဟာ"

"ဟဲ့... မေမေ ကျေနပ်ပေမယ့် ငါမကျေနပ်ဘူး"

"သည်ခြံထဲက ပန်းပင်တွေကို မေမေ ရေတစ်စက်လောင်းတာမဟုတ်ဘူး၊ ငါနဲ့ကိုမွတ်တား ပြုစုပျိုးထောင်တာ"

"ဒါတွေ စိတ်မဝင်စားဘူး"

"အေး...စိတ်မဝင်စားရင် နင်ဧည့်သည်နဲ့ တူအောင်နေ"

သူ့စကားမှာ အမှားမရှိဘဲနှင့် ဒေဝီ မျက်လုံးမှ မျက်ရည်များ ပေါက်ပေါက် ကျလာသည်။

"ဒါပြောတာ ငိုစရာလားဟ၊ အလွမ်းမင်းသမီးတောင် နင့်လောက် မျက်ရည်မလွယ်ဘူး"

"မြွေပွေးကိုက်ကြီး"

စကားကို အနိုင်ဖြတ်ကာ အိမ်ထဲသို့ တန်းပြေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင့်သက်သက်နှင့် ကျွန်ခဲ့ပြီး လက်ထဲမှ ဓါးမနှင့် ခုတ်လက်စ သစ်ကိုင်းများကို ဒေဝီအမှတ်နှင့်ခပ်ကြမ်းကြမ်းလိုက် ခုတ်ပစ်လိုက်သည်။

သူအားရအောင် ခုတ်နေဆဲမှာပင်...

☆ ☆ ☆

"ဘယ်လိုဖြစ်တာလဲ သား"

လက်ထဲမှ သစ်ကိုင်းစများကို လွှတ်လိုက်ပြီး သူမေမေနှင့် မျက်နှာချင်း ဆိုင်လိုက်၏။

"ဘာကိုလဲ မေမေ"

"ဒေဝီ ငိုလာပါလား"

"သူက မျက်ရည်ပေါ်နေတာ၊ ဒေဝီ ငိုတာ ဘာဆန်းမှာလဲ မေမေရယ်"

"မဟုတ်ဘူး၊ သားက သူ့ကိုအော်လွှတ်၊ ငေါက်လွှတ်ပြီး ဓါးမနဲ့ခုတ်မယ် တကဲကဲလုပ်တယ်ဆို"

"ဟာ... မဟုတ်ရပါဘူး မေမေရာ၊ ကျွန်တော် ဓါးမနဲ့ခုတ်ရင် သူမေမေ့ဆီတောင် ရောက်မှာမဟုတ်ဘူး၊ စကားကို သူနားလည်အောင် အကျိုးသင့်အကြောင်းသင့် ရှင်းပြတာကို ကျွန်တော့်ကို မြွေပွေးကိုက်ကြီးလို့ အော်ပြီးထပြေးတာ"





သည့်စကားအပေါ်မှာတော့ မေမေ ကြေညက်ခြင်းမရှိ၊ အဖြစ်မှန်ပြောစမ်းဆိုသည့် သဘောဖြင့် မျက်လုံးကိုဝိုင်းပြီး ကြည့်သည်။

"မေမေစဉ်းစားကြည့် ပန်းပင်ချင်တယ်တဲ့၊ ပန်ချင်ပါပါ၊ ခြံထဲမှာ ပန်းတွေမျိုးစုံပဲဟာ၊ အဲဒါကို မဟုတ်ဘူး၊ ဟိုသစ်ပင်ခွကြားမှာ နွယ်ဖြစ်ပြီး အလေ့ကျပေါက်နေတဲ့ ပန်းကို လိုချင်တယ်တဲ့၊ တက်ခူးပေးရမယ်တဲ့"

"ဒါများသားရယ်၊ မွတ်တားကို တက်ခူးခိုင်းလိုက်ပေါ့"

"အဲသလိုကို မဟုတ်တာမေမေ၊ ကိုမွတ်တား တက်ခူးပေးတာကိုမလိုချင်ဘူးတဲ့၊ ကိုလတ်ပဲ တက်ခူးပေးရမယ်တဲ့"

မေမေကပြုံးပြီး...

"ဒါဆိုလည်း သားပဲ တက်ခူးပေးလိုက်ပေါ့"

သူမေမေ့ကို မကျေမနပ် ကြည့်ပစ်လိုက်၏။

"ဘာလို့ ခူးပေးရမှာလဲ မေမေ၊ ကျွန်တော်မှသစ်ပင်မတက်တက်တာ၊ သူ့ပန်းလေး တစ်ပွင့်နဲ့ ဘယ် အကျိုးပဲ့ခံနိုင်မလဲ"

"ဒါဆိုလည်း ဒေဝီဟာ ကိုယ့်ထက်ငယ်တာပဲ သားရယ် ဖျောင်းဖျောင်းဖျဖျ ပြောပေါ့၊ ခုတော့ သူ့မာမီကိုပါ ဘယ်လောက် အားနာဖို့ကောင်းလဲ၊ သူ့ခများငိုလိုက်တာ ငိုကြီးချက်မနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မတတ်နိုင်ဘူး မေမေ"

သူ့စကားကြောင့်မေမေ့ မျက်နှာအနည်းငယ် တင်းသွား၏၊ သူ့ကို စူးစူးရဲရဲ ကြည့်ပြီး...

"ငါ့ကို ထော်လော်ကန့်လန့် စကားမပြောနဲ့၊ ဒေဝီနဲ့ ပတ်သတ်ရင် မင်းတတ်နိုင်သမျှတောင်မဟုတ်ဘူး၊ လုံးဝ သည်းခံရမယ်၊ ဘာဖြစ်လို့လဲ မေမေဆိုတဲ့ အမေးကိုလည်း မင်းမမေးနဲ့၊ မင်းကို ငါဒေဝီနဲ့ သဘောတူ ထားတာ၊ ရှေ့နှစ် ဒေဝီကျောင်းပြီးရင် မင်းဒေဝီနဲ့ လက်ထက်ရမယ်၊ နှစ်ဘက်မိဘတွေ ဆုံးဖြတ်ပြီးပြီ"

သူ၏ ဝေသီသည့် အကြည့်တွေ မေမေဆီ ရောက်သွားသည်။ မေမေ့ထံပါးမှ လှည့်အထွက်အသွားမှာ သူတစ်ကိုယ်လုံး မောဟိုက်နေတော့၏။

မေမေသည် သူ့ကို ရုပ်သေးရုပ်လေးတစ်ရုပ်လိုများ သဘော ထားနေရောလား။

အဲသလိုတော့ မရဘူး မေမေ။

လူဟာ သစ်သားနဲ့ထုထားတဲ့ အရုပ်မှမဟုတ်တာ။

ဖယောင်းကို ပုံသွင်းထားတဲ့ ပုံသွင်းရုပ်မှ မဟုတ်တာ။

☆ ☆ ☆





[ ၁၀ ]

သူကားနှင့် ထွက်မည်အပြုမှာ မေမေကား ခြံထဲသို့ဝင်လာသည်။ သူကားကို စက် အသာသပ်ပြီး လှမ်းအကြည့်မှာ မေမေ ကားပေါ်က ဆင်းလာ၏။

"မျိုးမြင့်လူနဲ့ကားတစ်စီး လိုက်ကြည့်မလို့ မေမေ"

"ခုစီးနေတဲ့ ကားက ဘာဖြစ်လို့လဲ"

"ရှစ်ခကွေးတောင် ရောက်နေတာ သုံးခကွေးက အကွာရာ အောက်နေပြီပေါ့ မေမေရာ"

"ဟုတ်ပြီလေ ကားကိစ္စကို နောက်နေ့မှလုပ်"

"မေမေ ကျွန်တော့ကို ခိုင်းစရာရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ဘာမှ မပြောဘဲ သူမ၏ အညိုရောင်လက်ကိုင်အိတ်ကြီးထဲမှ ရုပ်ရှင်လက်မှတ် နှစ်စောင်ကို ထုတ်ယူပြီး…

"သည်နေ့ ဒေဝီမွေးနေ့"

"ဟုတ်လို့လား မေမေရ၊ ဒေဝီက သူ့မွေးနေ့ဆို ဖိတ်စာမှာ ရွှေစာလုံးတွေ၊ ပန်းပွင့်တွေနဲ့အကျအနလုပ်တာ၊ ခုဘာသံမှမကြားရဘဲ ငြိမ်ငြိမ်သက်သက်ပါ"

"မွေးနေ့ကြီး မဟုတ်ဘူး၊ မွေးရက်ကတော့ ဘယ်သူ့ကိုမှလည်း မဖိတ်ဘူး၊ ဘာမှလည်း မလုပ်ဘူး၊ ဒါပေမယ့် သားက ဒေဝီရဲ့ မွေးနေ့အသေးလေးလို့ အသိမှတ်ပြုပေးရမယ်၊ ရော့ ရုပ်ရှင်လက်မှတ်နှစ်စောင်၊ ခု ဒေဝီကိုဝင်ခေါ်ပြီး နဝဒေးမှာ ရုပ်ရှင်သွားကြည့်၊ ရုပ်ရှင်ပြီးရင် ပလာဇာ တစ်ခုခုကိုဝင်ပြီး ဒေဝီကြိုက်တဲ့ ပစ္စည်းကို လက်ဆောင်ဝယ်ပေး၊ ညနေစာကို ဟိုတယ်တစ်ခုခုမှာစားပြီး ဘုရားကို လိုက်ပို့ပေးရမယ်"

မေမေ့ စကားသည် အမိန့် ဖြစ်ပါ၏။

သူ့ဆီ ရုပ်ရှင်လက်မှတ်နှစ်စောင် လှမ်းပေးပြီး…

"သွားတော့"

မေမေ တိုက်ထဲ ဝင်သွားသည်။





"အင်း… ကိုယ့်ကိုယ်သာ သတ်သေလိုက်ချင်တော့တာပါပဲ"

စိတ်မရွှင်မပျနှင့် ကားကို ဒေဝီတို့တိုက်ကို ဦးတည် မောင်းတော့သည်။ သူရောက်တော့ မရွှေဒေဝီက ဖီးလိမ်းပြင်ဆင်ပြီး အဆင့်သင့်ပင် စောင့်နေချေသေး၏။

"အစီအစဉ်ကို ဘာမှ ပြောမနေတော့ဘူးနော်"

ကားရှေ့ခန်းမှ ကြော့ကြော့ကလေး ဝင်ထိုင်ပြီး ဒေဝီက ပြောသည်။

"အေးပေါ့ ဒေဝီ၊ နင်က အစီစဉ်အားလုံးကို မေမေ့ကို ကြိုတင် ပြောပြထားတော့ နင်ထပ်ပြောနေဖို့ မလိုတော့ဘူးပေါ့"

"အံမာ… တရားခံ မရှာပါနဲ့၊ သည် အစီအစဉ်တွေ အားလုံးကို အန်တီမေ လုပ်တာ"

"နင် မပါဘဲနဲ့တော့ မေမေဘာမှ မသိဘူး"

"ကိုလတ်၊ ရန်ဖြစ်ဖို့ အပြင်သွားတာ မဟုတ်ဘူးနော်၊ ရန်မစနဲ့"

စကားကို ဆက်မပြောချင်တော့။

ပြောလျှင်လည်း ရန်ဖြစ်မည်။

ကားကို ထိန်းထိန်းသိမ်းသိမ်းမောင်းရင်း ပြည်လမ်းပေါ် ရောက်တော့…



www.burmeseclassic.com

www.burmeseclassic.com



"ကိုလတ်"

"ဒရိုင်ဘာတွေ သိပ်ယုတ်မာတယ်သိလား"

"ငါလည်း၊ ခု ဒရိုင်ဘာပဲ နင်ဆိုလိုတာက ငါလည်း ယုတ်မာတယ်ပေါ့"

"ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းတဲ့ ဒရိုင်ဘာကို ပြောတာမဟုတ်ပါဘူး၊ လိုင်းကားမောင်းတဲ့ ဒရိုင်ဘာတွေကို ပြောတာပါ"

"သူတို့ ဘာယုတ်မာလို့လဲ"

နောက်ပါးမှ ကျော်တက်မည့် ကားတစ်စီးကို သူက လ ပေးသည့် သဘောဖြင့် ကားကို ညာဘက်သို့ အသာချမော ပေးသည်။ အရှိန်ပြင်းပြင်းနှင့် ကားတစ်စီး ဖြတ်ကျော်သွား

"ဒေဝီ့ သူငယ်ချင်း တင်တင်မေလေ၊ ကိုလတ်သိတယ်မို့လား"

"မသိဘူး"

"အဲသလို စကားပိတ်ပြောတာကို သိပ်မုန်းတာပဲ သိလား၊ တစ်ခါက ဒေဝီနဲ့ သော်ကမြိုင်ကို လိုက်လာတာလေ၊ အသားဖြူဖြူကိုယ်လုံးတောင့်တောင့် ကောင်မလေး"

"ငါက နင်ခေါ်လာတဲ့ သူငယ်ချင်းတွေကို စိတ်ဝင်တစား လိုက်ကြည့်နေတာ မဟုတ်ဘူး ဒေဝီ"





"ထားပါ၊ အဲဒီ တင်တင်မေက ကျောင်းကို လိုင်းကား စီးပြီး လာရတာ၊ တစ်နေ့က ကားခေါင်းခန်းမှာ နေရာရလို့ ဝင်ထိုင်တာ၊ ဒရိုင်ဘာက ဂီယာကို ခဏခဏ ထိုးတော့တာပဲတဲ့"

"ကားမောင်းတာ ဂီယာ မထိုးဘဲ မောင်းလို့ရမလားဟဲ့"

"ကိုလတ်က သိပ်အ,တာပဲ၊ အဲဒီ ဒရိုင်ဘာက ဂီယာပြောင်းရင်း သူ့ပေါင်နဲ့လက်ကို မထိ,ထိအောင် လုပ်တာတဲ့၊ တော်တော်နှာဘူးကျတဲ့ လူတွေ"

"ဒါကတော့ တစ်ရာမှာ တစ်ယောက်ယောက်ပဲ ရှိမှာပါဟာ"

"ဒေဝီသာဆို ပါးဆွဲရိုက်ပစ်တယ်"

"နင်ကလဲ မတော်တဆ ဖြစ်ချင်ဖြစ်မှာပေါ့"

"ဘာမတော်မဆ ဖြစ်ရမှာလဲ၊ ခု ကိုလတ် ကားမောင်းရင်း ဂီယာကို အမျိုးမျိုး ပြောင်းထိုးနေတာပဲဟာ၊ ဒေဝီ့ပေါင်နဲ့ ကိုလတ်လက် ဘယ်မှာ ထိလို့လဲ"

စကားကို ရပ်တန့်မှ ကောင်းတော့မည်။ ဒီစကား အကြောင်းအရာက ဘယ်လိုမှ ဆက်လက်ပြောဆိုဖို့ မသင့်တော့သည့် အကြောင်းစကား။

ရှပ်ရှင်ရုံ ရောက်သည်ထိ သူဘာမှ မပြောတော့။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ကြည့်ပြီး အပြန်မှာ မရွှေဒေဝီက ပြောသေးသည်။

"အမေရိကန် မင်းသားတွေက အရမ်းနမ်းတာပဲနော် ကိုလတ်"

ကြည့်ခဲ့သည့် အမေရိကန် ရုပ်ရှင်ကားကို အခြေခံပြီး ပြောသည်ကို သိ၏။

"သူ့ရည်းစား သူနမ်းတာပဲ"

"ဒေဝီ့ ရည်းစားက ဒေဝီကို အဲသလို နမ်းရင်တော့ ပါးရိုက်ပစ်လိုက်မှာပဲ"

"မပူပါနဲ့ ဒေဝီ"

"ဘာကိုလဲ ကိုလတ်"

"နင့်ကို ဘယ်သူမှ ကြိုက်မှာ မဟုတ်ဘူး၊ အဲဒီတော့ ရည်းစားလည်း မရှိနိုင်ဘူးပေါ့"

"အံမာ အထင်သေးရဲလိုက်တာ၊ တစ်နေ့ကျမှ ဒေဝီ့ အရည်အချင်းတွေကို ကိုလတ် သိရမယ်"

သည်စကား၏အဓိပ္ပာယ်ကို သည်တုန်းက သူ တကယ်ပင် မသိခဲ့ပါ။

☆ ☆ ☆





[ ၁၁ ]

သိန်းလေးရာတန် ကားတစ်စီး၏တန်ဖိုးကို မေမေသည် သည်သို့မျှ ဂရုစိုက်လိမ့်မည် မဟုတ်။ အလဲအထပ် သဘောတရားကို မေမေ စိတ်ဝင်စားမှု မရှိသော်လည်း အဖြူရောင် ဂရန်ဒီကားကြီး၏ မန့်ထည်မှုနှင့်အလှကို ငွေပေးချေသည့်နေ့မှာပင် မေမေသည် သဘောကျခဲ့၏။

အလိုက်ငွေများပေးချေပြီး အကောင်းဆုံးဟိုတယ်တစ်ခုမှာ ညနေစာစားတော့ မျိုးမြင့်လူက သူ့ကို ပြောသည်။

"သူဌေးတွေ ကားကောင်းကောင်းစီးတယ်ဆိုတာ ဂုဏ်မြင့်တာပေါ့၊ နောက်ဆို ကားသစ်တစ်စီးကို လက်ထဲမှာ တစ်နှစ်ပဲစီး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတလဲ မြှောက်ပေးနေပြန်ပြီ"

"ကိုယ့်အခြေနဲ့ လိုက်အောင်တော့ နေရထိုင်ရမှာပေါ့ ကွ၊ ထားပါလေ၊ ဒါနဲ့ မင်းနဲ့ ဒေဝီကိစ္စ ပြောစမ်းပါဦး"

"အင်း... ငါ့အစမှာ စိတ်ညစ်စရာ အကောင်းဆုံးက တော့ အဲဒီတစ်ခုပဲ မျိုးမြင့်လူ၊ မေမေက ခုတလော ငါ့ကို ဒေဝီနဲ့ ဖွတ်ထည့်ပေးနေတယ်"

"နှင်းသက်ဝေနောက် မင်းလိုက်တာ အန်တီများ အ နိုင်အမာ သိသွားလား"

သည်စကား အပေါ်မှာတော့ သူ ခပ်တွေတွေ ဖြစ်သွား သို့သော်လည်း၊ သူနှင့် နှင်းသက်ဝေအတူ သွားစဉ်အခါများ မေမေနှင့် ရင်ဆိုင်တိုးခြင်းတော့ မရှိ။ နှင်းသက်ဝေရုံးကို ခြေလ လိုက်ပို့နိုင်းတိုင်းလည်း သူမျက်လုံးကို လျှင်လျှင်ထားခဲ့သည်။ မေ့အားနှင့် ထိပ်တိုက်ရင်ဆိုင်မှု တစ်ခါမျှ မရှိခဲ့။

"သိမယ်မထင်ဘူး မျိုးမြင့်လူ၊ ငါ အိမ်ပြန်ရောက်တိုင်း မေမေ့မျက်နှာတို အကဲခတ်တာ၊ ဘာမှ ပြောင်းလဲမှု မရှိဘူး"

"မင်း အခိုင်အမာ ပြောရဲသလား၊ အန်တီမေက သို သိပ်တယ်ဆိုတာကိုတော့ မင်းသတိထားဦး"

ဝီကောင်ပြောမှ ကျော်မှာ ချမ်းခနဲ ဖြစ်သွားရသည်။





"မင်းကလဲ ကိုယ့်မှာ ကားရှိတာပဲဟာ၊ နှင်းသက်ဝေကို ကားနဲ့လိုက်ပို့ပေါ့"

"စကားကို အလွယ်မပြောပါနဲ့ မျိုးမြင့်လူရာ၊ နှင်း သက်ဝေက ငါနဲ့ ချစ်သူရည်းစား ဖြစ်သေးတာလည်း မဟုတ်၊ နောက်ပြီး ငါ့ ကားပေါ်ကို ဖိတ်ခေါ်လိုက် တာနဲ့ ကြော့ကြော့ကလေး တက်လာမယ့် အတန်း စားထဲကလည်း မဟုတ်ဘူး"

"မင်းကြိုးစား ကြည့်လို့လား"

"ကြိုးစားကြည့်တာ မဟုတ်ဘူး၊ တောင်းကို တောင်း ပန်ကြည့်တာ၊ ယုံကြည်ရင် ကိုယ့်ကားကို အသုံးပြုစေ ချင်ပါတယ် မဝေလို့ ဆိုတော့ လမ်းလျှောက်တာပဲ ကောင်းပါတယ်တဲ့၊ ကဲ... ငါ ဘာဆက်ပြောရမလဲ"

"အင်း... ငါလည်း စဉ်းစားမိပါတယ်"

သောက်ဖြစ်သည့် ဘီယာလေးလုံး၏ ခံစားမှုက ခေါင်းမှာ ဘိတိ ဖြစ်နေ၏။

"ငါ ရင်လေးတယ် လတ်ကြီး"

"ငါနဲ့နှင်းသက်ဝေ ကိစ္စကို ပြောတာမို့လား"

"ဟုတ်တယ်လေ၊ ငါ့မှာ ကားရောင်းကားဝယ်ကိစ္စ မဖြစ်လည်း မင်းကိစ္စကို စဉ်းစားနေရတာ၊ နှင်းသက် ဝေကို မချစ်ပါနဲ့ လတ်ကြီးရာဆိုတဲ့ စကားကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ငါ မပြောချက်တော့ဘူး၊ တစ်ခုတော့ မင်းခေါင်းထဲမှာ အမြဲထားကွာ၊ အန်တီမေက မင်းနဲ့ပတ်သက်ရင် ဘယ်တော့မှ ပေါ့ပေါ့တန်တန် မနေဘူးဆိုတာ"

သူ့ ခေါင်းကို အသာညိတ်သည်။

သည်အတွေးတွေနှင့် ညဘက်တွေမှာ သူမျက်လုံးကြော[င်]ခဲ့ရပေါင်းလည်းများပြီ။

ဘောလ်ရှင်းပြီး အပြင်ထွက်ခဲ့တော့ သူကိုယ် အနည်းငယ်[...] ယိုင်ချင်သလို ဖြစ်သွားသည်။

"ကားမောင်းလို့ ဖြစ်ပါ့မလား"

"ဘီယာသောက်တာကွာ၊ အရက်ပြင်း သောက်တာမှ မဟုတ်တာ"

"မင်းမှာ စိတ်ကများနေတယ်လေ"

သူ ဘာမှမပြော။

မျိုးမြင့်လူကို အိမ်အရင်ဝင်ပို့ပြီး သော်ကမြိုင်ကို သူ တ[...] ပြန်မည်ပြုပြီးမှ နှင်းသက်ဝေတို့ ဆိုင်ကလေးရှေ့ရောက်တော[့] သူ ကားကို ရပ်လိုက်သည်။

စီးကရက်တစ်ဘူး ဝယ်ရင်း 'မဝေ ဒီနေ့ ရုံးမတက်ဘူးနေ[ာ်]' ဟု မေးတော့ သူ့ပါးစပ်က ဘီယာနံ့တွေ လွင့်ထွက်သွားသ[ည်] ထင်၏။ နှင်းသက်ဝေက သူ့ကို မျက်လုံးဝိုင်းကလေးနှင့် ကြ[ည့်] ပြီး...





"ကျွန်မ ဒီည အိပ်လို့ရမှာ မဟုတ်တော့ဘူး"

"ဘာဖြစ်လို့လဲ မဝေ"

"ကိုမျိုးလတ် အရက်သောက်လာတယ်ဆိုတာ ကျွန်မ သိတယ်"

"ဘီယာပါ"

"တူတူပါပဲ"

"မဝေ မကြိုက်ရင် နောက်ကို မသောက်တော့ပါဘူး"

နှင်းသက်ဝေ ခေါင်းကို ငုံ့သွား၏။

သူ စီးကရက်ဘူးကို လှမ်းယူပြီး ကားဆီ လျှောက်သွားသည်။ ကားပေါ် ရောက်တော့ လှမ်းအကြည့်မှာ သူ့ကို နှင်းသက်ဝေ ငေးငေးလေးကြည့်နေသည်ကို မြင်ပါ၏။

သော်ကမြိုင်ရောက်တော့ မေမေနှင့် ဧည့်ခန်းမှာ ဘန်းတိုးသည်။

"မေမေ သတိထားနေတယ်"

"ဘာကိုလဲ မေမေ"

"သား ဘီယာတွေ သောက်သောက်လာတာ ဒီနေ့ ဟာ သုံးရက်မြောက်တဲ့နေ့ပဲ"

မေမေက အရက်နံ့နှင့်ဘီယာနံ့ကို ကောင်းကောင်းခွဲခြားသိ၏။ သူကလည်း မေမေ့ကို ဘယ်တော့မှ ငြင်းဆိုခြင်းမပြု။



www.burmeseclassic.com

www.burmeseclassic.com


"မေမေ စိတ်မဆိုးပါဘူး"

သူ မေမေ့ကို မော့ကြည့်လိုက်သည်။

"သားဟာ အကြာခင်သော အချိန်မှာ လုပ်ငန်းကြီး ကြီးမားမားတွေကို မေမေ့ဆီက လွှဲပြောင်းယူရတော့မှာ၊ အဲဒီခါကျ လူမှုပေါင်းသင်းဆက်ဆံရေးအရ သားဟာ အရက်ကို သောက်သုံးရမှာ အမှန်ပဲ၊ ဒါပေမယ့် သားတစ်ခုတော့ အသည်းစွဲနေအောင် နားလည် ထားရမယ်၊ လူကြီးလုပ်မယ့်သူ၊ လုပ်ငန်းတစ်ခုကို အုပ်ချုပ်လုပ်ကိုင်မယ့်သူဆိုတာ အရက်ပဲဖြစ်ဖြစ်၊ ဘီယာပဲဖြစ်ဖြစ် မူးယစ်စေတတ်တဲ့အရည်ကို ခွေးသောက်ဝက်သောက် မသောက်ရဘူးဆိုတာ နားလည်ထားရမယ်"

သည့်ထက်ပိုသော စကားကို မေမေ မပြော။

သူ အပေါ်ထပ်သို့ တက်ခဲ့သည်။

အိပ်ခန်းရောက်တော့ ပြူတင်းတံခါးတွေ အကုန်ဖွင့်သည်။ ခြံထဲမှ နှင်းဆီပန်းနံ့တ တိုးဝှေ့ဝင်လာ၏။

သူ နှင်းသက်ဝေကိုပဲ သတိရနေတော့သည်။

☆ ☆ ☆



[ ၁၂ ]

"ကိုမိုးလတ်ကိုကြည့်ပြီး ကိုမိုးလတ်ရဲ့ ဒုက္ခမသေးဘူးဆိုတာ ကျွန်မ စဉ်းစားမိပါတယ်"

ပန်းဆိုးတန်းလက်ဖက်ရည်ဆိုင်မှာ သူမအတွက် လက်ဖက်ရည်ချိုချိုတစ်ခွက်မှာပေးနေဆဲမှာ သူမက ယင်းစကားကို ပြောသည်။

"ကိုယ်က မဝေကို ချစ်နေတဲ့သူပဲ၊ မဝေအလာကို စောင့်ရတာ မဝေနဲ့အတူ လမ်းလျှောက်ရတာတွေကို ဒုက္ခလို့ မမှတ်ပါဘူး"


www.burmeseclassic.com

www.burmeseclassic.com



"ကိုမျိုးလတ် ပျော်သလားဟင်"

"ဘယ်လိုပြောလိုက်တာလဲ မဝေရယ်၊ မဝေနဲ့အတူ သွား၊ အတူလာရတာကို ပျော်လွန်းလို့ လမ်းသွားရင်း ထကလိုက်ရင် ပတ်ဝန်းကျင်က ငပေါကြီးလို့မထင်အဲ အရူးကြီးလို့ကို ထင်သွားမှာ"

နှင်းသက်ဝေက ပြုံးသည်။

သည် အပြုံးကတော့ သူ့အတွက် အရှားပါးဆုံးနှင့် တန်ဖိုး အရှိဆုံး အပြုံးပါပဲ။

နှင်းသက်ဝေထံမှ ရယ်မောခြင်းကို သူဘယ်တော့မှ ရှာ မတွေ့။ ရံဖန်ရံခါတွင်သာ ရှားပါးသော အပြုံးကို တွေ့ရသည်

"ကျွန်မ အချိန်ဆွဲနေတာမဟုတ်ဘူး ဆိုတာကိုတော့ ကိုမျိုးလတ် ယုံပေးပါ"

သူ ငြိမ်နေလိုက်၏။

မှာထားသည့် လက်ဖက်ရည်နှစ်ခွက် ရောက်လာတော သူက ပါလာသည့် ဖွန်းကလေးနှင့် နှင်းသက်ဝေ၏ လက်ဖက်ရည် ခွက်ကိုသာ မွှေပေးသည်။

"ကျွန်မ ကိုမျိုးလတ်ကို ယုံကြည်ပါတယ်၊ ဒါပေမယ့် ကိုမျိုးလတ်ရဲ့ အသိုင်းအဝိုင်းကို မယုံရဲဘူး"

"ကိုယ့် အဝန်းအဝိုင်းကို မဝေက သိနေလို့လား"





"စုံစမ်းဖို့ မလိုဘူးလေ၊ ကိုမျိုးလတ်ရဲ့အသွားအလာ အနေအထိုင်ကို သုံးသပ်လိုက်ရင် အခြေအနေကို သိသာနိုင်တာပဲ"

သည်နေရာမှာ သူ မေမေ့အကြောင်း ပြောပြဖို့ကို ဘယ်လို စိတ်မကူးခဲ့ပေ။

"တစ်ခါတစ်ခါပေါ့လေ၊ ကိုမျိုးလတ်အကြောင်း ကျွန်မ မစဉ်းစားချင်ပါဘူး"

"အဲသလိုတော့ စိမ်းစိမ်းကားကား မဖြစ်ပါနဲ့ မဝေ ရယ်"

"မဟုတ်ဘူး၊ ကျွန်မ မစဉ်းစားဘူးလို့ ပြောတာက ကိုမျိုးလတ် အဝန်းအဝိုင်းကို ပြောတာပါ"

"ကိုယ်အားလုံးကို စဉ်းစားဆုံးဖြတ်ပြီးမှ မဝေကို ချစ် တာပါ"

နှင်းသက်ဝေ ပင့်သက် ဖွဖွချသည်ကို သူမြင်သည်။

သူဖျော်ပေးထားသည့် လက်ဖက်ရည်ကို တစ်ငုံမော့ သောက်ပြီး သူမျက်နှာကို တွေတွေကလေးကြည့်၏။

"ကျွန်မမှာလည်း အသည်းနှလုံးနဲ့ပါ ကိုမျိုးလတ် ရယ်"

"ဝမ်းသာလိုက်တာဗျာ၊ အဖြေလို့ ကိုယ်မှတ်ယူလိုက် တော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းဆိုးတန်းလမ်းရဲ့ နံနက်ပိုင်းသည် သူနှလုံးသားအတွက် အင်အားများဟု သူသုံးသပ်လိုက်သည်။

နှင်းသက်ဝေကို ရှုံးလိုက်ပို့ပြီး ညနေအပြန်မှာတော့ နှင်းသက်ဝေက သူ့ကို ကိုမျိုးလတ်ဟု မခေါ်တော့ချေ။

'ကိုလတ်'တဲ့လေ...။

သည်အခေါ်အဝေါ်ကို ဒေဝီလည်းခေါ်တာပဲ။

ဒါပေမယ့်...

နှင်းသက်ဝေ ခေါ်တာကပိုပြီး အဓိပ္ပာယ်ရှိပါတယ်။

☆ ☆ ☆



[ ၁၃ ]

အချစ်ကို နှစ်ဦးနှစ်ဖက် ဆုံးဖြတ်ကြပြီး ရက်သုံးဆယ်ပြည့်မြောက်တွင် နှင်းသက်ဝေက သူ့ကို အိမ်ခေါ်သွားသည်။ သူမ၏ခင်နှင့်သူ့ကို တရားဝင် မိတ်ဆက်ပေး၏။

"ဒါ ဝေ့ရဲ့ မေမေပါ၊ ကိုလတ်မေမေ့ကို မြင်ဖူးတွေ့ဖူးနေမှာပါ"

သူက ခေါင်းညိတ်ပြသည်။

နှင်းသက်ဝေ မေမေက သူ့ကို ပြုံးပြ၏၊ သူနှင့်ပတ်သက်သော အကျိုးသင့်အကြောင်းသင့် စကားများကို နှင်းသက်ဝေက သူမ၏ မေမေအား ပြောပြထားဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့နာမည် ဒေါ်ခင်နှင်း ဆိုတာကိုလည်းကိုလတ် သိထားပြီးပါပြီ၊ ကိုလတ်ကို ဝေပြောခဲ့သလို ဝေတို့က သားအမိနှစ်ယောက်ထဲပဲလေ၊ ဖေဖေဆုံးသွားတော့ ဝေတို့ ဘဝပျက်မတတ် ခံစားခဲ့ကြရတာ၊ နောက်တော့ ဖေဖေ့အတွက်ရတဲ့ ဂရုဏာကြေးရယ်၊ အိမ်ဆိုင်လေးဖွင့်ပြီး ရောင်းလို့ရတဲ့ အမြတ်အစွန်းလေးရယ်ပေါင်းပြီး ဝေတက္ကသိုလ်ပညာကို သင်ခဲ့ရတာ၊ ကုမ္ပဏီမှာ အလုပ်ရတော့ အရင်ကထက်ပိုပြီး အသက်ရှူချောင်တာပေါ့လေ၊ ဒါပေမယ့် အိမ်ဆိုင်လေးကိုတော့ ဘယ်လိုမှ လက်လွှတ်လို့မရပါဘူး"

နားထောင်ရင်း သူခေါင်းညိတ်သည်။

နှင်းသက်ဝေ မေမေက စကားနည်းသူပီပီ မောင်မျိုးလတ် အေးအေးဆေးဆေးနေနော်ဟုဆိုပြီး အခန်းထဲဝင်သွား၏။

"ဝေ မေမေကို ကိုလတ်နဲ့ပတ်သတ်လို့ အကုန်ပြောထားပါတယ်၊ မေမေကတော့ ဝေ့ သဘောဆန္ဒ တစ်ခုပါ၊ ဒါပေမယ့် ကိုလတ်ဝေ့ကို တစ်နှစ်လောက်တော့ စောင့်ပါနော်၊ ဝေဘွဲ့တစ်ခုကို ထပ်ယူပါရစေ၊ မေမေ့ကိုလည်း ကိုယ်ရှာဖွေတဲ့ငွေနဲ့ လွတ်လွတ်လပ်လပ် လုပ်ကျွေးပါရစေ"





"တစ်နှစ်ထက်တော့ တစ်ရက်တောင် မစွန်းရဘူးနော်"

"စိတ်ချပါ၊ ဝေကစကားကို ဆိုခဲ့စေမြဲစေ လူစားပါ၊ စိတ်ခတ်ခိုင်ကျည်တဲ့ ဝေပါ"

ပြောပြီး နှင်းသက်ဝေက မြူးသည်။

"ခုနေတဲ့ အိမ်ကလေးက အိမ်ပိုင်ဟုတ်ဘူးဆိုတာ ကိုလတ်သိတယ်နော်"

"ပြောစရာမလိုတဲ့ စကားတွေပါ"

"သိထားစေချင်လို့ပါ၊ ဝေတို့သားအမိမှာ မြေကလေး တစ်ကွက်တောင် ပိုင်ဆိုင်မှုမရှိပါဘူး၊ သည်အိမ်ခန်းလေးကိုလည်း စပေါ်နည်းနည်းနဲ့ ငှားလို့ရထားတာ၊ အိမ်ခန်းပိုင်ရှင် အန်တီကြီးက ဖေဖေ့သူငယ်ချင်းလေ၊ အခန်းငှားခတွေ ဈေးကြီးနေတဲ့အချိန်မှာ စတော်လည်း တိုးမတောင်းဘူး၊ လခလည်း တိုးမယူဘူး၊ ကြီးမားတဲ့ ကျေးဇူးတွေပါပဲ"

သူ့ရင်ထဲမှာ မကောင်းတော့ ဖြစ်ရသည်။

သို့သော်လည်း နှင်းသက်ဝေတို့ဘဝ ချို့တဲ့သည်ဆိုသော်လည်း ပိုပိုလျှံလျှံသုံးစွဲနိုင်ခြင်း မရှိသည်လောက်သာ ဖြစ်ပါ၏။ အနေအထိုင်တည်ငြိမ်မှုက သူမ၏ အဆင့်အတန်း ပိုင်းကိုလည်း ဖြည့်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်...

သူ နှင်းသက်ဝေ ဘဝကို မာနသည်။ ညှာတာသည်၊

"ရင်ထဲကမြတ်နိုးမှုနဲ့ ကိုလတ်အချစ်ကို လက်ခံခဲ့ရတာပါ၊ အစစအရာရာမှာ အားငယ်ရတယ်လေ၊ ဘဝချင်းမတူသလို အလှချင်းလည်း မတူဘူးမို့လား၊ ဝေ့ကို ကိုလတ်ချစ်တာ ကိုလတ်မေမေသာ သိရင် စိတ်အရမ်းထိခိုက်မှာပဲ"

"ဒါတွေကို မစဉ်းစားပါနဲ့ဝေ၊ ဝေ့ကိုချစ်တာ နှလုံးသွေးနဲ့ချစ်တယ်လို့ ပြောရမှာထက် သတ္တိသွေးကို မွေးပြီး ချစ်တာလို့ပြောရမှာပါ၊ နောက်ပြီး ဖြစ်ပေါ်လာမယ့် အခြေအနေ အရပ်ရပ်ကို နားလည်ပြီး ချစ်တာပါ၊ စိတ်ချပါဝေ၊ ဝေ့ကိုချစ်တဲ့အချစ်နဲ့ ကိုယ်အရာရာကို ရင်ဆိုင်ဝံ့ပါတယ်"

"ဝေ ဝမ်းသာတော့မယ်နော်"

"အစောကြီးကတည်းကလည်း ပြောခဲ့သားပဲ ဝေရယ်"

**နှင်းသက်ဝေ၏ တောက်တောက်ပပ အပြုံးကြောင့် သူ့ရင်တစ်ခုလုံး ပေါ့ပါးနေ၏။**





နံနက်စာ စားချိန်ရောက်မှာ 'ဝေ့လက်ရာကို ကိုလတ်စားကြည့်ရမယ်' ဆိုသဖြင့် နံနက်စာကို သူနှင်းသက်ဝေနှင့်အတူစားခဲ့သည်။

"သူဌေးအိမ်မှာလိုတော့ ဟင်းက ဖွယ်ဖွယ်ရာရာ မရှိဘူးပေါ့"

"မျက်နှာမြင်တာနဲ့ကို ထမင်းက အလိုလို စားကောင်းနေတာ"

"သည်စကားကို တစ်သက်တာ ထာဝရ ကြားနေရပါစေလို့ ဝေဆုတောင်းပါတယ်"

စားသောက်ပြီး နှင်းသက်ဝေက သူ့မမေမေထံ ခွင့်ပန်သည်။ စီစဉ်ထားသည့်အတိုင်း မင်္ဂလာရုံမှာ ရုပ်ရှင်ကြည့်ရန် သွားစီစဉ်ပြီး လာခဲ့၏။

ရုပ်ရှင်ရုံထဲရောက်တော့ နှင်းသက်ဝေက...

"ဝေ့ကိုချစ်မှ ကိုလတ်လည်း အငှားကားစီးဖူးတော့တယ်နော်"

"ကိုယ့်ကား ယူလာခဲ့မယ်ဆိုတာ ဝေကမှလက်မခံဘဲ"

နှင်းသက်ဝေက ပြုံးရင်း...

"စီးရမှာ စိတ်မလုံပါဘူး ကိုလတ်ရယ်၊ အသိတစ်ယောက်ယောက်တွေ့လို့ နှင်းသက်ဝေတို့ကာ...



www.burmeseclassic.com

www.burmeseclassic.com



ယုန်မြင်လို့ ဒီချုံထွင်ပြီး မျိုးလတ်ကို ဖမ်းတာဆိုတဲ့
စကားလည်း အပြောမခံနိုင်ဘူး၊ လိုင်းကားတိုးဝွေစီး
ရတာပဲ စိတ်ချမ်းသာပါတယ်"

ရိုးသားသော စကားများဖြစ်သော်လည်း သူ့ရင်ထဲမှာတော့ မြွေမြွေကလေး ခံစားရသည်။ သူ့ဆန္ဒက နှင်းသက်ဝေသည် သူ့နှင့်မအားအတူပူအမျှ ရှိစေချင်ပါ၏။

ဘာပဲဖြစ်ဖြစ်...

သည်နေ့သည် သူနှင့်နှင်းသက်ဝေအတွက် အမှတ်ရဖွယ်သော ပျော်ရွှင်စွာ နေ့ရက်တစ်ရက် ဖြစ်ခဲ့သည်။

☆ ☆ ☆



[ ၁၄ ]

အိပ်ခန်းတံခါးကို ဂျက်မချဘဲထားကျင့်ရှိသည်ကိုက မိမိအတွက် မှားပြီးရင်း မှားသော အမှား။

သူက မထူးဘဲ ဒေဝီ့မျက်နှာကို စေ့စေ့ကြည့်လိုက်၏။

"မနေ့က ဘာနေ့လဲ"

"တနင်္ဂနွေနေ့လေ၊ နင်မသိရင် ပြက္ခဒိန်မှာ သွားကြည့်ဖို့ကောင်းတယ်၊ အပေါ်ထပ် တကူးတက တက်လာပြီးမေးဖို့တောင် မလိုဘူး"

"ဟင်း... ဟင်း... ကိုလတ်က သိပ်မင်ရသတာပဲ၊ တနင်္ဂနွေနေ့ရဲ့ အနက်အဓိပ္ပါယ်တစ်ခုခုကို ကိုလတ် တကယ် မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။

ဖျက်လုနီးပါး ဖြစ်သွားသော မျက်နှာကို ဒေဝီက ချက်ခ
အကဲခတ်မိပုံရ၏။

"သို့ကလေးက ဘယ်သူလဲ"

"ဘယ်က သူကလေးလဲ"

"ဖြူဖြူချောချော၊ တောင့်တောင့်လှလှ ကောင်မလေးလေ၊ ရှည်လျားနက်မှောင်တဲ့ ဆံပင်ကတော့ တကယ်ကို စွဲဆောင်အား ကောင်းပါတယ်"

သူ ပါးစပ် အဟောင်းသား ဖြစ်နေဆဲမှာပင်...

"ရွှေပုလွန် အအေးဆိုင်ရဲ့ ညာဘက်ကောင့် အခန်းမှာလေ၊ မှာသောက်နေတဲ့ အအေးရဲ့ အမျိုးအမည်ကိုတောင် ဒေဝီက သိတယ်"

"ဒါ... ဒါ..."

"ဘာလဲ၊ ဒါ ငါ့မိတ်ဆွေ ငါ့သူငယ်ချင်းလို့ ကိုလတ် ပြောမလို့လား၊ လုံးဝပဲ၊ လိမ်ညာဖို့ကို မကြိုးစားနဲ့၊ ချစ်သူလား၊ သူငယ်ချင်းလား ဆိုတာကို မျက်လုံးအရောင်တွေက ခွဲခြားလို့ရတယ်"

"တို့ ရိုးရိုးသားသား ခင်ကြတာပါ ဒေဝီ၊ ဒီကိစ္စတွေကို နင်မေမေ့ကို ဘာမှ ပြန်မပြောပါနဲ့ဟာ"





"သိပ်ကြောက်မနေနဲ့ ကိုလတ်၊ ကိုလတ်ရဲ့ချစ်သူပဲဖြစ်ဖြစ် သူငယ်ချင်းပဲဖြစ်ဖြစ်၊ ဒေဝီ စိတ်မဝင်စားဘူး၊ ဒေဝီ နားလည်ထားတာက ဒီသော်ကမြိုင်ကို အန်တီမေက ဘယ်သူ့စိမ်းကိုမှ အဝင်မခံဘူးဆိုတာပဲ"

ပြောပြီး ဒေဝီက ထိုင်ရာမှ ထလိုက်သည်။

အခန်းထဲမှ ပြန်ထွက်မည်အပြုတွင် ဒေဝီ၏ လက်မောင်းအပြေးကလေး လိုက်ဆွဲရ၏။

"ကျောင်းတုန်းက သူငယ်ချင်းပါ ဒေဝီရာ၊ မေမေ့ကိုတော့ ပြန်မပြောပါနဲ့ဟာ... နော်"

"စိတ်ချ၊ ဒေဝီကြောင့်တော့ အန်တီမေ လုံးဝမသိစေရဘူး၊ သူဖါသာသူ သိသွားရင်တော့ ဒေဝီအပြစ်လွတ်တယ်ဆိုတာကို ကိုလတ် ယုံကြည်ပေးရမယ်"

ဒေဝီ အောက်ထပ်သို့ အပြေးကလေး ဆင်းသွားသည်။

တစ်ညနေလုံး သူ့စိတ်တွေ လေးလံနေပြီး ညဘက် မေမေ အတူ ကော်ဖီသောက်တော့ သူမေမေ့ မျက်နှာကိုစေ့စေ့ မကြည့်ရဲတော့ချေ။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[ ၁၅ ]

"အအေးဆိုင်ထဲမှာ ဒေဝီရှိနေတာကို မင်းက လုံးဝ မသိဘူးလား"

"ငါဘယ်လို ဂရုထားကြည့်မိမလဲ မျိုးမြင့်လူရာ၊ ဘယ်နေရာ၊ ဘယ်စားပွဲကထိုင်ပြီး ကြည့်နေမှန်းတောင် ငါမသိဘူး"

ဒေဝီ့ အရေးကိစ္စက သေးသေးကွေးကွေး မဟုတ်သည်ကိုတော့ မျိုးမြင့်လူ နားလည်သဘောပေါက်မည်။ မေမေ့ကို ပြန်မပြောဘူးဟု ဘယ်လိုပဲ နှုတ်ထွက်စကားဆိုဆို စိတ်ချရတဲ့အဆင့်မှာတော့ လုံးဝ မရှိ။ ဒါကို မျိုးမြင့်လူလည်း တွေးမိဟန်တူသည်။





"အန်တီမေကို ပြန်မပြောဘူးဆိုတဲ့ စကားအပေါ်မှာတော့ လုံးဝ ယုံကြည်ထားလို့ မရဘူး လတ်ဦး"

"ငါလည်း တွေးထားပါတယ်၊ သူနယ်ပယ်ကို လုလာမယ့် သူတစ်ယောက်ကို ဒေဝီ ငြိမ်ငြိမ်သက်သက်ကလေး ကြည့်နေမှာတော့ မဟုတ်ဘူး"

ပွဲစားတန်းမှာ ကားတွေက အရောင်သွေးစုံ။ တစ်စီးဝင် တစ်စီးထွက်နှင့် ဝယ်ရောင်းတွေ သွားလာလှုပ်…နေချိန်မှာ ကုက္ကိုပင်ကြီးအောက် အအေးဆိုင်မှာ သူက မျိုး…လူကို အကျိုးကြောင်း ပြောပြနေဖြစ်သည်။

"မေမေ့ကို အကဲခတ်တော့ သိပ်ပြီး ထူးခြားမှုတော့ မရှိလှဘူး"

"ဒေဝီက အန်တီမေကို ပြောပြထားပြီး၊ အန်တီမသိလိုက် ဘာသာနေလို့ နှုတ်ပိတ်ထားလားမှ မသိတာ"

သည်စကားကတော့ ဖြစ်နိုင်ချေရှိသည်။

အအေးကို မျှင်းသောက်ရင်း သူအတွေးတွေ ယောက်…က်ခတ်နေရသည်။

"နှင်းသက်ဝေကို ဒေဝီအသေအချာ မှတ်မိသွားမှာတော့ အမှန်ပဲ"

"ဟုတ်တယ် မျိုးမြင့်လူ"



www.burmeseclassic.com

www.burmeseclassic.com



"နှင်းသက်ဝေ ဘယ်မှာနေတယ်၊ ဘယ်မှာလုပ်တယ် ဆိုတာကိုတော့ မသိဖို့လိုတယ်၊ မင်းတို့နှစ်ယောက် တလည်း အသွားအလာဆင်ခြင်ပေါ့၊ ကိုယ်မှာလည်း ကားရှိတာ ကားနဲ့သွားလာရင် လူအမြင်သက်သာ တာပေါ့"

"အဲဒီကိစ္စကို နှင်းသက်ဝေကို ဘယ်လိုမှ ဖျောင်းဖျလို့ မရဘူး၊ သူက မျိုးလတ်ဆိုတဲ့လူကိုပဲ စိတ်ဝင်စား တာတဲ့၊ မျိုးလတ်ရဲ့ အဆောင်ယောင်တွေကို စိတ်မ ဝင်စားဘူးတဲ့"

"အင်း... နှင်းသက်ဝေက တော်တော် အကြောမာ တာပဲ"

"ဟုတ်တယ် မျိုးမြင့်လူ၊ သူ ငါ့ကို ချစ်တယ်ဆိုတာ အဖြေပေးတဲ့နေ့က မှတ်မှတ်ရရလေးဖြစ်အောင် စိန် လော့ကက်သီးနဲ့ တစ်ကျပ်ခွဲသား ရွှေဆွဲကြိုး လက် ဆောင်ပေးတာကို မယူဘူးကွာ၊ အတင်းပေးဖို့လည်း မကြိုးစားပါနဲ့တဲ့၊ ဝေ လွှင့်ပစ်လိုက်မိမှာ အမှန်ပဲတဲ့၊ ရတနာပစ္စည်းပေးတာထက် ကိုလတ်ကဝေ့ကို သစ္စာ ကြီးကြီးနဲ့ချစ်ပါတဲ့"

မျိုးမြင့်လူ ပြုံးနေ၏။





ညနေစောင်းလောက်မှာ ကားပွဲစားတစ်ယောက် ရောက် လာပြီး မျိုးမြင့်လူ့ကားကို ဆိုင်သည်။

သူ မျိုးမြင့်လူကို နှုတ်ဆက်ပြီး ကားပေါ်တက်တော့...

"ညဘက် ငါလာခဲ့မယ် လတ်ကြီး"

"ကောင်းပြီလေ၊ ငါလည်း ခုတလော ညတွေမှာ အိပ် မပျော်ဘူး"

ကားကို မောင်းထွက်ခဲ့သည်။

ဟံသာဝတီလမ်းမကြီးအတိုင်း ဆင်းခဲ့ပြီး ဦးဝိစာရ လမ်း ဆီသို့ ကားကို ဦးတည်လိုက်၏။

သည်နေ့လာမကြိုဘူးဆိုတာကို မနေ့ကတည်းက သူ နှင်းသက်ဝေကို ပြောထားခဲ့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



[ ၁၆ ]

အောက်ထပ်မှာ ဒေဝီရောက်နေသည့်ဆိုသည့် အကြောင်းကို မိသိန်း လာပြောသည်။ ဒေဝီတို့ခြံနှင့် သော်ကမြိုင်က လမ်းဟိုဘက်ထိပ် သည်ဘက်ထိပ်ဖြစ်သဖြင့် သော်ကမြိုင်ကို ဒေဝီ လာချင်သည့်အချိန်လာနိုင်ခြင်းက သူမအတွက် အခွင့်သာနေ၏။

"ငါ့ကို မေးရင် မရှိဘူး ပြောလိုက်ဟာ"

"အမလေး မပြောရဲပါဘူး ကိုလေးရယ်၊ ကိုလေးကို တကယ်ရှာလို့ ဒွေ့သွားရင် ကျွန်မက ခွေးပြော ဝက်ပြော အပြောခံနေရမှာ"

"နင်တို့ကလည်း ဒေဝီကို ဒီလောက်တောင် ကြောက်ကြရသလားဟာ"





ဒေဝီ၏ မိုက်ရိုင်းမှုတွေကတော့ အတော်ကို ကမ်းကုန်...ဖြစ်၏။ ဒေဝီ ရောက်လာလျှင်လည်း မိသိန်းခမျှာ နေစရာ... ထမင်းချက်ကြီး ဒေါ်တာတူး အနားမှာ ဟိုလိုလို သည်လို...နှင့် နေနေရရှာသည်။

"သွား... သွား၊ နင်သွားတော့၊ ငါ့ကိုမမေးရင် ဘာမှမ ပြောနဲ့သိလား"

"ဟုတ်"

မိသိန်း အောက်ထပ် ပြန်ဆင်းသွားသည်။

မကြာပါဘူး...

ကိုလတ်၊ ကိုလတ်ဟု အော်ခေါ်ပြီး အပေါ်ထပ်သို့ အပြေး...လေးတက်လာသည့် ခြေသံကို ကြားရ၏။

သူ့အိပ်ခန်းတံခါးကို အသာကလေး ဂျက်ချထားသော်...သည်း...

"ဒုံး... ဒုံး... ဒုံး"

အပြင်ဘက်မှ တံခါးကို လက်သီးနှင့်ထုသံက အဆက်မ...ပြတ် ပေါ်လာသည်။

သူ အိပ်ခန်းတံခါးကို ဖွင့်ပေးလိုက်ရ၏။

"ဘယ်လိုဖြစ်နေတာလဲ ဒေဝီ"

"ဘယ်လိုမှ မဖြစ်ဘူး၊ ဗိုလ်တစ်ထောင်ဘုရားသွားမယ်၊ လိုက်ပို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟ... သည်လောက် နေပူကြီးဟာ"

"ခုသွားမှာ မဟုတ်ဘူး၊ ညနေသွားမှာ၊ အပြန်မှာ ရွှေတောင်တန်းလမ်းမှာ ကြေးအိုးသောက်မယ်"

"ညနေ ငါမအားဘူး ဒေဝီ"

"ဘာလဲ၊ ဆံပင်ရှည်ရှည်မနဲ့ ချိန်းထားလို့လား"

"နင်ထင်ရာမြင်ရာတွေ လျှောက်ပြောမနေနဲ့ ဒေဝီ၊ ခုဆို ငါအရင်လို အားနေတာ မဟုတ်ဘူး၊ မေမေ့ကုမ္ပဏီလုပ်ငန်းတွေကို လေ့လာရင်း ဝိုင်းကူနေရတယ်"

"ဒီမယ် ကိုလတ်၊ လူကြားသူကြားကောင်းအောင် လျှောက်ပြောမနေနဲ့ သိလား၊ ကိုလတ်အိမ်ထောင်ကျတဲ့နေ့ဟာ အန်တီမေရဲ့ စီးပွားရေးလုပ်ငန်းတွေကို တရားဝင်ပုခုံးလွှဲပြောင်း ယူရမယ့်နေ့ပဲ၊ အဲဒီနေ့တာလည်း ကိုလတ်အတွက် မဝေးတော့ဘူးဆိုတာ သိရဲ့လား"

သည်စကားများအပေါ်မှာ ဒေဝီ၏ ဟန်ပန်သည် သွက်လက် ချက်ချာနေ၏။

"ငါ နင့်ကို တောင်းပန်ပါတယ် ဒေဝီ"

"ဘာကို တောင်းပန်တာလဲ"





"ငါသည်ညနေ မအားလို့ပါဟာ"

"ဒေဝီက သွားမယ်ဆိုတဲ့ နေရာကို သွားရမှ ကျေနပ်တာကိုလတ်၊ ကိုလတ် လိုက်မပို့ရင် ဆံပင်ရှည်ရှည်နဲ့ မိန်းမကိစ္စကို အန်တီမေကို ပြောပြလိုက်မယ်"

"ဟာ... အဲသလိုတော့ မလုပ်နဲ့လေဟာ"

"ဒါဖြင့် ညနေလာခေါ်၊ အလှပြင်ပြီး ခြံထဲက ခုံပေါ်မှာ ထိုင်စောင့်နေမယ်"

ဒေဝီ ပြန်သွားသောအခါ သူ နှင်းသက်ဝေဆီ ဖုန်းဆက်သည်။ ညနေလာမကြိုနိုင်တာကို ပြောပြတော့...

"ဒါများ ခွင့်ပန်နေစရာမလိုပါဘူး ကိုလတ်ရယ်၊ အကြောင်းကိစ္စဆိုတာ မမျှော်လင့်တဲ့ အချိန်မှာ မထင်မှတ်သလို ပေါ်လာတတ်တာပဲ၊ ဝေ နားလည်မှု ရှိပါတယ်"

"ကိုယ်က ဝေ စိတ်ဆိုးမှာကို စိုးရိမ်တာပါ"

"ဆိုးစရာ အကြောင်းမှ မဟုတ်တာ၊ ဘယ်လို စိတ်ဆိုးရမှာလဲ ကိုလတ်ရဲ့၊ ဖုန်းဆက်ပြီး ဂရုတစိုက်ပြောတာကိုပဲ ဝေက ဝမ်းသာနေရပြီ"

"ဝေဟာ ကိုယ့်ကို အရာရာ နားလည်ခွင့်လွှတ်နိုင်သူပါပဲဝေ"



www.burmeseclassic.com

www.burmeseclassic.com



"ပိုပြီး နားလည်နိုင်အောင် ဝေ ကြိုးစားနေပါသေးတယ်"

"ကျေးဇူးပါပဲဝေ၊ ကိုယ်ဖုန်းချလိုက်တော့မယ်နော်"

"ကောင်းပါပြီ ကိုလတ်"

ဖုန်းချလိုက်တော့မယ်ဟု ဆိုဖြစ်သော်လည်း တကယ်တ... ကျ နှင်းသက်ဝေ ဖုန်းအရင်ချသွားတော့မှ ဖုန်းခွက်ကို အသ... ပြန်တင်လိုက်သည်။

ညနေစောင်းမှာ ဒေဝီ့ကို ဝင်ခေါ်ပြီး ဗိုလ်တထောင်ဘု... ပို့သည်။ ဆိပ်ခံဘောတံတားမှာ လေညှင်းခံချင်သည် ဆိုသ... ဆန္ဒကို လိုက်လျောရသေး၏။

ဒေဝီ စကားတွေ ဆိုဖွဲ့သော်လည်း သူ့စိတ်တွေ လန်းဆ... မှုမရှိသည်ကတော့ အဆန်း မဟုတ်။ အဘယ်ကြောင့်ဆိုမူ ... ထံပါးမှ စကားတိုတာ ပြောနေသူသည် နှင်းသက်ဝေ မဟု... သောကြောင့် ဖြစ်ပါ၏။

☆ ☆ ☆





[ ၁၇ ]

စကားအပေါ်မှာ တုန့်လှုပ်ချောက်ခြားခြင်း မရှိသော်လည်း ...တ်ကတော့ ဝင်စားသွားသည်။

သူ မျိုးမြင့်လူ ပြောပြသည်ကို နားစိုက်ထောင်နေမိ၏။

"အရွယ်က တို့အရွယ်ပဲ လတ်ကြီး၊ အဲဒီကောင် လက်မောင်းကို တင်းတင်းကြပ်ကြပ်ကြီး ဖက်တွယ်ထားတာများ ရင်တုန်ဖို့ကောင်းတယ်၊ လူတွေက အများကြီးဆိုတော့ သူတို့နောက်မှာ ငါကပ်ပါလာတာကို ဒေဝီ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေး သူငယ်ချင်း အဖေါ်များလား"

"နှစ်ယောက်ထဲကွာ၊ ပုံစံက သူငယ်ချင်းဖြစ်နိုင်တဲ့ ပုံစံမျိုး မဟုတ်ဘူး၊ ငါလူကဲခတ် မညံ့ပါဘူး"

"ငါ ဒီအကြောင်းတွေကို မေမေ့ကို ပြောပြချင်တယ်"

"ကောင်းတာပေါ့"

"ဒါဖြင့် ငါ ညနေ မင်းနဲ့ဘီယာ လိုက်မသောက်တော့ဘူး၊ မင်းကိုလည်း ညပိုင်းမှာ အိမ်မှာရှိစေချင်တယ်"

"ကိစ္စက"

"မဟုတ်ဘူး၊ လိုလိုမယ်မယ်ပါ"

"ငါလည်း အိမ်ကို ခပ်စောစောပြန်မှာ၊ အမေ သိပ်နေမကောင်းဘူး"

"ဟုတ်လား... ဂရုစိုက်ကွာ၊ မင်းနဲ့ငါက အဖမဲ့တဲ့ဘဝတူပဲ၊ မင်းထက်သာတာတစ်ခုက မေမေရှာတာကို ငါထိုင်ဖြုန်းနိုင်တာ တစ်ခုပါပဲ"

မျိုးမြင့်လူကို နှုတ်ဆက်ပြီး သူ သော်ကမြိုင်ကို ပြန်ခဲ့သည်။ သူ ပြန်ရောက်တော့ မေမေ ပြန်မရောက်သေး။ ညနေ အချော လေးစောင်းလောက်မှ မေမေ အလုပ်တိုက်က ပြန်ရောက်လာ

ညနေစာကို မေမေနှင့်အတူ စားသောက်ပြီး ညခင်း စိတ်အေးလက်အေး ထိုင်ဖြစ်တော့မှ...





"သည်နေ့ ဒေဝီကို အမျိုးသားတစ်ယောက်နဲ့ သမ္မတ ရုပ်ရှင်ရုံမှာ တွေ့တယ်မေမေ"

မေမေက မျက်မှောင်ကြုံ့ပြီး...

"သား တွေ့တာလား"

"ကျွန်တော်တွေ့တာ မဟုတ်ဘူး၊ မျိုးမြင့်လူ တွေ့တာ"

မျိုးမြင့်လူ သူ့ကိုပြောပြသည့် ပုံစံအနေထားအတိုင်း သူက မေမေ့ကို ပြန်ပြောပြသည်။ မေမေ စိတ်ဝင်တစား နားထောင်သည်ကိုတော့ သူ ကျေနပ်နေမိ၏။

"သေချာရဲ့လား"

"မျိုးမြင့်လူက စကားကို တည်တည်ကြည်ကြည် ပြောတတ်တယ်ဆိုတာ မေမေလည်း သိသားပဲ၊ မေမေ ကိုယ်တိုင် မေးချင်ရင် ကျွန်တော်သူ့ကို ဖုန်းဆက် ခေါ်လိုက်မယ်လေ"

"သူ့အိမ်မှာ ဖုန်းရှိလို့လား"

"သူ့ဘေးအခန်းက စတိုးဆိုင်မှာ ဖုန်းရှိတယ်၊ အရေးပေါ် ခေါ်လို့ရအောင် ကျွန်တော့်ကို ဖုန်းနံပါတ် ပေးထားတယ်"

သူ ထိုင်ရာမှထပြီး တယ်လီဖုန်းရှိရာသို့ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခွက်ကို အာသာမ,ယူပြီး ဂဏန်းကွက်များကို လက်နှင့်အနှိပ်မှာ...

"မဆက်နဲ့သား"

"သူ အိမ်မှာ ရှိမှာပါ မေမေ"

"မဟုတ်ဘူး၊ သည်ကိစ္စကို မေးဖို့လည်း မလိုဘူး"

သူ တအံ့တသြနှင့် ဖုန်းခွက်ကို ချလိုက်၏။

ပြီး မေမေ့ရှေ့မှာ ပြန်လာထိုင်သည်။

"မိတ်ဆွေ အပေါင်းအသင်းဖြစ်မှာပေါ့၊ စိတ်သာယာချင်မှုတစ်ခုနဲ့ ရုပ်ရှင်အတူတွဲကြည့်လည်း ဒေဝီဟာတစ်နေ့မှာ သားကို လက်ထပ်ရမှာပဲ"

ကမ္ဘာပေါ်မှာ သူ မကြားချင်ဆုံးသော စကားကို ကြားရပြန်တော့၏။

☆ ☆ ☆

BURMESE CLASSIC .com



[ ၁၈ ]

လသာလမ်း တစ်ဝိုက်၏ ညနေအေးကို ပျော်ရွှင်နှစ်သက်သည်ဟု နှင်းသက်ဝေက သူ့ကို ပြောသည်။ ရုံးအပြန်ညနေအေးမှာ လသာလမ်းဘက်လျှောက်ရင်း ဆာတေးပူပူနွေးနွေးလေး စားရမည့် အရသာကို မက်မောသည်ဟုလည်း ပြော၏။

"ကိုယ်က ဝယ်တာ၊ မဝယ်တာ အပထား၊ လသာတစ်ဝိုက်က စတိုးဆိုင်တွေဝင်ပြီး ပစ္စည်းတွေကြည့်ရတာကိုလည်းပျော်တယ်"

"ကြိုက်တာ တွေ့လို့ဝယ်ရင် ပိုက်ဆံကုန်တာပေါ့ ကိုလတ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က စေ့အတွက် ပိုက်ဆံကုန်ချင်နေတာ၊ ဝေဘာမှ မဝယ်တာကို စိတ်ထဲက တကယ်ကို မချမ်းသာဘူး"

"လိုမှ မလိုတာ"

"စိန်ဂေဟာထဲက ဝတ်စုံလေ၊ ဝေနဲ့ဘယ်လောက်လိုက်ဖက်လဲ၊ ယူပါဆိုတာကို ကိုင်တောင်မကြည့်ဘူး"

"အတူနေတော့မှ ဝယ်မယ်နော်၊ အတူမနေခင်မှာတော့ ကိုလတ် စေတနာတွေကို လျှော့ထားလိုက်ဦး။ လာ လောလောဆယ် ဝေက ဆာတေးစားချင်နေတယ်"

ရံဖန်ရံခါတွင် နှင်းသက်ဝေမှာ ကလေးဆန်သော အအယာများလည်း ရှိခဲ့သည်။ ဆာတေးကင်ကို ဆိုင်ရှေ့မှာရ စားတတ်သလို လမ်းသွားရင်းဖြင့်လည်း ဆာတေးချောင်းကို ကိုင ဝါးတတ်၏။ သူက ကလေးကျနေတာပဲဟု ဆိုသောအခါ...

"ကိုလတ်ရှေ့မှာ ကလေးတစ်ယောက်လို နေရတာ ပျော်တယ်"

"အစကတော့ မျက်နှာကြီးက တည်လိုက်တာ"

"သည်တုန်းက ချစ်မှ မချစ်ကြသေးဘဲဟာ"





စကားတပြောပြောနှင့် လျှောက်ခဲ့ပြီး နှင်းသက်ဝေ လက်ကို ဆုပ်ကိုင်၍ လမ်းတစ်ဖက်သို့ ဖြတ်အကူးတွင်...

"ကျွိ"

ခြေလှမ်းတုန့်ခနဲ ဖြစ်သွားပြီး နှင်းသက်ဝေ၏ ခါးကို စိုးရိမ်ကြောင့်ကြစွာ သိုင်းဖက်ထားရင်း ဘေးတိုက်အနေထားမှာ ရှိနေသည့်ကားကို ဒေါသဖြင့် လှမ်းအကြည့်...

"ဟင်... မေမေ"

သူ့ရင် တစ်ခုလုံး ထိန်းချုပ်မဲ့စွာ တုန်လှုပ်သွားသည်။

မေမေက ဒရိုင်ဘာကြီး ဦးစံမောင်ကို အမိန့်တစ်ခုပေးလိုက်ဟန်တူပါ၏။ ဦးစံမောင်က ကားကို ရှေ့ပလက်ဖေါင်းနံဘေးသို့ ထိုးရပ်လိုက်သည်။

ကားတံခါးဖွင့်ပြီး မေမေ ဆင်းလာ၏။

နှင်းသက်ဝေက စိုးရွံ့ပူပန်စွာ သူ့လက်ကို ဆုပ်ကိုင်ထားသည်။ မေမေက နှင်းသက်ဝေကို အေးစက်စွာကြည့်ရင်း...

"နှင်းသက်ဝေ ဆိုတာလား"

"ဟုတ်... ဟုတ်ပါတယ် အန်တီ၊ နှင်းသက်ဝေပါ"

ဖျံ့ဖြိုးဖွယ်ရာတော့ ကောင်းသည်။

အေးစက်မာကြောနေရာမှ မေမေ့မျက်နှာပေါ်သို့ အပြုံးရှတ်ချည်းရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မြင်ရခဲ့သော အပြုံး၏ နောက်ကွယ်
သက်ရောက်လာမည့် အစိပ္ပာယ်များကိုတော့ သူတွေးပြော
နေမိသည်။

"အင်း... သားက ခဏခဏ ပြောတယ်၊ မမျှော်လင့်
ဘဲ တွေ့ရတော့ ဝမ်းသာရတာပေါ့ကွယ်၊ ကဲ...
ကားပေါ်တက်ကြ နှင်းသက်ဝေ အိမ်ပြန်မှာမို့လား"

"ဟို... ဟိုလေ၊ ရပါတယ်အန်တီ၊ ဝေတို့ လိုင်းကား
စီးပြီး ပြန်ပါ့မယ်"

မေမေ ရယ်၏။

သည်အရယ်ပေါ်မှာလည်း သူ သံသယ ဖြစ်ရသည်၊
မေမေ့စကားကို ငြင်းဆန်ခေါင်းခါလျှင် ဖြစ်ပေါ်လာမည့်
အခြေအနေကို သူ နားလည်၏။

နှင်းသက်ဝေကို အားပေးကြည့်ကြည့်ပြီး မျက်ရိပ်ပြ၍ ကား
ပေါ်သို့ အတူတက်လိုက်သည်။

ကားဘီးအလိမ့်တွင် မေမေသည် နှင်းသက်ဝေကို ရှေ့ခန်း
မှန်ချပ်ကလေးမှနေ၍ အကဲခတ်ကြည့်သည်ကို သူသိ၏။

နှင်းသက်ဝေက ဘယ်မှာနေတာလဲကွယ်ဆိုသည့် အမေ
စကားကမူ တည်ငြိမ်အေးစက်လွန်း၏။

နှင်းသက်ဝေက ရပ်ကွက်နှင့်လမ်းကို ပြောပြသည်။





နှင်းသက်ဝေတို့ အိမ်ရှေ့ကားရပ်တော့ မေမေက အိမ်အ
ခြေအနေကို မျက်လုံးတစ်ချက်မျှသာ ဝေ့ကြည့်၏။

"အိမ်ပေါ်တက်ပါဦးလား အန် ..."

"မထိုင်တော့ဘူး နှင်းသက်ဝေ၊ အလုပ်တိုက်ကနေ
အိမ်ပြန်ရောက်ရင် စိတ်အေးလက်အေး အနားယူ
လိုက်ရမှ အန်တီက နေသာထိုင်သာရှိတာ"

နှင်းသက်ဝေက သူ့မျက်နှာကို လှမ်းကြည့်၏။

သွားမယ်နော်ဝေဆိုသည် သူ၏ နှုတ်ဆက်မှုက အင်အား
နည်းသည်ကိုတော့ သူကိုယ်သူသိသည်။

သော်ကမြိုင်ကို ပြန်ရောက်သောအခါ မေမေ၏ အပြုမူ
သည် သူ့အတွက် ပိုမို၍ ထူးခြားဖွယ်ရာ ဖြစ်နေတော့၏။

မေမေသူ့ကို ဆူပူခြင်းမရှိ။

နှင်းသက်ဝေနှင့် ပတ်သက်သည့် အကြောင်းတစ်စုံတစ်
ရာကိုလည်း ပြောဆိုခြင်းမရှိ။

သူ မေမေ့ကို နားလည်ခက်စွာ ဖြစ်နေရတော့၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[ ၁၉ ]

ဟွန်းသံကြားကတည်းက အိမ်က ကားမှန်းသိသည်။

မေမေ ပြန်လာပြီကိုလည်း စိတ်ကသိလိုက်၏။

ကားတံခါးဖွင့်သံ၊ မိသိန်းကို မေမေ အမိန့်ပေးသံများကို ဆက်တိုက်ကြားနေရသည်။

အခန်းထဲမှာ မဂ္ဂဇင်းဖတ်နေရာမှထပြီး သူ အောက်ထပ်သို့ ဆင်းခဲ့၏။

ဧည့်ခန်းတွင် မေမေ့ကို စက္ကူထုပ်ကြီးနှစ်ထုပ်နှင့် တွေ့ရသည်။





"ဘာတွေလဲ မေမေ၊ မနိုင်မနင်းနဲ့ပါလား၊ ဟဲ့... မိသိန်း၊ မေမေ့ကို ဝင်ကူလေ"

"နေ... နေ... ရတယ်၊ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်၊ ဟူး... မောလိုက်တာကွာ၊ သားရေးသမီးရေးကိစ္စမှာ မိဘတွေ တကယ်ကို ပင်ပန်းရတာပဲ"

သူ မေမေ့ မျက်နှာကို နားမလည်သလို ကြည့်၏။

မေမေက မသိကျိုးကျွံပြုပြီး ဆိုဖါပေါ် ခြေပစ်လက်ပစ်ထိုင်ချသည်။

"မိသိန်း"

"လာပြီ မေမေကြီး"

"ငါ့ကို ရေခဲရေ တစ်ခွက်ယူခဲ့စမ်း"

"အချိုရည်ဗူး ယူခဲ့ရမလား မေမေကြီး"

"နင့်ကို ရေခဲရေ ယူခိုင်းတာ၊ အချိုရည်ယူခိုင်းတာ မဟုတ်ဘူး"

"ဟုတ်"

မိသိန်းက ရေခဲသေတ္တာကို အမြေးကလေးဖွင့်သည်။

ရေခဲရေပုလင်းကို ထုတ်ယူပြီး ဖန်ခွက်ထဲထည့်၏။ ဖန်ခွက်ကို ပန်းကန်ပြားအဝိုင်းလေးပေါ် တင်ပြီး မေမေ့ထံအလာတွင် သူ မေမေနှင့်မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စက္ကူထုပ်ထဲက ဘာတွေလဲ မေမေ၊ ရေမွှေးနံ့ထ
တော့ သင်းနေတာပဲ"

"ဖိတ်စာလေ သားရဲ့"

သူ မျက်မှောင်ကြုတ်လိုက်၏။

မေမေ့ အမူအရာကတော့ ဘာမှထူးခြား ပြောင်းလဲမှု
သူ့မျက်နှာကိုပင် စူးစမ်းဟန်နှင့်မကြည့်။

မေမေ၏ အေးစက်စက်အမူအယာကို သူငြိမ်သက်
ကြည့် မနေနိုင်တော့။

"မေမေ့ အသိမိတ်တွေက ရိုက်ခိုင်းလိုလားဟင်၊
ဘယ်သူ့ မင်္ဂလာဖိတ်စာများလဲ မေမေ"

မေမေကပြုံးပြီး စက္ကူအိတ်ထဲမှ ဖိတ်စာတစ်စောင်ကို ထု
ယူလိုက်၏။ ဖိတ်စာက ရွှေကြိုးချည်ထားသည့် သုံးထပ်ဖိတ်စ

ရေမွှေးနံ့သင်းနေပြီး ဖိတ်စာတစ်စောင်တည်း၏ တန်
သည်ပင်လျှင် ဈေးက သေးကွေးမည်မဟုတ်။

"ဖိတ်စာက ဘယ်သူ့ မင်္ဂလာဖိတ်စာမှ မဟုတ်ဘူး၊
သားရဲ့ မင်္ဂလာဖိတ်စာပဲ"

"ဘာ... ဘာပြောတယ် မေမေ"

"မင်း မေမေ့ကို အဲသလို ပုံစံနဲ့မအော်နဲ့ မျိုးလတ်၊
ရွှေ့အပတ် မြရိပ်ညိုမှာ မင်းနဲ့ဒေဝီ လက်ထပ်ပွဲရှိ
တယ်၊ အားလုံးကို မေမေ စီစဉ်ပြီးပြီ"





"ဟာဗျာ၊ မေမေ မတရားဘူး၊ လုံးဝ မတရားဘူး"
သူ ထိုင်ရာမှ ဆတ်ခနဲထသည်။

မေမေ၏ စူးစမ်းသော အကြည့်များက သူ့မျက်နှာပေါ်
ရောက်လာ၏။

"မတရားဘူး ဟုတ်လား၊ မိဘက သားသမီးအပေါ်
မှာ ဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်မှန်သမျှဟာ လုံးဝတရား
တယ်၊ မင်းကို ငါ ပြောခဲ့တယ် မဟုတ်လား၊ မင်းရဲ့
အချစ်ရေးနဲ့ အိမ်ထောင်ရေးကို မင်း လုံးဝ ဆုံးဖြတ်
နိုင်ခွင့်မရှိဘူးလို့"

သူ့ကိုယ် တောင့်ခနဲ ဖြစ်သွား၏။

မေမေ့ကိုလည်း သူတစ်ခါမျှ မကြည့်ဘူးသည့် မျက်လုံး
အကြည့်နှင့် ခပ်ရဲရဲကြည့်သည်။

"ငါအမေပဲဆိုတဲ့ဟန်နဲ့ သားကို နိုင့်ထက်စီးနင်း မ
လုပ်ပါနဲ့ မေမေ၊ သားဘဝ အတွက်ကို သားဆုံးဖြတ်
ပါရစေ"

"ခုချိန်မှာ မင်းဘာမှ ဆုံးဖြတ်စရာ မလိုတော့ဘူး မျိုး
လတ်၊ အစီစဉ်တွေအားလုံး လုပ်ပြီးပြီ၊ နက်ဖြန်သန်
ဘက်ကို ဖိတ်စာအားလုံး နှစ်ဖက်ဆွေမျိုးတွေဆီ
ရောက်မယ်၊ မိတ်ဆွေသင်္ဂဟတွေဆီ ရောက်မယ်၊
မင်း မေမေလက်နဲ့ရေးတာကို ခြေနဲ့မဖျက်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အသည်းနှလုံးကို အဲသလောက်ထိ မနှိပ်စက်ပါနဲ့ မေမေ၊ ရက်စက်ဝံ့တယ်ဆိုရင် ကျွန်တော်တို့ အမွေပြတ် စွန့်လွှတ်လိုက်ပါဗျာ၊ ကျွန်တော် သော်ကမြိုင်ကနေ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ထွက်သွားပါမယ်"

"နှင်းသက်ဝေကို တင့်တတ်ထိုးစိတ်နဲ့ ခိုးပြေးမယ်တော့ မကြံစည်နဲ့ မျိုးလတ်၊ ငါက သူများမိဘတွေလို လုပ်နိုးလုပ်စဉ်တွေ၊ အမွေပြတ်ကြော်ငြာတာတို့ ဘာတို့တော့ မလုပ်ဘူး၊ ဟောဒီမှာ အဆိပ်ပုလင်းတွေ့လား၊ မင်း မေမေ့စကားကို လွန်ဆန်ရင် မေမေ ကိုယ့်ကိုယ်ကို အဆိပ်သောက် သတ်သေလိုက်မယ်"

"မေမေ အဲသလို မလုပ်ပါနဲ့ဗျာ၊ ကျွန်တော့်ကြောင့် မေမေ မသေရဘူး၊ ဒေဝီ့ကိုလည်း လက်မထပ်နိုင်ဘူး"

"ငါ အဲဒီစကားကို မကြားချင်ဘူး"

"မယူဘူးဗျာ၊ သား ဒေဝီ့ကို လုံးဝမယူဘူး"

စကားနှင့်အတူ သူမေမေ့ရှေ့မှ တစ်ဟုန်ထိုး ပြေးထွက်ခဲ့သည်။

မေမေက သူ့ကို ဟန့်တားခြင်းမပြု။





မေမေ၏ နှုတ်ထွက်အသံကိုတော့ သူ တိတိပပ ကြားခဲ့ရပါ၏။

"ဟင်း... ဟင်း... မင်း နှင်းသက်ဝေ အိမ်ကိုသွားမယ်ဆိုတာ မေမေ ကြိုသိထားတာပေါ့ သားရယ်၊ မင်းထက် မတတ်ဘဲနဲ့ မနပ်ဘဲနဲ့ မေမေ မင်းကို ဘယ်မွေးထုတ်လိမ့်မလဲ"

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



[ ၂၈ ]

အမှောကြောင့် ရင်သည် ဖိုလှိုက်နေ၏။

မပြေးရုံတမယ် လျှောက်လှမ်းလာသော လမ်းမပေါ်ဝယ် သူ့ ခြေ့ခြေစက်များသည် အချစ်အတွက်သက်သေ ဖြစ်ပါလိမ့်မည်။

ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းများက သူ့ရင်မှာအပြည့်။

အချစ်နှင့်ပတ်သက်သော မာနများ သူ့ရင်မှာ ရှင်သန်လှုပ်ရှားနေ၏။

နှင်းသက်ဝေတို့ အိမ်ရှေ့ရောက်သောအခါ သူသည် နှလုံးသည်းပွတ်၏ အလိုဆန္ဒကို ထိန်းချုပ်နိုင်စွမ်းမရှိတော့။

"ဝေ... ဝေ"





သူ့အသံတွင် အင်အားများစွာ ပါနေသည်။

အိမ်ရှေ့ဝင်းတံခါးလေးကို ဆုပ်ကိုင်မိချိန်တွင် သူ၏မျက်နှာစုံ ပြုံးဝိုင်းသွား၏။

"အို... ဝေတို့ မရှိပါလား၊ အိမ်တံခါးတွေ သော့ခတ်ထားပါလား"

ဆောက်တည်ရာမဲ့စွာဖြင့် သူ ဘေးတစ်ဖက်ခန်းသို့ ပြေးသွားသည်။

"ကြီးကြီးခ... ကြီးကြီးခ"

"မောင်မျိုးလတ်ပါလား"

"ဟုတ်ပါတယ် ကြီးကြီးခ၊ မျိုးလတ်ပါ၊ ဝေတို့ ဘယ်သွားကြလဲဟင်၊ ဆိုင်လည်း မဖွင့်ဘူး၊ အိမ်တံခါးကိုလည်း သော့ခတ်ထားတယ်"

ကြီးကြီးခက သူ့မျက်နှာကို တွေတွေကလေး ကြည့်၏။ မျက်လုံးအကြည့်များမှာ ပြောချင်သည့် စကားတွေ ရှိနေသည်ကို သူသိသည်။

"ဝေနဲ့ သူ့ မေမေ အပြင်ခဏသွားတယ်ထင်တယ်နော် ကြီးကြီးခ"

"အင်း... ကြီးကြီးခလည်း မသိပါဘူးကွယ်၊ မနက်ကတည်းက အိမ်ကို ပိတ်လျက်တွေ့ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အဖြေသည် ရေရေရာရာ မရှိလှ။

သူ နှင်းသက်ဝေတို့ အခန်းဘက် ပြန်သွားသည်။ ခတ်ထား သော သော့ခလောက်ကို ကြမ်းတမ်းစွာ လှုပ်ရမ်းသည်။ ဝေ... ဝေ... ဟု ခေါ်သံများ သူ့နှုတ်ခမ်းမှ ပြေးထွက်လျက်ရှိ၏။

"မဝေ မရှိတော့ဘူး လတ်ကြီး။ မရှိတော့တဲ့ မဝေကို မင်း ဘာဖြစ်လို့ အော်ခေါ်နေရတာလဲ"

သူ နောက်ပါးမှ လွင့်လာသည့် အသံကြောင့်နောက်သို့ လှည့်ကြည့်လိုက်သည်။ ညို့မှိုင်းမှိုင်း မျက်နှာရှုပ်နှင့်ရပ်နေသည့် မျိုးမြင့်လူကို တွေ့ရ၏။

"ဟင်... မျိုးမြင့်လူ၊ ဝေတို့ မရှိတော့ဘူး ဟုတ်လား ဝေတို့ ဘယ်ကို သွားကြလို့လဲဟင်"

"ပြောင်းသွားကြပြီ"

"ဟင်... မင်း... မင်း... တကယ် ပြောနေတာလား"

"လတ်ကြီး၊ ငါမင်းကို ဘယ်တုန်းက လိမ်ညာတဲ့ စကားပြောခဲ့ဘူးလို့လဲ"

စိတ်တစ်ခုလုံး ဆောက်တည်ရာမဲ့စွာဖြင့် သူ မျိုးမြင့်လူ၏ လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ထားသည်။





"အန်တီမေ လွန်ခဲ့တဲ့ သုံးလေးရက်က မဝေဆီကို လာသွားတယ် လတ်ကြီး၊ မင်းနဲ့ ပတ်သက်ပြီး အန်တီမေက မဝေတို့ မိသားစုကို မောက်မောက်မာ မာ ဆက်ဆံသွားတယ်၊ ငွေမက်လို့ ပစ္စည်းမက်လို့ သူ့သားကို အရကြံတာလားပေါ့၊ ပစ္စည်းကို သည် လောက်ပဲ မက်သလားပေါ့၊ မင်းမှာ စုစပ်ထားတဲ့ ဒေဝီ ဆိုတာ ရှိတယ်ပေါ့၊ ရှောင်ပေးပါ၊ တိမ်းပေးပါ၊ လိုချင်တဲ့ငွေကြေးကို ပေးပါ့မယ်ဆိုပြီး အန်တီမေ စကားတွေကို လွန်လွန်ကျူးကျူး ပြောသွားတယ်"

"ဒါ... ဒါတွေကို ငါ မသိဘူး မျိုးမြင့်လူ၊ နေပါဦး ဒီ အကြောင်းတွေ မင်းကို ဘယ်သူပြောလဲ"

သိချင်စိတ်က ပြင်းပြနေ၏။

"မဝေ ငါ့ကို လိုက်ရှာပြီးပြောတာ၊ ဒီအကြောင်းတွေ ကို မင်းကို ပြန်မပြောပါနဲ့၊ ကိုလတ် စိတ်ထိခိုက်သွား ပါ့မယ်ဆိုပြီး ငါ့ကို ပြန်မပြောဖို့ တောင်းပန်တယ်"

"ခု ဝေတို့ ဘယ်ပြောင်းသွားလဲ မျိုးမြင့်လူ၊ ဝေ မင်းကို ပြောသွားတယ် မဟုတ်လား"

မျိုးမြင့်လူ ခေါင်းခါအယမ်းမှာ အိမ်ရှေ့ စကားပင်မှ စကား ပွင့်လေးတစ်ပွင့် မြေပေါ် မြုတ်ကျသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောမသွားဘူး လတ်ကြီး၊ အိမ်ရှင်ကို နေ့ချင်းညချင်း အခန်းပြန်အပ်ပြီး မဝေတို့ ပြောင်းသွားကြတာ"

သူ အကြောင်းအရာတစ်ခု စဉ်းစားနေသည်ကို မျိုးမြ... လူက သဘောပေါက်စွာဖြင့်...

"မင်း မဝေကို သူကုမ္ပဏီမှာ သွားရှာဖို့လည်း မကြိုး စားနဲ့ လတ်ကြီး"

"ဘာကွ၊ ဘာဖြစ်လို့ မရှာရမှာလဲ၊ ဇော့ကို ငါသူ့အလုပ် မှာ သွားရှာမယ်"

"မင်းကို ငါပြောပြီးပြီကော၊ မဝေ အားလုံးကို စွန့်လွှတ် သွားပြီဆိုတာ၊ အဲဒီအားလုံးထဲမှာ သူ့အလုပ်အကိုင် လည်း ပါတယ်၊ ပြီးတော့ မင်းကို မှာသွားတယ်"

သူ မျိုးမြင့်လူ မျက်နှာကို မမှိတ်မသုန်ကြည့်နေ၏။ ရင်တစ်ခုလုံးမှာတော့ ပိတ်လှောင်မွန်းကြပ်နေသည်။ ... သက်နှင့်ထွက်သက်နှစ်ခုကြားမှာ ဝေသည် အစဉ်မပြတ် ရှိနေ သည်။

"မိဘ စကားကို နားထောင်ပါတဲ့၊ သူ့ကို လိုက်မရှာပါ နဲ့တော့တဲ့၊ ပျောက်ဆုံးသွားတဲ့ ချစ်သူကိုလိုက်ရှာ၊ ပြန်တွေ့ပျော်ရွှင်စွာ ပေါင်းဖက်ကြလေသတည်း ဆိုတာ ဝတ္ထုတွေထဲမှာ၊ ရုပ်ရှင်တွေထဲမှာသာ ရှိပါ





တယ်တဲ့၊ ခုဖြစ်ပေါ်ခဲ့တဲ့ အချစ်ဘဝလေးတစ်ခုဟာ ဝတ္ထုထဲကလို ရုပ်ရှင်ထဲကလို ဖြစ်လာမှာ မဟုတ် ပါဘူးတဲ့၊ အန်တီမေ အရမ်းသဘောတူတဲ့ ဒေဝီကို လက်ထပ်ပါတဲ့၊ အိမ်ထောင်သက် ရင့်လာတဲ့အခါကျ အချစ်ဆိုတာ ဖြစ်ပေါ်လာမှာပါတဲ့၊ အဲဒီအခါကျ ကို လတ်ဒေဝီကို ချစ်လာမှာပါတဲ့"

"တော်... မျိုးမြင့်လူ ငါ ဒေဝီကို ဘယ်တော့မှ မချစ် ဘူး၊ လုံးဝ မချစ်ဘူး"

မိုးငွေ့ပါသည့် လေအေးက ဇော့ခနဲတိုက်ခတ်သည်။ မျိုးမြင့်လူက မိုးကောင်းကင်ကို မော့ကြည့်ပြီး...

"ဒါတွေ ငါ့ကို လာမပြောနဲ့ လတ်ကြီး၊ ခုဖြစ်တဲ့ ကိစ္စ တွေမှာ မင်းဘက်ကကြည့်ရင် အန်တီမေ မတရား ဘူး၊ ဒါပေမယ့် အန်တီမေဘက်ကကြည့်ရင် တရား တာပဲကွ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက သူ့သားကိုး"

"မသိဘူးကွာ၊ တရားတာတွေ၊ မတရားတာတွေ ငါ မသိဘူး၊ ငါသိတာ တစ်ခုပဲရှိတယ်၊ ဒေဝီကို ငါမချစ် ဘူး"

သူ့စကားကို မျိုးမြင့်လူက အသံထွက်စွာ ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံက ခြောက်သွေ့လွန်းသည်ဟု သူ ထင်သည်။

သူ မျိုးမြင့်လူ မျက်နှာကို ခပ်ဆတ်ဆတ်ကြည့်ပြီး တိုး
ကို ချာခနဲ လှည့်လိုက်သည်။

လမ်းမပေါ်မှာ ခြေကို တစ်လှမ်းချင်းရွှေ့၏။

နာကျင်ခြင်း၊ ပူပန်ခြင်းများသည် ရင်မှာ ပုံ့နှံ့လျက်ရှိသည်

အံကိုတင်းတင်းကြိတ်ပြီး လက်သီးကို ကျစ်ကျစ်ပါအော
ဆုပ်၏။

သူ လက်သီးဆုပ်ထဲဝယ် သူ့အသည်းနှလုံးသည် စိစိည
ညက်ကြေလျက်ရှိတော့သည်။

☆ ☆ ☆



# အပိုင်း — နှစ်

www.burmeseclassic.com

www.burmeseclassic.com


[ ၂၁ ]

မြရိပ်ညိုမှာ မင်္ဂလာပွဲ ပြုလုပ်ပြီး ညဘက် သော်ကမြိုင်အပြန်မှာ သူနှင့်ဒေဝီ စကားပြောဖြစ်ရသည်။

"အန်တီမေက ပြောတော့တစ်မျိုး၊ လုပ်တော့တခြား ဖြစ်နေပြီ ကိုလတ်၊ ဒက်ဒီနဲ့မာမိကလည်း အဲဒီအပေါ်မှာ သိပ်ကျေနပ်ပုံ မရှိဘူး"

ကားကို မောင်းနေရင်းမှ အရှိန်ကို လျှော့မိရက်သား ဖြစ်သွားသည်။ ဒေဝီ၏ စကားအပေါ်မှာလည်း သူ ဘယ်လိုမှ နားလည်ခြင်းမရှိ။

"ဒေဝီ ဘာကို ရည်ရွယ်ပြီး ပြောတာလဲ"


www.burmeseclassic.com

www.burmeseclassic.com



"ကိုလတ် မသိချင်ယောင်ဆောင်နေတာလား"

သူ မျက်မှောင်ကို ကြုံ့လိုက်၏။

တန်ဝတ်လမ်းပေါ် အတက်မှာ ကရဝိက်ကြီးဆိမ့် မီး ရောင်စုံများကို မြင်တွေ့ရသည်။

"ဒေဝီ ပြောတာကို ကိုယ်စဉ်းစားလို့ မရတာပါ"

"လက်မထပ်ခင်တုန်းက ပြောဘူးတယ်လေ၊ ဒေဝီ တို့အတွက် ရွှေတောင်ကြားက ခြံနဲ့တိုက်ကို လက်ဖွဲ့ မယ်တဲ့၊ အဲဒီမှာနေကြရမယ်တဲ့"

"ဩော်... အဲဒါကို ရည်ရွယ်ပြောတာလား"

"အင်းပေါ့ ကိုလတ်ရဲ့ ကိုယ့်အတွက် ပေးအပ်တဲ့ ခြံနဲ့ တိုက်မှာ လင်ကိုမယား လွတ်လွတ်လပ်လပ် နေချင် တာပေါ့၊ ခုတော့ သော်ကမြိုင်မှာပဲ နေရမယ်ဆိုတာ ကတော့ အနက်တိမေ စကားမတည်ဘူးပေါ့"

"မေမေ့ကို အဲဒီလို မပြောပါနဲ့ ဒေဝီ"

သူ့အသံ ဆတ်သွားသည်ကြောင့်ထင်၏။ ဒေဝီထံက စကားသံထွက်မလာ။

"မေမေ့မှာ သားတစ်ယောက်ထဲရှိတာ၊ မေမေက ကိုယ့်ကို ဘယ်ခွဲနေနိုင်မလဲ၊ ရွှေတောင်ကြားက ခြံနဲ့ တိုက်ကို လက်ဖွဲ့အဖြစ်ပဲ အပ်အပ်မအပ်အပ် ပိုင်





ဆိုင်မှုကတော့ ကိုယ်ပဲ မဟုတ်လား ဒေဝီ၊ နောက်ပြီး ရွှေတောင်ကြားက တိုက်မှာမနေဘူးဆိုတာ ကိုယ် ကပဲ မေမေ့ကို တောင်းဆိုတာ"

"ဟင်"

"မေမေက ကိုယ်နဲ့မခွဲနိုင်သလို ကိုယ်ကလည်း မေမေ နဲ့ ခွဲမနေနိုင်ဘူး"

"ဒါဆို ဘာလို့ မိန်းမယူသေးလဲ ကိုလတ်ရယ်"

"မေမေ ပေးစားလို့ ယူတာ"

"ဟင်... ဒါဖြင့် ကိုလတ်က ဒေဝီ့ကို မချစ်ဘူးပေါ့"

သူ စကားပြော မှားသွားပြီကို ချက်ချင်းသိလိုက်၏။

တကယ်ဆို သည်ညမှာ သူသည် နှင်းသက်ဝေကို သတိရ နေမှာဖြစ်ပြီး ဒေဝီကို စော်ကားသလိုဖြစ်မည့် စကား မပြောမိဖို့ ကိုလည်း သူ ဆင်ခြင်ရမည်ဖြစ်သည်။

ထို့ကြောင့်လည်း...

"သည်ညဟာ ကိုယ်နဲ့ဒေဝီအတွက် မင်္ဂလာဦးည နော်၊ စိတ်ရှင်းရှင်းထားပြီး နေကြရအောင်နော်"

သူ အလျှော့ပေး စကားပြောသော်လည်း သော်ကမြိုင်သို့ ရောက်သောအခါ ဒေဝီသည် မေမေ့ကိုပင် စကားတစ်ခွန်း မ ပြော။ ခေါင်းမူးသည်ဟုဆိုကာ အိပ်ခန်းထဲတန်းဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအရပ်ရပ်ကို အကဲခတ်ပြီး မေမေက သူ့ကို အောက်ထပ် တော်ဖီခန်းသို့ခေါ်ပြီး အကိုးအကြောင်း မေးသည်။ သူကလည်း စကားများကို မထိန်မချန် အမှန်အတိုင်း ပြောပြ သည်။

မျက်နှာထား တည်ငြိမ်သွားပြီး မေမေ့နှုတ်ခမ်းထောင့်နှစ်ဖက် ကလေး တွန့်ကွေးသွားသည်ကိုတော့ သူတွေ့လိုက်ရပါ၏။

☆ ☆ ☆



[ ၂၂ ]

ဒေဝီ မပါလာပါလားဆိုသည့် အမေးစကားကြောင့် သူ မေမေ့မျက်နှာကို လှမ်းကြည့်လိုက်သည်။

"ညနေ သုံးနာရီလောက်က ထွက်သွားတာ၊ သားဆီ သွားမယ်လို့ မေမေ့ကို ပြောသွားတယ်"

"ရောက်မလာဘူး မေမေ၊ ညနေခြောက်နာရီထိ ကျွန်တော်တို့ အစည်းအဝေး ထိုင်နေကြတာ"

မေမေက သူ့ကို စကားပြန်မပြော။

မေမေက သူမ ကိုင်နေကျ လက်ကိုင်ဖုန်း၏ ဂဏန်းကွက် လေးများကို အသာနှိပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချိုလား"

"ထုတ်တယ်မေ ချိုပါ"

ဒေဝီ မာမီ အနံ့တီချိုချိုခင်ထဲသို့ ဖုန်းဆက်မှုန်း သူ ချက်ချင်းသိလိုက်သည်။

"ဒေဝီ လာသလား"

"မလာဘူး မေ၊ ချိုတို့ဆီ သွားမယ်လို့ သမီးက ပြောလို့လား"

"မပြောပါဘူး၊ ရောက်နေလားလို့ မေးကြည့်တာ"

ပြောပြီး ခလုတ်လေးကို နှိပ်၍ပိတ်လိုက်သည်။

မေမေ့ မျက်နှာမှာ အကြောင်းအရာတစ်ခု ပေါ်လွင်နေသည်ကိုလည်း သူ သတိပြုမိ၏။

"မေမေ့ကို ဝမ်းသာစရာ စကားပြောရဦးမယ်"

"ဘာများလဲ"

"လုပ်ငန်းတွေ အရမ်းအောင်မြင်တယ် မေမေ၊ တခြား ကုမ္ပဏီတွေ မျက်ဖြူဆိုက်နေတဲ့ အချိန်မှာ ကျွန်တော်တို့ ကုမ္ပဏီကို ရှယ်ယာတွေ တဖွဲဖွဲရောက်လာတယ်"

"အဝင်မခံနဲ့လေ၊ ငွေကြေးလည်ပတ်မှုက လုံလောက်နေတာပဲဟာ"





"အဝင်မခံပါဘူး၊ အားလုံးလည်း ပျော်ရွှင်နေကြတယ်"

"လုပ်ငန်းအောင်မြင်လို့ ပျော်ရွှင်တာလဲ တစ်ပိုင်းပေါ့လေ၊ သားရဲ့ အိမ်ထောင်ရေးမှာ ပျော်ရွှင်မှု ရှိဖို့က လည်း လိုအပ်ပါတယ်"

သည် စကားအပေါ်မှာ သူ တုန့်ပြန်ရန် အဖြေမရှိ။ သူခေါင်းကို ငိုက်ချအထားမှာ မေမေက...

"ကဲ... သားအနားယူပြီး ရေမိုးချိုးတော့"

သူ အပေါ်ထပ် တက်ခဲ့သည်။

လသာဆောင်မှာ အနားယူထိုင်နေတုန်း မိသိန်းက သံပုရာရည်တစ်ခွက် ဖျော်လာပေးသည်။

"ကိုလေး"

"အမ်"

"ကိုလေးကို ပြောစရာရှိလို့"

ပြောပြီး မိသိန်းမျက်လုံးက ဟိုဟိုသည်သည် ကြည့်လိုက်သေး၏။ သဘောကတော့ မေမေသိမည်ကို ကြောက်လန့်သည့်သဘောပါပဲ။

"နင်ကတော့ငါ့ကို အမြဲ ပြောစရာရှိနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိသိန်းတို့က ကိုလေးကိုပဲ ပြောရဲဆိုရဲ ရှိတဲ့ဟာ၊ မေမေကြီး မျက်နှာကို တစက္ကန့်တောင် စိုက်ကြည့်ရဲတာ မဟုတ်ဘူး"

"ကဲ… နှင် ပြောမယ့်စကားကို ပြောစမ်းပါ"

"နေ့လည် တစ်နာရီလောက်က ဖုန်းလာတယ် သိလား"

"ငါဆီကိုလား၊ အင်း… မိုးမြင့်လူလည်း မဖြစ်နိုင်ပါဘူး၊ ဟိုကောင်က နေ့လည်နေ့ခင်း ဖုန်းဆက်ရင် ကုမ္ပဏီကို ဆက်နေကျပဲဟာ"

"ဖုန်းလာတာ ကိုလေးဆီ လာတာ မဟုတ်ဘူး၊ မမဒေဝီဆီလာတာ၊ ဖုန်းကိုအရင်ကိုင်တာက ကြီးကြီးမေ တိုလေးရ၊ မမဒေဝီဖုန်းပြောပြီး ညနေသုံးနာရီလောက်ကျတော့ အပြင်ထွက်သွားတာပဲ၊ ကြီးကြီးမေက ဒေါ်တာတူးကို ပြောတဲ့စကားကိုတော့ မိသိန်း ကြားတယ်"

"ဘာစကားလဲ"

"ဒေဝီ့ဆီကို ဖုန်းဆက်တာ၊ အမျိုးသမီးမဟုတ်ဘူးတဲ့ အမျိုးသားတဲ့"





သူ ခပ်တွေတွေ ဖြစ်သွားသည်။

စောစောက မေမေ ပြောသည့်စကား…

ဒေဝီသူ့ထံလည်း ရောက်မလာ၊ သို့သော်လည်း သည် ကိစ္စ …တ်သက်ပြီး သူ့တုန်လှုပ်ခြင်း မရှိသည်ကိုတော့ ကိုယ့်ကိုယ် …အံ့ဩ၏။

"ကိုလေးနဲ့ မမဒေဝီတို့ လင်မယား ဘဝကလည်း တစ်မျိုးကြီးပဲ"

"ဘာ တစ်မျိုးကြီးလဲဟ"

"လင်ရယ် မယားရယ်လို့ ယုယုယယ နေတာလည်း မတွေ့ရဘူး၊ စကားလည်း ဟက်ဟက်ပက်ပက် မပြောကြဘူး"

"ဟဲ့… စကားဆိုတာ အကြောင်းမရှိ အကြောင်းရှာ ပြောရတာမှ မဟုတ်တာ၊ သွား… သွား… နှင်သွားတော့ မိသိန်း၊ နှင်အမေးအမြန်းထူပြီဆိုရင် ငါ့ ခေါင်းတွေ ပူပူသွားတာပဲ၊ အလုပ်က ပင်ပမ်းလာရတဲ့အထဲ စိတ်အေးအေးချမ်းချမ်း နေစမ်းပါရစေ"

သူ အော်ထုတ်လိုက်သဖြင့် မိသိန်း အောက်ထပ်သို့ အပြေးတလေး ဆင်းသွားသည်။ သူ ရေမိုးချိုးပြီး အောက်သို့ဆင်းမည် အပြုမှာ မေမေ အပေါ်ထပ်သို့ တက်လာ၏။



www.burmeseclassic.com

"သားတို့ ထမင်းစားဖို့ လာခေါ်တာ"

"မီးသိန်းဖြစ်ဖြစ် ခေါ်တာတူးဖြစ်ဖြစ် အခေါ်လွှတ်လိုက်ရင်ပြီးတာပဲ မေမေရယ်၊ ကိုယ်တိုင်များ လာခေါ်ရသေးတယ်"

"မီးဖိုခန်းမှာ သူတို့ အလုပ်မအားလို့ပါ"

မေမေနှင့်အတူ အောက်ထပ်သို့ ဆင်းခဲ့သည်။

ထမင်းစားခန်းရောက်တော့ မေမေက သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး…

"ဒေဝီ အလာကို စောင့်ဦးမယ်လို့ သားမေမေ့ကို မပြောဘူးနော်"

"မေမေ တွေးနေသလား"

မေမေက ခေါင်းညိတ်ပြ၏။

"သူ အချိန်မမှန်တတ်ဘူးလေ"

"စည်းမရှိသလို သော်ကမြိုင်မှာ ဝင်ထွက်နေတာကို သားက မဟန့်တားဘူးလား"

"မေမေက သော်ကမြိုင်မှာ အရာရာကို ဆုံးဖြတ်ပိုင်ခွင့်ရှိသူလေ၊ ဒေဝီ့ကို ကျွန်တော်နဲ့ မေမေပဲ ပေးစားခဲ့တာပဲ"





ပညာတတ် မေမေသည် စကားအဓိပ္ပါယ်ကို သိပါလိမ့်မည်။ စကားတုန့်ပြန်ခြင်း မပြုတော့ဘဲ သူ့ပန်းကန်ထဲသို့ သူ့အကြိုက် ဆီပြန်၊ ပုဇွန်ထုပ်ကြီးကို ခပ်ထည့်ပေးသည်။ ထိုအချိန်ဝယ် သူသည် မေမေ့ မျက်စေ့အောက်တွင် ကလေးတစ်ယောက် ဖြစ်သွားလိမ့်မည်။

မေမေနှင့်သူ ညစာခန်းမှာ စကားမဲ့စွာထိုင်နေရင်း ညဆယ်ဘေးရှိ နှင်းစွန်းလောက်မှာ ဒေဝီ ပြန်ရောက်လာ၏။

သူ ဒေဝီ့ကို မျက်လုံးဝင့်အကြည့်မှာ မေမေက ထိုင်ရာမှ ဆတ်ခနဲထလိုက်သည်။

"ဒေဝီ ဘယ်က ပြန်လာတာလဲ"

"မာမီတို့ဆီက ပြန်လာတာ အန်တီမေ"

"အိမ်ထောင်သည် မိန်းမတစ်ယောက်ဆိုတာ စကားကို တည်တည်ကြည်ကြည် ပြောရတယ်၊ မင်း မာမီဆီ အန်တီ ဖုန်းလှမ်းဆက်တယ်၊ ဒေဝီ မလာဘူးလို့ ပြောတယ်"

ဒေဝီ့ မျက်နှာ ကွက်ခနဲပျက်သွား၏။

"အန်တီဟာ ဒေဝီ့ကို အဲသလောက်ထိ မထင်ခဲ့ဘူး"

"ဘာကိုလဲ အန်တီ"

www.burmeseclassic.com



"စတားပုံရှိတယ်၊ ကြာကြာဝါးမှခါးမှန်းသိ ဆိုတာလေး အန်တီဟာ ဒေဝီ့ကို နှစ်လလောက်ပဲ လက်ပွန်းတသီး နေရသေးတယ်၊ ဒေဝီရဲ့ အမူအကျင့်တွေဟာ သော်ကမြိုင်ရဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ဘယ်လိုမှ မကိုက်ညီဘူး"

"ဒါကတော့ မိဘလက်ထဲမှာလည်း ဒေဝီသည်လိုပဲ နေခဲ့တာပဲ"

"မေးမယ်"

မေမေ့ အသံက ပြတ်လွန်း၏။

သူ အထိတ်တလန့်ဖြင့် မေမေ့ကို လှမ်းကြည့်သည်၊ ဒေဝီကတော့ မေမေ့ရှေ့မှာ မတ်တတ်ရပ်လျှက်နှင့် ခေါင်းကိုငုံ့ထား၏။

"မေးမယ်ဆိုတာက ဘယ်က ပြန်လာတာလဲ ဆိုတာကို မမေးဘူး၊ ဘယ်သူနဲ့ ပြန်လာတာလဲ ဆိုတာကို မေးမှာ၊ လိမ်ညာဖြေဖို့ကိုလည်း မကြိုးစားနဲ့၊ ခြံရှေ့လမ်းပေါ်မှာ ကားရပ်ကတည်းက အခြေအနေကို မှတ်တားက ကြည့်နေမှာ အမှန်ပဲ"

"ကျွန်မကလည်း မလိမ်တတ်ပါဘူး၊ ကျွန်မ ယောကျ်ား မိတ်ဆွေတစ်ယောက်က ညစာအတူ စားဖို့ဖိတ်တယ်၊ ကျွန်မက လက်ခံ ခွင့်ပြုတယ်၊ ခု သူ့ကားနဲ့ပဲ ပြန်လာတယ်"





"မင်းက သော်ကမြိုင်ရဲ့ အမှိုက်ပဲ"

"ကြိုက်သလို သုံးသပ်ပါ"

ပြောပြီး ဒေဝီ အပေါ်ထပ်သို့ ပြေးတက်သွား၏။

မေမေ၏ 'တက်' ခေါက်သံ ပြင်းပြင်းကိုတော့ သူ တုန်လှုပ်သွားရသည်။

နောက်ပြီး...

မေမေ့ မျက်လုံးအရောင်တွေ တောက်နေ၏။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



[ ၂၄ ]

ဒေဝီ့ အပေါ်မှာ မေမေ၏ ဆက်ဆံမှု ပြောင်းလဲသွားခြင်းကို သူ တအံ့တသြ ဖြစ်ရသည်။

သူပို၍ အံ့သြရသည်မှာ "မင်းမိန်းမ ယောကျ်ားလေး အပေါင်းအသင်းတွေနဲ့ လျှောက်လည်၊ တပွဲတွေ လျှောက်သွားမင်း မဆုံးမဘူးလား" ဆိုသည့် အမေးစကားကို မေမေ မမေးခြင်းပင်ဖြစ်သည်။

မေမေ မျက်နှာထားတည်တော့ သော်ကမြိုင်မှာ နေထိုင်ရသည့် ဒေဝီအတွက် စိတ်၏ ကျဉ်းကြပ်မှုရှိသည် ထင်ပါ၏။





သူတုမ္ဗကိုသို့ သွားသည်နှင့် ဒေဝီသည် သူ့မာမီဖြံ့သို့ ...တ် ရောက်သွားခြင်းပင်။ သည်အပေါ်မှာလည်း သူဘယ်လိုမှ ...မျိုးမရှိ။

သော်ကမြိုင် ပြန်ရောက်၍ မေမေနှင့်စီးပွားရေး ကိစ္စများ ...ဆွေးရသည်တိုတော့ သူပျော်သည်။ လုပ်ငန်းများနှင့်ပတ် ...၍ မေမေသည် သူ့ကို ပညာအမွေ၊ စီးပွားအမွေပေးသော ...ရှင်လည်း ဖြစ်ပါ၏။

သည်နေ့ တနင်္ဂနွေနေ့မှာလည်း သော်ကမြိုင်မှာ ဒေဝီမရှိ။ ...သိသွားမယ်ဟု ပြောပြီး မနက်ကတည်းက ထွက်သွားခဲ့သည်။

"ဒေါ်ကြီးက ရွှေတောင်သူဆိုတော့ သည်နေ့ချက်တဲ့ ရွှေတောင်ခေါက်ဆွဲကတော့ အထူးစပါယ်ရှယ်ပဲ မောင်လတ်"

"မျှော်လင့်နေတာ ဒေါ်တာတူးရာ၊ အရင်တုန်းကတော့ မေမေ့လက်ရာ မုန့်ဟင်းခါးကို ကျွန်တော် ဘယ်လိုမှ မကြိုက်ဘူး၊ မေမေ့ကို မပြောရဲလို့သာ"

"အမလေး၊ သွားမပြောပါနဲ့တော်၊ မေလတ်က စိတ်က ကြီးပါဘိသနဲ့"

မေမေ့ကို ဦးစံမောင်နှင့်ဒေါ်တာတူးက မေလတ်ဟု ခေါ်...သည်။ သူတို့သည် မေမေ့ထက် အသက်ငါးနှစ်လောက်စီ ကြီး...ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခု မေမေ မရှိလို့ ပြောရဲတာပေါ့ ဒေါ်တာတူး

ရှိရင် ဘယ်ပြောရဲလိမ့်မလဲ"

"မေလတ် ဘယ်သွားလို့လဲ မောင်လတ်"

"အန်တီယဉ်ကို သိလား"

"သိတာပေါ့၊ စိန်ပွဲစားမကြီးလေ"

"အန်တီယဉ်ဆီမှာ မှာထားတဲ့ စိန်တစ်ဆင်စာ သွား

ယူတာ၊ ဒေဝီ့အတွက် ထင်ပါတယ်"

သူ့ စကားကို ဒေါ်တာတူးက မျက်နှာရှုံ့မဲ့သွား၏။

"ထင်သလား"

"ထင်လို့ ပြောကြည့်တာပေါ ဒေါ်တာတူးရာ"

"ဝေးသေးတယ်၊ ပထမတော့ ဒေဝီအတွက် ရည်ရွယ်

တာ ဖြစ်ချင်ဖြစ်လိမ့်မယ်၊ ခုတော့ လုံးဝကို မဖြစ်နိုင်

ဘူး"

မုန့်ကြွပ်များကို ကြော်လှော်ရင်း ဒေါ်တာတူး မျက်နှာ

အမှဲ မပြေသေး။

"ဒေါ်တာတူး"

"ဘာလဲ မောင်လတ်"

"ကျွန်တော် မေးချင်လို့ပါ"

"မေးပါတော်... မေးပါ"





"ကျွန်တော်က တစ်နေကုန် စီးပွားရေး လုပ်ငန်းတွေ

ကြားမှာ စိတ်ကို နှစ်မြုပ်ထားရတာ ကျွန်တော် အိမ်

မှာ မရှိတဲ့အချိန်တွေ မေမေနဲ့ဒေဝီ အဆင်ပြေကြရဲ့

လားဗျာ"

"အင်း... မောင်လတ် မေးမှတော့ ဒေါ်ကြီးက ဖြေရ

တော့မှာပေါ့၊ ဒေဝီနဲ့မေလတ် အဆင်ကတော့ လုံးဝ

မပြေဘူး၊ ဒေဝီက မေလတ် မျှော်မှန်းထားသလို ဖြစ်

မလာဘူး၊ ဘယ်နှယ့်ကွယ်... မိန်းကလေးဆိုတာ

ကိုယ့်အိမ်ကိုယ့်ယာမှာ ပျော်ပျော်မွေ့မွေ့နဲ့ မိန်းမ ပီပီ

သသ ရှိရမှာပေါ့၊ ခုတော့ အဲသလို မဟုတ်ပါဘူးတော်၊

မောင်လတ် အလုပ်သွားလို့ ဆယ်မိနစ်တောင် မခြား

ဘူး သူ့အမေအိမ်ကို သွားတော့တာပဲ၊ မေလတ်က

လည်း အဲဒါကို မကြိုက်ဘူး၊ အိမ်မှာ မိန်းမပီပီသသ

ရှိစေနေစေချင်တယ်"

သည်အကြောင်းတွေကို မေမေ သူ့ကို မပြော။

သားအပေါ်မှာ ဒေဝီက မယားဝတ္တရား ကျေပွန်ရဲ့လား

ဆိုသည့် အမေးစကားမျိုးကိုပင် မေမေ မမေး။

"မေလတ်က ဒေါ်ကြီးကို ပြောတယ်"

"ဟုတ်လား မေမေက ဒေါ်ကြီးကို ဘာပြောလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သားအတွက် အိမ်ထောင်ဖက်ကို သူရွေးတာ အရမ်း
မှားသွားပြီတဲ့၊ ဘယ်တတ်နိုင်မလဲ မောင်လက်ရယ်
နော်၊ လူတွေဟာ ကံစီမံသလို နေကြထိုင်ကြရတာ
မို့လား"

ရှည်လျားသွားသော အတွေးမှာ ဒေဝီ၏ ပုံရိပ်ထင်လာသည်။ ပြီးတော့ ဒေဝီ၏ လှုပ်ရှားမှုများ။

အသေအချာတော့ ပြောနိုင်သည်။

သော်ကမြိုင်ရှိ လူသားအားလုံးသည် ဒေဝီ၏ လှုပ်ရှားမှု အသွင်သဏ္ဍာန်ယန်များကို လုံးဝ လက်ခံနိုင်ခြင်း မရှိကြချေ။

☆ ☆ ☆



[ ၂၄ ]

ဖုန်းမြည်သံကြောင့် ခေါင်းကို မော့အကြည့်မှာ ဖုန်းခွက်ကို မိသိန်း ကိုင်နေသည်ကို တွေ့ရ၏။

မိသိန်း၏ ခေါင်းတညိတ်ညိတ်နှင့် တဟုတ်ဟုတ်အသံအဆုံးမှာ မိသိန်းက စကားပြောခွက်ကို လက်နှင့်အသာအုပ်ထားပြီး...

"အန်တီချိုချိုခင်က မေမေကြီးနဲ့ စကားပြောချင်
လို့တဲ့"

ဒေါ်ခင်မေလတ် ထိုင်ရာမှထလိုက်ပြီး မိသိန်းလက်ထဲမှ ဖုန်းခွက်ကို လှမ်းယူ၍ နားမှာကပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ချိုချိုလား"

"ဟုတ်ပါတယ် မေ"

"ပြောစရာ အထူးကိစ္စတွေများ ရှိနေလို့လား"

"အထူးကိစ္စရယ်တော့ မဟုတ်ပါဘူး မေရယ်၊ မေ အားမယ်ဆိုရင် ချို မေ့ဆီလာခဲ့မယ်"

"လာခဲ့လေ၊ မေတစ်ယောက်ထဲ ရှိပါတယ်၊ စကား လွတ်လွတ်လပ်လပ် ပြောလို့ရပါတယ်၊ ဒါနဲ့ ဒေဝီ ရောက်နေလား"

"ရောက်နေပါတယ် မေ၊ ဒေဝီ ချို့အနားမှာ စာဖတ် နေပါတယ်"

ဖုန်းခွက် ကိုင်ထားရင်းမှ ဒေါ်ခင်မေလတ်က နှုတ်ခမ်း တွန့်လှုပ်ရုံမျှ ပြုံးလိုက်သည်။

"ကိုယ် ခုလာခဲ့မယ်နော်၊ ချို ဖုန်းချလိုက်တော့မယ်"

"ကောင်းပါပြီ"

ဆယ့်ငါးမိနစ်စွန်းစွန်းလောက်မှပင် ဒေါ်ချိုချိုခင် ရောက် လာသည်။

ဒေဝီနှင့်ပတ်သက်သည့် အကြောင်းစကားတွေ ပါလာဦး မှန်း ဒေါ်ခင်မေလတ် ကြိုသိလိုက်ပါ၏။

☆ ☆ ☆





စကားများကို စူးစိုက်နားထောင်ပြီး ဒေါ်ချိုချိုခင်၏ စကား အဆုံးမှာ ဒေါ်ခင်မေလတ်က...

"လက်စသပ်တော့ ချိုကသမီးနဲ့ ယောက္ခမကြားမှာ စေ့စပ်ရေး လာလုပ်နေတာကိုး"

"အဲဒီ့ သဘောမျိုး သက်ရောက်ချင်လည်း သက် ရောက်သွားပါလိမ့်မယ် မေရယ်၊ သမီးက သူ့အန်တီ မေဆိုရင် ယနေ့တိုင် လေးစားချစ်ခင်နေတာပါ"

"ဒါ တစ်ပိုင်းထားလေ၊ မေ မရှင်းတာက စေ့စပ်ရေး သဘောသက်ရောက်နေရအောင် မေနဲ့ဒေဝီက ဘာ တွေ ပဋိပက္ခ ဖြစ်နေလို့လဲ"

သူမ၏ အမေးမှာ ဒေါ်ချိုချိုခင် မျက်နှာကွက်ခနဲ ပျက် သွားသည်။

"ပဋိပက္ခ သဘောမျိုး မဟုတ်ပါဘူး မေရယ်၊ ချို စော စောက ပြောပြသလို သမီးက ငယ်သေးတော့ မေရဲ့ စည်းမျဉ်းစည်းကမ်းတွေကို မလိုက်နာနိုင်တာလည်း ပါတယ် မဟုတ်လား"

"ဒီမယ် ချို၊ ချိုနဲ့ မေဟာ တက္ကသိုလ်မှာ အတူနေလာ တဲ့ သူငယ်ချင်း၊ သူငယ်ချင်းတွေ ဖြစ်နေလို့လည်း သားရေး၊ သမီးရေး ကိစ္စမှာ သားနဲ့ဒေဝီ အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ကျတဲ့ နေ့တစပြီးပေါ့လေ၊ မေဘာမှ ဝင်မပါခဲ့ဘူး။ ဒါပေမယ့် ဒေဝီရဲ့ လုပ်ရပ်တွေက ရိုင်းလွန်းတယ်"

ပြောပြီးမှ သူမ စကားရင့်သီးသွားသည်ကို သတိပြုမိ၏။ သို့သော်လည်း ယောက္ခမနှစ်ယောက်သည် သည်အခြေအနေမျိုးမှာ စကားကို ညှာတာသိမ်မွေ့နေ၍ မဖြစ်တော့သည်ကိုတော့ ဒေါ်ခင်မေလတ် သဘောပေါက်သည်။

"အိမ်ထောင်သည် မိန်းမတစ်ယောက်တဲ့ လားကွာ၊ အိမ်မှုကိစ္စမှာလည်း ဘာမှ စိတ်ဝင်စားမှုမရှိ"

"ဒါကတော့ ဇီလိုရှိပါတယ် မေရာ၊ အိမ်ဖော်အခြွေအရံတွေနဲ့ နေလာတော့ သမီးကို ချွင်းချက်တစ်ခုအနေနဲ့တော့ မေ ခွင့်လွှတ်ရမှာပေါ့"

"ကောင်းပြီ၊ ဒီကိစ္စကို အရာ မသွင်းဘဲထားဦး၊ ယောကျ်ားရှိ မိန်းမတစ်ယောက်က တပွဲတွေတက်၊ သူစိမ်းယောကျ်ားတွေနဲ့ ညအချိန်မတော်မှ အိမ်ပြန်လာ၊ ဒါ မိန်းမကောင်းတစ်ယောက်ရဲ့လုပ်ရပ်လားလို့"

ဒေါ်ချိုချိုခင်က မျက်နှာကို မဝံ့မရဲ လှမ်းကြည့်ပြီး...

"မေ ဆုံးမသင့်တာပေါ့လေ"

"ဘာကို ဆုံးမရမှာလဲ ချို၊ စကားတစ်ခွန်း ပြောတော့မယ်ဆိုရင် အပေါ်ထပ်တက်ပြေးတယ်၊ မနက်မိုး





လင်းတာနဲ့ အိမ်မှာ မရှိတော့ဘူး၊ အဲဒါ ဘာသဘောတွေလဲကွ"

"အင်း... ပြောရမယ်ဆိုရင်တော့ သမီးက မေ့ကို စိတ်ကောက်နေတာလည်း ပါပါတယ်မေ"

ယင်း စကားကို ချိုချိုခင်က မျက်နှာပေး မချိုမချဉ်တလေးနှင့်ပြောပါ၏။

"ဒေဝီက မေ့ကို စိတ်ကောက်နေတယ် ဟုတ်လား၊ ကောက်စရာ ဘာအကြောင်းအရာများ ရှိလို့လဲ"

"ဟင်း... ဟင်း... တခြားတော့ မဟုတ်ပါဘူး မေရယ်၊ သားနဲ့သမီး လက်ထပ်ရင် ရွှေတောင်ကြားက မြေနဲ့တိုက်ကို လက်ဖွဲ့မယ်လို့ မေက ပြောခဲ့ဘူးတယ် မဟုတ်လား"

"မပြောခဲ့ပါဘူး"

"ဒါဆို ချိုနဲ့သမီး နားကြားများ လွဲသွားသလား မသိဘူး"

ဒေါ်ချိုချိုခင်၏ ပြောင်းလဲသွားသော မျက်နှာ အမူအယာကို ဒေါ်ခင်မေလတ် မကြိုက်။

"ပထမ သူတို့ လင်မယားကို နေခိုင်းဖို့ စိတ်ကူးထားတာ၊ လက်ဖွဲ့မယ်ဆိုတဲ့ စကား မေလုံးဝ မပြောခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ နောက်ပြီး မေပိုင်တဲ့ ပစ္စည်းတွေကိုလည်း အထူးပြုပြီး လက်ဖွဲ့နေစရာ မလိုပါဘူး၊ မေ့ပိုင်ဆိုင်မှုမှန်သမျှကို သားရမှာပဲ"

"ဟို... ဟိုဒင်းလေ၊ ချိုက စကားစပ်မိလို့ ပြောတာပါနော်၊ ပစ္စည်းမက်မောလို့ ပြောတဲ့စကားမဟုတ်ပါဘူးနော်"

"ဒါကတော့ ကိုယ့်စိတ်ကို ကိုယ်ပဲ သိပါတယ်လေ၊ ကဲ... ချို့ သော်ကမြိုင်ကိုလာပြီး ပြောချင်တဲ့ လိုရင်းစကားက ဒါပဲ မဟုတ်လား"

ဒေါ်ချိုချိုခင် ထိုင်ရမလို ထရမလို ဖြစ်ဆဲမှာ...

"မေ အပြင်သွားစရာ ကိစ္စရှိသေးတယ်၊ ချိုကို တစ်ပါတည်း ဝင်ပို့ခဲ့ရင် အဆင်ပြေမလား"

"ရပါတယ်မေ၊ ရပါတယ်၊ လမ်း ဟိုဘက်ထိပ် ဒီဘက်ထိပ် လျှောက်ရတာ အညောင်းတောင် ပြေပါတယ်၊ ချို သွားတော့မယ်နော်"

ဒေါ်ခင်မေလတ်က ခေါင်းကို ဆတ်ခနဲ ညိတ်ပြသည်။

ဒေါ်ချိုချိုခင် ပြန်အသွားမှာ မိသိန်းက အအေးဗူးကို သိမ်းရင်း...





"သိပ်မုန်းဖို့ကောင်းတဲ့ မိန်းမကြီး၊ တိုယ့်သမီးကိုတော့ ဆုံးမမယ် မရှိဘူး"

"မိသိန်း... နှင့်ပါးစပ် ပိတ်ထားစမ်း"

"ဟုတ်ကဲ့၊ ပိတ်ထားပါ့မယ် မေမေကြီး"

မိသိန်း ထံပါးမှ ထွက်အသွားမှာ ဒေါ်ခင်မေလတ် ပင့်သက်ခပ်ပြင်းပြင်း မှုတ်ထုတ်လိုက်သည်။

အခြေအနေသည် အကောင်းဘက်မှာ မရှိနိုင်တော့သည်သာမက ဆိုးပြီးသား ဖြစ်၏။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



[ ၂၅ ]

ဒေါက်တာတူး၏ စကားများအပေါ်မှာ သူမမျက်လုံး ဝိုင်းစက်သွားသည်။

သား၏ အိမ်ထောင်ရေး အေးစက်မာကြောနေသည့် သတိပြုမိသော်လည်း သည်အခြေအနေမျိုးထိ ဒေါ်ခင်မေလတ် မစဉ်းစားထား။

"ဟုတ်ရဲ့လား ဒေါက်တာတူးရယ်၊ ဖြစ်နိုင်ခြေကော ရှိပါ့မလား"

"ဦးစံမောင်တ သူ့မိန်းမ မယ်လှကို ပြောပြ... လတ်ရဲ့၊ သည်စကားကို မယ်လှကတော့ မေလတ်





ကို ဘယ်ပြောရဲမလဲ၊ ဒေါက်တာတူးက သော်ကမြိုင်မှာ မေလတ်ကို ချိုပိုးထိန်းကျောင်း လာခဲ့သူဆိုတော့ ဘာမဆို မေလတ်ကို ပြောပြဝံ့တာပေါ့"

"နေပါဦး၊ အဲဒီအကြောင်းကို သားက ဦးစံမောင်ကို ပြောပြလို့လား"

ဒေါ်ခင်မေလတ်က သိချင်စိတ်ကို ဖွင့်မေးသည်။

"မောင်လတ်က ဦးစံမောင်ကိုတော့ ဘယ်ပြောမလဲ၊ သော်ကမြိုင်မှာ မောင်လတ်က မွှတ်တားကိုပဲ သူငယ်ချင်းလို ပေါင်းနေတာ၊ တစ်နေ့ နေ့လည်မှာ မွှတ်တားအခန်းထဲမှာ မောင်လတ် အရက်ကို တော်တော်များများ သောက်တယ်တဲ့၊ မွှတ်တားက ကိုလတ် မိန်းမရတဲ့ညမှာ အရမ်းပျော်မှာပေါ့နော်လို့ ယောကျ်ားချင်း ယောကျ်ားစကားပြောကြတာပေါ့ မေလတ်ရယ်၊ အဲသလို မွှတ်တားကမေးတော့ မောင်လတ်က ကျုပ်ဒေဝီနဲ့ လက်ထပ်တဲ့နေ့ကစပြီး ကင်းကင်းရှင်းရှင်း နေခဲ့ပါတယ်တဲ့"

သည် စကားများအပေါ်မှာတော့ သူမ ယုံကြည်မှု ရှိသည်။ အဘယ်ကြောင့်ဆိုသော် သား၏ အချစ်နှင့်နှလုံးသား အရေးကို သူမ ကောင်းကောင်း သိထားခဲ့သောကြောင့် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း... တစ်လပြည့်ပြီး သုံးရက်မြောက်ညမှာ နိုင်ငံခြားသား ဧည့်သည်တွေနဲ့ ဧည့်ခံပွဲမှာအရက်သောက်တာ များသွားတယ်တဲ့၊ အဲဒီညကျမှပဲ သူနဲ့ ဒေဝီ..."

"ဖြစ်နိုင်ပါတယ်"

"ဟုတ်တယ် မေလတ်၊ လုံးဝကို ဖြစ်နိုင်တယ်၊ မောင်လတ်ကြည့်ရတာ ဒေဝီကို မေတ္တာရှိပုံ မပေါ်ဘူး၊ မအေကို မလွန်ဆန်ရဲလို့ မေလတ် စီစဉ်သမျှ ခေါင်းငုံ့ခံလိုက်ပေမယ့် မောင်လတ် ဒေဝီကို မချစ်ဘူးဆိုတာ သော်ကမြိုင်က လူတွေအားလုံး သိတယ်"

"ကျွန်မ ဝန်မခံတတ်ဘူး ဒေါ်တာတူး"

ဒေါ်တာတူးက မအေးစက်တည်ငြိမ်နေသည့် သူမ၏ မျက်နှာကို ခပ်ငေးငေးလေး ကြည့်သည်။

"ဒါပေမယ့် ကျွန်မသားနဲ့ပတ်သက်ပြီး မှားသွားခဲ့ပြီ"

ဒေါ်ခင်မေလတ် မီးဖိုခန်းထဲမှ ထွက်ခဲ့သည်။

နောက်ပါးမှ ဒေါ်တာတူး၏ ပင့်သက်ချသံကိုတော့ သူမကြားလိုက်ရပါ၏။

သူမ တင်းထားသမျှသည် အားလုံးအတွက် စိတ်မချမ်းမြေ့ဘွယ်ဖြစ်နေပြီကိုတော့ ဒေါ်ခင်မေလတ်သိသည်။

☆ ☆ ☆





[ ၂၆ ]

"အန်တီမေ... အန်တီမေ"

အသံနှင့်အတူ ဘာဂျာတံခါး ဆွဲဖွင့်သံ။

မိမိထံပါးသို့ ဝမ်းသာအားရ ပြေးလွှားလာသည့်အသံ။

သည်အသံတွေအားလုံးသည် ဒေဝီနှင့် ဆက်နွယ်ပါလာသည့် အသံများဖြစ်သည်။

"ဝမ်းသာစရာပဲ အန်တီမေရယ်၊ မာမီက သမီးအန်တီမေ အရင်ဝမ်းသာရအောင် ဖုန်းဆက်ပြောလေ ဆိုတာကိုတောင် ဒေဝီက လက်မခံဘူး အန်တီမေဆီ တရကြမ်းပြေးလာခဲ့ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"တရကြမ်းတောင် ပြေးလာခဲ့ရသလား ဒေဝီရယ် လမ်းမှာ မှောက်မှက်လဲရင် အနာတရ ဖြစ်ရဦးမယ်"

"ဝမ်းသာလွန်းလို့ပါ အန်တီမေရဲ့"

နံဘေးမှာ ဝင်ထိုင်ပြီး ဒေဝီ မောနေ၏။ စကားကို မ နိုင်သေးဘဲ မိသိန်းကို မျက်ရိပ်ပြပြီး အအေးဗူးတစ်ဗူးကို ယူ သည်။

"ဘာများ ဝမ်းသာစရာ ပါလာပါလိမ့်"

"အရမ်းကို ဝမ်းသာစရာ ကောင်းတဲ့စကား အန်တီ မေ"

သွက်လက်ရွှင်ပျနေသည့် ဟန်ကိုကြည့်ပြီး ခင်မေလ ပြုံးတော့ပြုံးမိ၏။ သား၏ အိမ်ထောင်သက်တမ်း သုံးလပြည့် သည်တစ်ကြိမ်သာလျှင် ဒေဝီ၏ ပြုံးပျော်ရွှင်ခြင်းကို သူမ တွေ့သည်။

"အန်တီမေ"

"ပြောလေ"

"ဒေဝီမှာလေ၊ ကိုယ်ဝန်သုံးလတောင်ရှိပြီတဲ့"

"ဟင်၊ ကိုယ်ဝန်သုံးလ ဟုတ်လား၊ ဒေဝီ့ကို ဘယ်သူ ပြောလိုက်တာလဲ"





"မာမီ သူငယ်ချင်း အန်တီ ဒေါက်တာလဲ့လဲ့က အိမ် ကို လာလည်ရင်း ဒေဝီ့ကို စမ်းသပ်ပြီး ပြောလိုက်တာ အန်တီမေရဲ့"

ခင်မေလတ်၏ မှင်သက်သော အကြည့်တွေမှာ အံ့အား ခြင်းနှင့် စဉ်းစားတွေးခေါ်ခြင်းများသည် သူမ၏အသိ အာရုံ စုံလုံးကို လွှမ်းမိုး ဆုပ်ကိုင်လာသည်။

သည့်နောက် ဒေဝီအပေါ်ထပ်သို့ အပြေးကလေး တက် သွားသည်။

ကိုယ်ဝန်က သုံးလတဲ့လား။

တစ်လောက ဒေါ်တာတူးပြောပြသည့် စကားတွေက သူမ မှာ ပဲ့တင်ထပ်လာသည်။

သားက မွတ်တားကို ပြောပြခဲ့သည်ဆိုသည့် စကားတွေ။

မွတ်တားကတဆင့် ဦးစံမောင်။

အို… ရေသာ်ကမြိုင်မှာရှိတဲ့ လူသားအားလုံး ရှိုးသားကြ သည်။ စကားအပိုတွေ ဘယ်လိုမှ မရှိနိုင်သည်ကိုလည်း ခင်မေ လတ် ယုံကြည်၏။

ညနေ ခပ်စောင်းစောင်းလောက်မှာ သားပြန်ရောက်လာ သည်။ အပေါ်ထပ်တက်သွားပြီး ညနေစာ စားသည့် အချိန်အ တော့ကိုလွန်မှ သားဆင်းလာ၏။



www.burmeseclassic.com

www.burmeseclassic.com


"မင်းနဲ့ ဒေဝီ ထမင်း မစားကြသေးဘူးလား"

"မစားဖြစ်တော့ဘူး မေမေ"

"သား မျက်နှာလည်း မကောင်းပါလား"

"မေမေ့ကို ပြောပြမလို့ပါ"

အောက်ထပ်ကို ဒေဝီ ဆင်းမလာ။

သားက သူမ နံဘေး နှစ်ယောက်ထိုင် ဆိုဖါဆက်တီ ခြေပစ်လက်ပစ် ဝင်ထိုင်ပြီး...

"ဒေဝီက ပြောတယ် မေမေ"

"အင်း..."

"သူမှာ ကိုယ်ဝန်ရှိနေပြီတဲ့"

"ဒါ ဖခင်လောင်းဖြစ်မယ့် ယောကျ်ားတစ်ယောက်အတွက် ပျော်ရွှင်စရာကောင်းတဲ့ စကားပဲ သားရဲ့"

"ကျွန်တော် မပျော်ဘူး"

"ဟင်... ဘာဖြစ်လို့လဲ"

"ရင်ထဲမှာ အလိုလို မပျော်ဘဲကို ဖြစ်သွားတာ မေမေ၊ ဘာဖြစ်လို့ဆိုတာကိုပဲ ကျွန်တော်ထုတ်ဖော်ပြောလို့ မတတ်ဘူး"

သား၏ မှိုင်းညို့ညို့ဖြစ်နေသော မျက်နှာကို ခင်မေလတ်က ခပ်စိုက်စိုက်ကလေးကြည့်သည်။



"ဒေဝီက ကျွန်တော်ကို မပျော်ဘူးလားလို့ မေးတယ်"

"သားက ဘာပြောလိုက်လဲ"

"မပျော်ဘူးလို့ အရိုးခံအတိုင်းပဲ ပြောလိုက်တယ် မေမေ၊ အဲဒါကို ဒေဝီ အရမ်း စိတ်ဆိုးသွားတယ်"

"ဆိုးလည်း မတတ်နိုင်ဘူးလေ၊ ဒေဝီ ကိုယ်ဝန်ရှိတယ် ဆိုတဲ့ ကိစ္စမှာ သား ပျော်ကိုမပျော်ရဘူး"

"ဗျာ"

သူမ အောက်နှုတ်ခမ်းကို ခပ်တင်းတင်းလေး ဖိကိုက်သည်ကိုတော့ သား နားမလည်နိုင်စွာ ဖြစ်သွားပါလိမ့်မည်။

သို့မဟုတ်...

ပညာတတ်သားသည် နားလည်ကောင်းနားလည် ပါလိမ့်မည်။

☆ ☆ ☆


www.burmeseclassic.com

www.burmeseclassic.com



[ ၂၇ ]

"မင်းရဲ့ စိတ်ဓါတ်နဲ့ မင်းရဲ့နှလုံးသားရေး တိစ္စကို ငါက သိနေတော့ အိမ်ထောင်ရေး အဆင်ပြေရဲ့လားဆိုတဲ့ စကားကိုမေးဖို့ မလိုဘူးလို့ ငါ့ကိုယ်ငါ သိထားတယ် လေ၊ နောက်ပြီး မင်းနဲ့တွေ့တိုင်းလည်း စိတ်မချမ်း သာဘူး"

"ဘာဖြစ်လို့လဲ"

"ငါက မင်းမျက်နှာပေါ်က စာတွေကို ဖတ်နေတာ လတ်ကြီး၊ ညနေပိုင်းတွေမှာ ရက်ခြားဆိုသလို ငါနဲ့





မင်းက ဘီယာအတူသောက်နေတော့၊ ဘီယာ ခွက်လုံးရဲ့ မူးယစ်ဝေသီမှုထက် မင်းရဲ့နှလုံးသား မူးယစ်ဝေသီနေတာကို မပြောဘဲနဲ့ ငါသိတယ်"

သူ ပင့်သက်ကို ဖူးခနဲ မှုတ်ထုတ်သည်။

ညနေနှောင်းစ လေပြေက တန်ရေကို ကျော်ဖြတ်တိုက် ခတ်နေ၏။

အလယ်ကျွန်းဘက်သို့ အိပ်တန်းတက်ရန် ပျံသန်းသွား သည့် ငှက်တစ်အုပ်ကို ငေးမောကြည့်ရင်း...

"ငါ အံ့အားတသင့် ဖြစ်နေတာ"

"ဘာကိုလဲ"

"မမေ ပြောတဲ့စကားပါ၊ ဒေဝီမှာ ကိုယ်ဝန်ရှိတာကို မင်းမပျော်ရဘူးတဲ့၊ ငါကလည်း မပျော်ပါဘူး"

"နေပါဦး၊ မင်းက ဘာလို့ မပျော်ရတာလဲ"

"မဖြေချင်တာထက်၊ မဖြေတတ်တာ မျိုးမြင့်လူ၊ ငါ့ ရင်ထဲမှာ နှင်းသက်ဝေ ရှိနေသမျှ ကာလပတ်လုံး ဒေဝီနဲ့ဖြစ်ပေါ်လာတဲ့ ပတ်သက်မှုအားလုံးက ငါ့အ တွက် ပျော်စရာ ဖြစ်လာမှာ မဟုတ်ဘူး"

သူ့ စကားများကို မျိုးမြင့်လူသည် ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါ။ သူက...



www.burmeseclassic.com

www.burmeseclassic.com


"မေမေ့ စကားကို မင်း အဖြေထုတ်ပေးပါဦး"

"ဒေဝီ ကိုယ်ဝန်ရှိတာကို မင်းမပျော်ရဘူးဆိုတဲ့ စကားလား"

"ဟုတ်တယ်"

သူက ဘီယာတစ်ကျိုက်မော့လိုက်ပြီး ဂဏန်းအသားဖတ်များကို တူနှင့်ညှပ်ယူ စားလိုက်၏။

မျိုးမြင့်လူက အကြည့်ငေးများကို အဝေးဆီသို့ ပို့ရင်း...

"မပျော်ရဘူးဆိုရင်လည်း မပျော်ဘဲ နေလိုက်ပေါ့ကွာ"

"မင်း အဖြေက မခိုင်လုံဘူး"

"ခိုင်လုံတာတွေ၊ အကြောင်းတရားတွေက ငါ့မှာ မရှိဘူးလေ၊ အန်တီမေ့မှာ ရှိနေမယ်"

"စိတ်ရှုပ်တယ်ကွာ၊ ငါကတော့ အလုပ်မှာပဲ စိတ်ကို နှစ်ထားတာ၊ တစ်ခုတော့ ငါအံ့ဩနေတယ်"

မျိုးမြင့်လူက သူ ဆက်လာမည့် စကားကို နားစွင့်၏။

"ဒေဝီ့ကို မေမေ သဘောကျ ရွေးချယ်ပြီး ပေးစားတာ၊ ဒါပေမယ့် မေမေနဲ့ဒေဝီ အဆင်မပြေဘူး မျိုးမြင့်လူ၊ တစ်ခါစကားများ ဖြစ်ကြတော့ မေမေက ဒေဝီ့ကို မင်းဟာ သော်ကမြိုင်ရဲ့အမှိုက်ပဲလို့ ပြောတဲ့ စကားအပေါ်မှာ ဒေဝီတော်တော်ကို မခံမရပ်နိုင်ဖြစ်သွားတယ်၊ အဲဒီတုန်းက သူ့မာမီအိမ်ကို သုံးလေးရက်လောက် ဆင်းသွားသေးတယ်"

"မင်း လိုက်ခေါ်လား"

"ဝေးသေးတယ်၊ သူ့ မာမီကြီးက ပြန်လာပို့တာ၊ မေမေကတော့ မင်းသိတဲ့ အတိုင်းပဲ၊ မျက်နှာထားကို များ တင်းထားလိုက်တာ၊ ဒါပေမယ့် လူကြီးတစ်ယောက်အနေနဲ့ မေမေ ခွင့်လွှတ်စိတ် မွေးလိုက်တယ် ထင်ပါရဲ့၊ သော်ကမြိုင်ကို ဒေဝီပြန်လာတော့ ဘာမှမပြောဘူး၊ စကားအစအနကိုလည်း ဆွဲမထုတ်ဘူး"

"အန်တီမေ နောင်တရနေမှာပဲ"

"ဘာကိုလဲ"

"ဒေဝီနဲ့ မင်းကို ပေးစားမိတာ"

သူ ငြိမ်နေလိုက်သည်။

ပတ်ဝန်းကျင်၏ အေးချမ်းငြိမ်သက်မှုကို ခံစားရသော်လည်း ရင်မှာ တောက်လောင်နေသည့် မီးကိုတော့ ကိုယ့်ဖါသာ ကိုယ်သိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး အဆိုးအကောင်းကို ဝင်မပြောသော်လည်း ဒေဝီနှင့်သူ့ကို သဘောမတူသူ စာရင်းတွင် မျိုးမြင့်လူ ထိပ်ဆုံးကပါသည်။

"နှင်းသက်ဝေနဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်ကို လတ်တလောချလိုက်တာကတော့ အန်တီမေ့ အမှားပဲ၊ မင်္ဂလာပွဲကို မြန်မြန်ဆန်ဆန် စီစဉ်တာတို့၊ ဘာတို့ပေါ့"

"ငါလည်း အဲဒါနဲ့ ပတ်သက်ပြီး ပထမ မေ့မေ့ကို အပြစ်မြင်မိတယ်၊ နောက်မှ အခြေနေမှန်ကို ဒေါ်တာတူးဆီက ကြားရတာ"

"ဒေါ်တာတူးက မင်းကို ဘာပြောလို့လဲ"

"ငါနဲ့နှင်းသက်ဝေ တတွဲတွဲသွားနေတာကို ဒေဝီ့မာမီ အန်တီချိုချိုခင်က မြင်တယ်တဲ့၊ ကြာရင် မိဘတွေ စီစဉ်ထားတာ ပျက်ပြားသွားနိုင်တယ်တဲ့၊ ဒေဝီ ကျောင်း ပြီးတာ မပြီးတာကို စောင့်မနေဘဲ အမြန်ဆုံး လက်ထပ်ပေးလိုက်တာ အကောင်းဆုံးပဲလို့ ဒေဝီ့ မာမီက မေမေ့ကို နားပူနားဆာ လုပ်တာတဲ့"

"အော်... အဖြစ်မှန်က သည်လိုကိုး၊ ဒါကြောင့် ဒေဝီ ကိုယ်ဝန်ရှိတာ မင်းမပျော်ရဘူးလို့ အန်တီမေက ပြောတာကိုး"





"ငါ အရမ်းနားရှုပ်နေပြီ မျိုးမြင့်လူ၊ စိတ်လည်း ရှုပ်တယ်"

"အဲဒါတွေ အားလုံးကို အန်တီမေ ရှင်းပေးသွားပါလိမ့်မယ်ကွာ၊ အန်တီမေက ခပ်ညံ့ညံ့ခပ်အအ မိန်းမ တစ်ယောက်မှ မဟုတ်တာ၊ လက်ရှိအခြေအနေပေါ်မှာတော့ မင်းပျော်ပျော်နေဖို့ပဲ"

သည့်နောက် စကားလမ်းကြောင်းတွေကို မျိုးမြင့်လူက ပြောင်းသည်။ စီးပွားရေး အကြောင်းအရာများ ပြောသည်။

အပြန်မှာတော့ သူ့အတွက် ထူးခြားသည် စကားတစ်ခွန်းကို မျိုးမြင့်လူက ပြောသွား၏။

"မင်း ဒေဝီ့ကို မသနားမိဖို့နဲ့ မချစ်မိဖို့ကိုတော့ အထူးကြိုးစားရမယ် လတ်ကြီး"

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[ ၂၈ ]

"သော်ကမြိုင်ဟာ ဒေဝီအတွက် အဓိပ္ပါယ် ရှိသေးရဲ့လား ဆိုတာကို ဖြေစမ်းပါ ကိုလတ်ရဲ့"

သူ့ ရင်ဘတ်အကျီစကို ဆွဲဆုပ်ကိုင်လှုပ်ပြီး ဒေဝီကမေးသည်။ သည်နေ့ သော်ကမြိုင်မှာ ဒေဝီဘာတွေ ပေါက်ကွဲမှု ဖြစ်ခဲ့သည်မသိ။ ညနေစာ စားသောက်ပြီး အပေါ်ထပ်အတက်မှာ သူနှင့်ဒေဝီ အနည်းငယ်တော့ စကား ကတောက်ကဆ ဖြစ်ခဲ့၏။

ဒါကလည်း ဘာမှ ကြီးမားသည့် ကိစ္စမဟုတ်။

အခန်းထဲဝင်တော့ အပြာရောင်မှိုင်းမှိုင်း ဗိုက်ဖုံးအကျီလေးကို ကိုယ်မှာကပ်ပြီး ဒေဝီနဲ့လိုက်ရဲ့လားဟု ဒေဝီက မေးသည်။

ဒါကို သူက...





"ကိုယ် မကြည့်တတ်ဘူး ဒေဝီ"

ဟု ပြောရာမှ အစချီပြီး...

"သားသားလေးမွေးရင်း ပျော်စရာ အရမ်းကောင်းမှာပဲဆိုတဲ့ စကားတစ်ခွန်း ရှင်ပြောဖူးခဲ့ရဲ့လား။ ရှင်လည်း ရှင့်အမေလိုပဲ"

ဆိုသည့် စကားဖြစ်ပြီး သူမငိုသည်။ အားရအောင် အော်ပြီးတော့မှ ခက်ထန်သော မျက်လုံးအကြည့်နှင့် သူ့ကိုကြည့်ပြီး...

"သော်ကမြိုင်ဟာ ဒေဝီအတွက် အဓိပ္ပါယ်ရှိသေးရဲ့လား"

ဆိုသည့် စကားကို ဒေဝီပြောသည်။

"ဒီမယ် ဒေဝီ၊ သော်ကမြိုင်က ဒေဝီကို အဓိပ္ပါယ်မရှိအောင် လုပ်နေတာလား၊ ဒေဝီက သော်ကမြိုင်ကို အဓိပ္ပါယ် မရှိအောင် လုပ်နေတာလား"

"သော်ကမြိုင်က လုပ်နေတာ"

ဒေဝီ အသံပြုနှင့်အော်သည်။

သူက အောက်ထပ်မှ မေမေ ကြားမည်စိုးသဖြင့် ခပ်ဟဟလေးဖွင့်ထားသော အိပ်ခန်းတံခါးကို ဆွဲပိတ်လိုက်၏။

"ဒေဝီဟာ ကိုလတ်ရဲ့ မိန်းမပါ ကိုလတ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ တစ်ရပ်ကွက်လုံးသိတဲ့ ကိစ္စ"

"တစ်ရပ်ကွက်လုံးက လူတွေ သိပေမယ့် သော်ကမြိုင်က လူတွေမသိကြဘူး"

အသံက ကျယ်လွန်းနေ၏။ ကိစ္စမရှိ။

အိပ်ခန်းထဲက ပြဿနာကို သူနှင့်ဒေဝီသာ သိနိုင် ကြားနိုင်သည်။

"ဒေဝီ ဘာကို ရည်ရွယ် ပြောနေတာလဲ"

"ခံစားနေရတာ ကြာပြီ"

"ဘာကို ခံစားနေရတာလဲ'

"ဒေဝီ အပြင်ထွက်ရင် ထွက်တာကိုပဲ လိုက်ပြောတယ်၊ အိမ်မှာနေတော့ ဒေဝီ့ကို ဘယ်သူက ဂရုစိုက်ကြလို့လဲ"

ဒေဝီ၏ အိမ်ထောင်သည် တစ်ယောက်လို ကျင့်ကြံမနေထိုင်မှုအတွက် မေမေ စိတ်ခုထားသည်ကို သူသိသည်။

မေမေ မနှစ်သက်ဆုံးကယောကျ်ားလေး အပေါင်းအသင်းတစ်ချို့နှင့် သွားလာသည့်ကိစ္စ။ ဆိုရှယ်ကျခြင်းနှင့်လော်မာခြင်းကို မေမေသည် သူ့ရှေ့မှာပင် ဒေဝီ့ကို ပွင့်ပွင့်လင်းလင်း ပြောဘူး၏။ သည်တုန်းက ဒေဝီ၏ ခွန်းတုံ့မခံ ပြန်လှန်တုန့်ပြန်သည့် စကားများအတွက် မေမေသည် 'ချွေးမ' ဆိုသည့် သံယောဇဉ်ကို ဖြတ်ခဲ့လေသည်လားမသိ။





"ဖြေစမ်းပါ။ ဒေဝီ အိမ်မှာနေတော့ကော ဒေဝီကို ဘယ်သူက ဂရုစိုက်ကြလို့လဲ"

"ဂရုစိုက်ရအောင် မင်းက ဧည့်သည်ရမဲ့ အရွယ်မှ မဟုတ်ဘဲ ဒေဝီ၊ သော်ကမြိုင်က လူတွေအားလုံးမှာ မင်းလို အချိန်ပိုတွေ ရှိနေတာမှ မဟုတ်ဘဲ၊ ကိုယ့်တာဝန် ကိုယ်ကျေပွန်အောင် ထမ်းဆောင်နေကြရတာ"

"ဒီမယ် ကိုလတ်၊ ဒေဝီ ပြောချင်တာက သည်စကားမဟုတ်ဘူး၊ သော်ကမြိုင်မှာ မိသိန်းကအစ ဒေဝီ ခိုင်းရင် ဘယ်တော့မှ လိုလိုလားလား လုပ်မပေးဘူး"

"ဒါကတော့ မိသိန်းမှာ မေမေ့အတွက် လုပ်ပေးရမယ့် တာဝန်တွေ ရှိသေးတယ်၊ မင်းအတွက် သီးသန့်ခိုင်းဖို့ဆိုရင် အိမ်ဖော်တစ်ယောက်ရှာကွာ၊ မင်းကို တစ်ခုတော့ သတိပေးမယ်၊ သော်ကမြိုင်က အလုပ်သမားတွေကို မေမေနဲ့ငါကလွဲလို့ ဘယ်သူမှ မောက်မောက်မာမာခိုင်းလို့ မရဘူးဆိုတာပဲ"

"ဒီမယ်၊ အိမ်ဖော်ကို အိမ်ဖော်လိုပဲ သဘောထားပြီး ခိုင်းရမှာပဲ၊ ဘုရားစင်မှာ တင်မထားနိုင်ဘူး"

သူ စကားကို ဘာမှ မတုန့်ပြန်ဘဲ အခန်းတံခါးဖွင့်ပြီး သဘာဆောင်ဘက် ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီ သူနောက်သို့ ပြေးလိုက်လာပြန်၏။

"ဒီမယ်... ရှင့်အမေကလေ လူကြီးဖြစ်ပြီး လူကြီးစကားနဲ့မညီဘူး"

"မင်း မေမေ့ကိုတော့ မစော်ကားနဲ့နော်၊ မေမေ့ကို စော်ကားရင် ငါလုံးဝမခံဘူး"

"မခံနိုင်ရင်လည်း မတတ်နိုင်ဘူး၊ ပြောချင်တာကိုတော့ ပြောရမှာပဲ၊ တလောက ရှင့်အမေ စိန်တဆင်စာ ဝယ်တယ်ဆိုတာ စိန်ပွဲစား လောကထဲက ကျွန်မသိထားပြီးပြီ"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ၊ ရှင်နဲ့ရရင် ဆင်မယ်ဆိုတဲ့ စိန်တဆင်စာလေ၊ ခု ဘယ်မှာ ရောက်လာလို့လဲ"

"ဒါကတော့ ရှင်းပါတယ်"

"ဘာ ရှင်းတာလဲ"

"မေမေက မင်းကို အမြင်ကတ်လို မပေးတာ၊ မင်းက ဘာမက်မက်မောမော ဖြစ်နေရတာလဲ၊ ငါ့ကို လက်ထပ်တာ အတွင်းပစ္စည်း၊ အပြင်ပစ္စည်းတွေ မက်မောလို့ မင်းလက်ထပ်တာလား ဒေဝီ"

"မိန်းမတိုင်း လိုချင် တပ်မက်ကြတာပဲ"





"အဲဒီ တပ်မက်တဲ့ မိန်းမတိုင်းထဲက မင်းက အဆတစ်ရာပိုတယ်"

သူ ပြောပြီး အိပ်ခန်းထဲ ပြန်ဝင်ခဲ့သည်။

သည်တစ်ခါတော့ ဒေဝီ ပြန် ဝင်လိုက်မလာ။

သူကွယ်ရာမှာ အံကို တင်းတင်းကြိတ်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိမ့်မည်ကိုတော့ စိတ်ကသိနေ၏။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



[ ၂၉ ]

ညနေဘက် သူပြန်လာတော့ ခြံဝင်းတံခါးကို မွတ်တား လာဖွင့်ကတည်းက မျက်နှာထားတစ်မျိုး ဖြစ်နေသည်ကို သူသတိ ပြုမိ၏။

ကားကို ဝင်းတံခါး တစ်ဝက်လောက်ထိ ခေါင်းတည့်ထား ပြီး သူက...

"ကိုမွတ်တား"

"ခိုင်းလေ ကိုလတ်"

"ခိုင်းဖို့ ပြောတာ မဟုတ်ဘူး၊ ခင်ဗျား မျက်နှာတစ်မျိုး ဖြစ်နေတယ်၊ ကျုပ်ကို ပြောချင်တဲ့စကားတွေ ရှိနေ သလိုပဲ"





"မရှိပါဘူး ကိုလတ်"

"ဟုတ်ရဲ့လား ကိုမွတ်တားရယ်၊ ဘာလဲ မေမေ့ အဆူ ထိခံထားရပြန်ပလား"

"မမကြီးက ကျွန်တော်တို့ကို ဘယ်တော့မှ မဆူပါဘူး"

"တော်... သိပြီ၊ သိပြီ၊ ခင်ဗျားပန်းခင်းကို ဒေဝီဝင်ပြီး ဖျက်ဆီးသွားပြန်ပြီထင်တယ်"

"မဟုတ်ပါဘူး"

"ဘာလဲဗျ"

"ကဲ... မောင်း... မောင်း... ကိုလတ်၊ ကိုယ်ဝင်း တံခါးပိတ်လိုက်ဦးမယ်"

သူကားကို ဆင်ဝင်အောက်မှာ မရပ်တော့ဘဲ ဂိုဒေါင်ထဲထိ တန်းမောင်းခဲ့သည်။ ပြီးတော့ အိမ်ဘက်လျှောက်ခဲ့၏။

သံဆွဲတံခါးဖွင့်ပြီး အိမ်ထဲဝင်တော့ ဧည့်ခန်းမှာ မေမေ့ကို မဂ္ဂဇင်းတစ်အုပ်ကိုင်လျှက် တွေ့သည်။

"ကားကို တန်းသွင်းပုံထောက်တော့ သားအပြင်မ ထွက်တော့ဘူးထင်တယ်"

"မထွက်တော့ဘူး မေမေ၊ နိုင်ငံခြားဧည့်သည်တွေ ရောက်မလာတော့ တာဝန်နည်းနည်းပေါ့နေတယ်"

သူ အပေါ် ထပ်သို့ တက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အပေါ်ထပ်ရောက်သည်နှင့် အပေါ်ထပ်မှာ တံခြား လှည်းနေသော မိသိန်းက အောက်ထပ်သို့ ဆင်းပြေး၏။

ဘယ်လို ဖြစ်နေကြတာလဲ။

သည်နေ့ မေမေ့ မျက်လုံးအကြည့်တွေက ပိုမိုအေးစက်နေ သည်။

အိပ်ခန်းတံခါးကို ဆွဲဖွင့်လိုက်၏။

ဒေဝီကို မတွေ့။

သည်လိုအချိန်တွေ အိမ်ပြန်လာတိုင်းလည်း သူ့ဒေဝီ မျှော်လင့်မထား။

မပေါ့မပါးနှင့် အပေါင်းအသင်း အိမ်တွေမှာလား။

ဒါမှမဟုတ်...

သူ့မ မာမီအိမ်မှာလား။

တစ်နေရာရာမှာ ရှိနေမည်ကိုတော့ သူ အတတ်သိ၏။

အပေါ်အင်္ကျီ အဝတ်အစားများ ချွတ်လိုက်ပြီး စွတ်ကျယ် လက်ပြတ်နှင့် သူ လသာဆောင်ဘက် ထွက်ခဲ့သည်။ ညနေအေး ၏ လေပြေမှာ ခြံထဲက နှင်းဆီပန်းနံ့တွေ ရောထွေးပါလာ၏။

နှင်းဆီခင်းဘက် လှမ်းကြည့်တော့ မွတ်တားကို မြေထိုး ဂေါ်ပြားငယ်တစ်ခုနှင့် အလုပ်ရှုပ်နေသည်ကို တွေ့ရသည်။

သူ မွတ်တား အလုပ်လုပ်နေသည်ကို ငေးစိုက်ကြည့် နေဆဲမှာ...





"ကိုလေး"

နောက်ပါးမှ ဆောင့်တက်လာသည့် ခေါ်သံကြောင့် သူ နောက်သို့ လှည့်ကြည့်လိုက်၏။

"အနားကပ်ပြီးတော့ သည်လောက် အော်ရသလား မိသိန်းရယ်၊ ဖြည်းဖြည်းသက်သာများ ခေါ်စမ်းပါ"

"ဖြည်းဖြည်းသက်သာ ခေါ်တာပဲ၊ ကိုလေးက ဘာ တွေ တွေးနေလဲမှ မသိတာ"

"ဘာမှ မတွေးဘူး၊ တွေးမယ်ဆိုရင်လည်း ငါ့အလုပ် ကိစ္စတွေပဲရှိမယ်"

"ဟုတ်ရဲ့လား"

"အဲ့မှာ၊ နင်က ငါ့ကို မလေးမခန့်နဲ့"

"မလေးမခန့် မဟုတ်ပါဘူးနော်၊ ကိုလေး ဘာတွေ တွေးနေသလဲဆိုတာ မိသိန်းက သိတယ်"

"ကဲ... သိရင်ပြောစမ်း၊ ငါဘာတွေ တွေးနေသလဲ"

"မမနှင်းသက်ဝေ အကြောင်းတွေးနေတာ"

"ဘာ၊ နှင်းသက်ဝေ ဟုတ်လား၊ ပြောစမ်း မိသိန်း နင် ဒီနာမည်ကို ဘယ်လိုလုပ်သိနေလဲ"

"မျက်လုံးကြီးပြူးပြီး ကြောက်စရာကောင်းလောက် အောင် ကြည့်မနေစမ်းပါနဲ့ ကိုလေးရာ၊ မေမေကြီး



www.burmeseclassic.com

www.burmeseclassic.com



မပြောပြဘဲနဲ့ နှင်းသက်ဝေဆိုတဲ့ နာမည်ကို မိသိန်းက ဘယ်လိုလုပ်သိမှာလဲ"

"မေမေက နင့်ကိုပြောပြတယ်... ဟုတ်လား"

ဟုတ်ပ၊ အဲဒါ နင့်ကိုလေးရဲ့ ရည်းစားဦးတဲ့၊ မခ နှင်းသက်ဝေက အရမ်းချောပြီး အရမ်းကို ကျက်သ ရေရှိတာပဲနော်၊ ကိုလေး"

သူ မျက်လုံးတွေ ဝေသီသွားသည်။

နောက်ပြီး အတွေးတွေက ဝေ့လာ၏။

နှင်းသက်ဝေ ဓါတ်ပုံက မေမေ့ လက်ထဲမှာ ဘယ်လို ရှိနေ ရတာလဲ။

သူ စာဖတ်ခန်းကို အပြေးကလေး သွားသည်။

သားရေဖုံး စာအုပ်အထူကြီးကို လှန်လှောကြည့်သောအခါ နှင်းသက်ဝေ သူ့ကို အမှတ်တရ ပေးထားသည့် ဓါတ်ပုံသုံးပုံမှ တစ်ပုံလျော့နေ၏။

"အင်း... မေမေဟာ ငါ့ထက်ကို လျင်တာပါပဲလား၊ ငါ ဘယ်လို သိုသိုဝှက်ဝှက်နဲ့ သိမ်းထား သိမ်းထား၊ အားလုံးကို မေမေ သိနေတော့တာပဲ"

သူ စာကြည့်ခန်းထဲမှ ပြန်ထွက်လာပြီး...

"နောက် မေမေက ဘာပြောသေးလဲ မိသိန်း"





"မတော်လိုက်ရတဲ့ ချွေးမတဲ့"

"အေး... ဟုတ်တယ် မိသိန်းရာ၊ မေမေရဲ့ မတော် လိုက်ရတဲ့ ချွေးမပါ။ အင်း... အားလုံးပြီးဆုံးသွား ပါပြီလေ"

"ဒါကတော့ ဘယ်ပြောနိုင်မလဲ ကိုလေးရဲ့"

သူ မိသိန်းမျက်နှာကို တအံ့တဩ လှမ်းအကြည့်မှာ...

"ကဲ... မေမေကြီးက မှာလိုက်တယ် ကိုလေး၊ တ အောင့်တနားနေပြီး ရေချိုးတဲ့၊ ထမင်းစားမယ်တဲ့"

ပြောပြီး မိသိန်းအောက်ထပ် ပြန်ဆင်းသွား၏။

သူ ရေချိုးခန်းဝင်တော့ ခြေလှမ်းတွေ လေးလံနေသည်။

နှင်းသက်ဝေတဲ့။

ဟုတ်ပါတယ်လေ ညည် နှင်းသက်ဝေဆိုတဲ့ နာမည်ဟာ သူ့ဘဝ ရှင်သန်နေသမျှ သူ့ရင်ထဲမှာ ရှိနေမှာပါ။

☆ ☆ ☆

"ဒေဝီ သူ့မာမီ အိမ်မှာ ရှိနေမလား မသိဘူး၊ သူ ည နေစာ ပြန်စားချင်တာမှာ မေမေ၊ ကျွန်တော် ဒေဝီကို ဖုန်းဆက်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်သက် ခြောက်လပြည့်ဖို့ ရက်ပိုင်းလောက်ပဲလိုတော့တယ်၊ ဘယ်နှစ်ခါများ မင်းတို့လင်မယား ထမင်းလက်ဆုံ စားခဲ့ကြလို့လဲ၊ မေမေသတိထားမိသမျှတော့ အိမ်ထောင်သက်ခြောက်လမှာ လင်မယား ထမင်းအတူစားတာ ရက်သုံးဆယ်တောင် မပြည့်ဘူးထင်ပါရဲ့"

ထမင်းစားပွဲမှာ သူနှင့်မေမေ နှစ်ယောက်တည်း။

မိသိန်းက ထမင်းနှင့်ဟင်းများ ခူးခပ်ထည့်ပေးရင်းမှ သူ့မျက်နှာကို လှမ်းလှမ်းပြီး အကဲခတ်သလို ကြည့်သည်။

"ပုဇွန်ထုပ်ကြီးတွေက အကြီးကြီးပါလား မေမေ"

"သောင်းချီပေးရတော့ သူလည်း ကြီးရမှာပေါ့၊ သားအကြိုက်ကို မေမေက စီစဉ်ထားတာပါ"

သူ ခေါင်းကို အသာညိတ်ပြ၏။

"သား ကြိုက်ဖို့ပဲလိုတယ်၊ လောကမှာ စီးပွားဆိုတာ ရှာလည်းရှာရတယ်၊ လှူလည်းလှူရတယ်၊ စားလည်းစားရတယ်"

"မေမေက အလှူရေစက်လက်နဲ့ မကွာဘဲဟာ"

"လှူတာ မေမေ တစ်ယောက်ထဲအတွက် မရည်ရွယ်ပါဘူး၊ သော်ကမြိုင်မှာရှိတဲ့ မိသားစုအားလုံးအတွက်





လည်း ရည်ရွယ်ပါတယ်၊ ကောင်းမှုကို ကိုယ်တစ်ယောက်ထဲယူရင် လောဘကြီးရာကျမှာပေါ့ သားရဲ့"

ထမင်းစားရင်း သူ ပြုံးနေလိုက်၏။

မေမေ၏ သီးသန့်အလှူများအပြင် သော်ကမြိုင်မှာ တစ်နှစ်တစ်ခါ အလှူကြီးအတန်းကြီး ပေးပါသည်။ သည့် အလှူကြီးသည် သော်ကမြိုင်မှာ နေထိုင်သည့် လူသားအားလုံးနှင့် ဆက်နွယ်ပါသည်။

ဘုန်းကြီးအပါး ငါးဆယ်ပင့်ပြီး ရေစက်ချ အမျှဝေလျှင် သော်ကမြိုင်ရှိ လူသားအားလုံးက ရေစက်ခွက်ကိုင်ပြီး အမျှဝေကြရသည်။ သည့်ကုသိုလ်အပေါ်မှာ ခံစားရသည့် အဖို့ဘာဂသည် မေမေ တစ်ဦးတည်းအတွက် မဟုတ်သည်ကတော့ သေချာ၏။

ထမင်းစားရင်း စကားပြောလိုက်ရင်းနှင့်မေမေ သူ့မျက်နှာကို အကဲခတ်ကြည့်ကြည့်သည်ကိုတော့ သူ သတိပြုမိသည်။

ထမင်းစားသောက်ပြီး ဧည့်ခန်းဆိုဖါမှာ ထိုင်ဖြစ်တော့မှ မေမေက...

"သား"

သူ မေမေ့ကို မော့ကြည့်သည်။

"သားရဲ့ စိတ်ဓါတ်နဲ့ အသည်းနှလုံးကို မေမေ နားလည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို ဦးတည်နေတာလဲ မေမေ"

မေမေ့ အကြည့်မျက်လုံး အေးစက်သွား၏။

"ခု မေမေ ပြောမယ့် စကားအတွက် သားရင်ထဲမှာ တုန်လှုပ်ချောက်ချားမှု မဖြစ်နိုင်ဘူးလို့ မေမေ ယုံကြည်တယ်"

စိတ်မှာ အနည်းငယ်တော့ ထင့်သွားသည်။

သူ မေမေ့ မျက်နှာကို ကြည့်နေဆဲမှာ...

"ဒေဝီ အိမ်ပေါ်က ဆင်းသွားတယ် သား"

"ဟင်"

သည် စကားကို သူ ထင်မထားခဲ့ပါ။

"မဆင်းခင်မှာ သော်ကမြိုင်က အလုပ်သမားအားလုံးကို ဒေဝီ ရန်လုပ်သွားတယ်"

သူ မျက်လုံးအဝိုင်းသားနှင့် နားထောင်နေမိ၏။

"မေမေ သူ့ကို စိတ်လျှော့ခိုင်းပါတယ်၊ ဒါပေမယ့် မေမေ့ စကားကို ဒေဝီ နားမလည်ဘူး၊ သူ့အပေါ်မှာ မေတ္တာမဲ့နေကြတဲ့ လူတွေရဲ့ကြားမှာ သူဘယ်လိုမှ မနေနိုင်ဘူးဆိုပြီး ဆွဲအိတ်ထဲကို သူ့အဝတ်အစားတွေထည့်ပြီး ဆင်းသွားတယ်"

"မေမေက မဆွဲဘူးလားဟင်"





"သော်ကမြိုင်ကနေ ကိုယ့်စိတ်ကိုယ့်သဘော၊ ကိုယ့်ဆန္ဒနဲ့ ထွက်သွားသူတွေကို တောင်းပန်ဖြောင်းဖျခဲ့ဘူးတဲ့ အစဉ်အလာ ရှိခဲ့လို့လား"

မေမေ့ အသံမာကျောသွားသည် ထင်၏။

သူ ခေါင်းကို အသာငုံ့ထားလိုက်သည်။

တစ်ခုတော့ သူကိုယ့်ကိုယ်ကို အံ့သြ၏။

ဒေဝီနှင့်ပတ်သက်သည့် ခံစားချက်တွေ သူ့ရင်မှာ ဘာလို့ မရှိရတာလဲ။

မေမေ ဒေဝီကို ဆွဲထားသင့်တာပေါ့ဟုဆိုသည့် စကား ပြောဖို့အတွက် သူ့အသည်းနှလုံးက ဘာလို့ အခွင့်မပေးရတာလဲ။

ဘာပဲဖြစ်ဖြစ်...

သည်ကနေ့ သော်ကမြိုင်၏ ညသည် သွေ့ခြောက်သလို ဖြစ်နေတာကတော့ အမှန်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



# [ ၃၀ ]

သူမ မျှော်လင့်ထားသည့်အတိုင်း သော်ကမြိုင်မှ ဒေဝီ ထွက်သွားပြီး သုံးရက်မြောက်နေ့တွင် ဒေါ်ချိုချိုခင် သော်ကမြိုင်သို့ ရောက်လာ၏။

"မေနဲ့မောင်လတ် တစ်ယောက်ယောက် ရောက်လာလိမ့်မယ်လို့ ချိုထင်ခဲ့ပါတယ်၊ ဒါပေမယ့် ဘယ်သူမှ ရောက်မလာဘူး"

"ဒေဝီ့ကို ပြန်လာခေါ်ဖို့လား"

"ဟုတ်တာပေါ့ မေ၊ တကယ်ဆို မေတို့ သားအမိမှာ လုံးဝ တာဝန်ရှိပါတယ်"





"ဟင်း... ဟင်း... စကားကို တာဝန်ဆိုတာကြီးနဲ့ ချိုပြီး မပြောပါနဲ့ချို၊ ထိုင်ပါ၊ အပူထဲက လမ်းလျှောက်လာတော့ အအေးဘူးလေးတစ်ခုခု သောက်လိုက်ရင် ခဏနေရင် အပူသက်သာသွားလိမ့်မယ် ထင်တယ်"

ချိုချိုခင်က ခင်မေလတ် မျက်နှာကို စူးစူးကြည့်လိုက်ပြီး...

"ချို အအေးသောက်ဖို့ လာတာ မဟုတ်ဘူးမေ၊ သမီးနဲ့ ပတ်သက်ပြီး စကားပြောဖို့လာတာ"

"ရပါတယ်၊ စကားကို ပြောလို့ရပါတယ်၊ မေကလည်း ချို ရောက်လာလိမ့်မယ်ဆိုတာကို မျှော်လင့်ပြီးသား ပဲ"

ချိုချိုခင် ဆိုဖါဆက်တီမှာ ဝင်ထိုင်တော့ ခင်မေလတ်က သူမနှင့်မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်၏။

မျက်နှာနှစ်ခုက အေးစက်မာကြောနေပြီး ရင်ထဲမှာလည်း စကားကိုယ်စီ ရှိနေကြပါသည်။

"မောင်လတ်နဲ့ သမီးဟာ လူကုံထံ အသိုင်းအဝိုင်းက ပေါက်ဖွားလာပြီး အထက်တန်းကျကျ လူသိရှင်ကြား မင်္ဂလာဆောင်နှင်းထားတဲ့ ဇနီးမောင်နှံပါ မေ"

"ဟုတ်တယ်လေ၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မေက သူတို့နှစ်ယောက်ကို တလေတချော၊ ကလေကဝ



www.burmeseclassic.com

www.burmeseclassic.com



ယူထားခြတဲ့ လင်မယားပါလို့ လူတောထဲမှာ လျှောက်ပြောနေလို့လား"

"မဟုတ်ဘူးလေ၊ ဒေဝီ သော်ကမြိုင်က ဆင်းလာတာကို မေ တားဖို့ကောင်းပါတယ်၊ နောက်ပြီး မေဖြစ်ဖြစ် မောင်လတ်ဖြစ်ဖြစ် ပြန်လာခေါ်ဖို့ကောင်းပါတယ်"

"ဒီမယ် ချို။ သော်ကမြိုင် မိသားစုအပေါ်မှာ ဒေဝီထားတဲ့ သဘောထားတွေ ဘယ်လောက်သိမ်နုတ်တယ်၊ သိမ်ဖျင်းတယ်ဆိုတဲ့ စကားတွေ မေ မပြောတော့ဘူး။ နောက်ပြီး အိမ်ထောင်သည် မိန်းမတစ်ယောက်ရဲ့ ဖျက်ပြားတဲ့စာရိတ္တ အနေအထိုင် အသွားအလာ ဒါတွေကိုလည်း မေ ထည့်မပြောတော့ပါဘူး။ မေ ပြောချင်တာက ဒေဝီရဲ့ လုပ်ရပ်တွေဟာ သော်ကမြိုင်က ဆင်းသွားရလောက်အောင် သော်ကမြိုင်က သူ့ကို ဘာတွေ နာကျည်းအောင်လုပ်နေသလဲ ဆိုတာ မေ သိချင်တယ်"

"သမီးက သူ့ခံစားချက်အားလုံးကို ချို့ကို ပြောပြပါတယ်"

"ခံစားချက်အားလုံး ဟုတ်လား၊ ရွှေတောင်ကြားက ခြံနဲ့တိုက်မှာ နေခွင့်မရတာရယ်၊ သူ့ကို စိန်တစ်ဆင် စာမပေးတာရယ်၊ အဲဒီ့ ခံစားချက်တွေလား ချို"





"သည်လိုတော့ နှိမ့်ချ မပြောပါနဲ့မေ၊ မောင်လတ်ကို သမီး လက်ထပ်တာ ပစ္စည်းဥစ္စာတွေ မက်မောပြီး လက်ထပ်တာ မဟုတ်ပါဘူး၊ လူကြီးမိဘတွေရဲ့ သဘော ဆန္ဒကို လိမ္မာတဲ့ သားသမီးပီပီ ခေါင်းညိတ် လက်ခံတာပါ။ မေလည်း ဒေဝီကို ချစ်ချစ်ခင်ခင် ရှိခဲ့တာပါပဲ၊ ခုမှ ဘယ်လို စိတ်သဘောထား ပြောင်းသွားတယ် ဆိုတာကို ချို စဉ်းစားလို့ မရဘူး"

စကားများကို ခင်မေလတ်က ငြိမ်သက်စွာ နားထောင်သည်။

သားနှင့်အိမ်ထောင်ချပေးပြီး လွန်မှသိရသည့် အဖြစ်သနစ်တွေပေါ်မှာ သူမ ညများစွာ အတွေးလွန်ပြီး အိမ်မပျော် ဖြစ်ခဲ့သည်ကို ချိုချိုခင် ဘယ်လိုလုပ် သိနိုင်မှာလဲ။

ပြီးတော့...

သားနှင့်ပတ်သက်ပြီး ဒေဝီ့အပေါ် နာကျင်မှု။

ကလေးမွေးဖူးသော မိန်းမတစ်ယောက် အနေနှင့်ရက်လတွက်တတ်သည်ကို ချိုချိုခင် မသိလေရောလား။ ဒါမှမဟုတ် မသိချင်ယောင် ဆောင်နေတာများလား။

သူမ စိတ်ထဲ နောက်ကျိုလာသဖြင့်...

"ကဲ... လိုရင်းကို ပြောပါချို"



www.burmeseclassic.com

www.burmeseclassic.com



"လိုရင်းကတော့ မေရယ်၊ တစ်ယောက်နဲ့တစ်ယောက် ခင်မင်လာပြီး မျက်နှာလည်း မပျက်ချင်ပါဘူး။ မေ့ရဲ့ ကျေးဇူးတွေ ချိုတို့မှာ အများကြီးရှိတယ်ဆိုတာလည်း ချို သိပါတယ်၊ ချိုပြောချင်တာက သမီးရဲ့ မသိတတ်မှုတွေ၊ မိုက်မဲမှုတွေ ရှိချင်ရှိပါလိမ့်မယ်၊ ဒါကို မေက ခွင့်လွှတ်ပြီး သမီးသိက္ခာ၊ ချိုတို့ သိက္ခာကို ထိန်းသိမ်းပေးတဲ့ အနေနဲ့ သမီးကို ပြန်လာခေါ်ဖို့ ချို တောင်းပန်ပါတယ်"

ပြန်လာခေါ် ရမယ်တဲ့လား။

ခင်မေလတ်မှာ သည်လို အစဉ်အလာ ရှိခဲ့ဘူးလို့လား။

သူမက ခေါင်းကို အသာရမ်းခါလိုက်ပြီး...

"သူ့ကို ဘယ်သူကမှနှင်တာ မဟုတ်ဘူး၊ သူ့သဘောဆန္ဒနဲ့လုပ်သွားတဲ့ ကိစ္စမှာ မေ လိုက်ခေါ်စရာလည်း မလိုသလို သားလည်း လိုက်ခေါ်စရာ မလိုဘူး၊ ဒါပေမယ့် ချို့မျက်နှာကို နောက်ဆုံးထောက်ထားတဲ့ အနေနဲ့ ချိုပြန်လာပို့ရင် မေတို့ လက်ခံမယ်၊ သူ့သဘောဆန္ဒနဲ့ ပြန်လာရင်လည်း လက်ခံမယ်၊ ဒါ သုံးရက်အတွင်းမှာ ပြောတာနော်၊ ချိုတို့ သိထားဖို့က သော်ကမြိုင်ဟာ ဝင်ချင်သလိုဝင်၊ ထွက်ချင်သလို ထွက်လို့ရတဲ့ သာလယံဇရပ် မဟုတ်ဘူးဆိုတာပဲ"

မြတ်မြတ်ခွေးစာပေ



ကြေညက်ခြင်း မရှိဘဲ ချိုချိုခင် ထပြန်သွားတော့ သူမကိုင် နှုတ်ဆက်မသွား။ ဒါတွေအားလုံးကိုလည်း ခင်မေလတ် စဉ်းစားထားပြီးသား ဖြစ်သည်။

ဖြစ်ပေါ်လာသည့် အခြေအနေတွေမှာ သားကတော့ သူမရဲ့ ရှုပ်သေးရှုပ်၊ နယ်ရှုပ်ကလေး တစ်ခုသာ ဖြစ်၏။

မအေကို ချစ်ကြောက်ရိုသေသော သားအတွက် သူမကသည်း သားနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက် တစ်ခုကို ချရပါမည်။

သည်နေရာမှာ သူမဘက်က အလွန်မဖြစ်အောင်တော့ အတော့်ကို သတိထားရပါမည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



# [ ၃၁ ]

"ပင်လယ်ပြင်ဟာ သိပ်ငြိမ်သက်လွန်းရင် မကောင်းဘူး"

"အချိန်မရွေး မုန်တိုင်း ဖြစ်ပေါ်လာနိုင်တယ် ဆိုတာကို မင်းပြောတာ မဟုတ်လား"

မျိုးမြင့်လူက ခေါင်းကို အသာညိတ်သည်။

သည်နေ့ သူ့ရုံးခန်းကို ညနေလေးနာရီ ကတည်းက မျိုးမြင့်လူ ရောက်လာသည်။ သူသည်နေ့ ချိန်းဆိုသည်များနှင့်ချိန်းဆိုခြင်း မရှိသဖြင့် အားလပ်မှုနှင့် လွတ်လပ်မှုကို ရရှိထား၏။

"မေမေကလည်း မင်းတွေးသလို တွေးတယ်၊ ဒါပေမယ့် မေမေကတော့ အေးအေးဆေးဆေးပဲ၊ ဖြစ်ပေါ်လာခဲ့တဲ့ အကြောင်းအရာအားလုံး သူ ရင်ဆိုင်ဖြေရှင်းမယ့်ပုံပဲ"





"အန်တီမေက အချိန်သုံးရက်ပေးတယ်၊ ငါမှတ်ထားတယ်၊ သည်နေ့ဆို ဒေဝီ သော်ကမြိုင်က ဆင်းသွားတာ တစ်လတိတိပြည့်တဲ့နေ့ပဲ"

"မင်း ငါ့ကိစ္စတွေကို အတော်ကို အလေးအနက်ထားပါလား မျိုးမြင့်လူ၊ ဒေဝီ ဆင်းသွားတာ ဘယ်နှစ်ရက်ရှိလို့ရှိမှန်းတောင် ငါ မသိတော့ဘူး"

"အလေးအနက်ကတော့ ထားရမှာပေါ့ လတ်ကြီးရာ၊ မင်းနဲ့ငါက ညီအစ်ကိုဆိုလည်းဟုတ်တဲ့ သူငယ်ချင်းတွေပဲ၊ နှလုံးသားရေးရာမှာ အတွေ့အကြုံမရှိတဲ့ နုံနုံအအ သူငယ်ချင်းကြီး၊ မိဘကို ကြောက်ရွံ့စိတ်၊ ရှိသေစိတ်နဲ့ ခေါင်းညိတ်ခဲ့ရတဲ့ သူငယ်ချင်းရဲ့ အိမ်ထောင်ရေးဘဝကို ငါ နေ့ရှိသရွေ့ စဉ်းစားပေးနေရမှာပေါ့"

"ကျေးဇူးတင်တယ် သူငယ်ချင်း၊ တို့နှစ်ယောက်ရဲ့ သံယောဇဉ်က နည်းနည်းနောနောမှ မဟုတ်တာ"

ငါးသုံးလုံး စီးကရက်ဗူးကို လှမ်းပေးသည်။

"တို့ ဒီမှာဘဲ သောက်ကြရအောင်"

"စီစဉ်ထားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အမြည်းပဲ ဝယ်ခိုင်းရမှာပါ၊ ဖရက်ဂျီတာထဲမှာ ဘီယာဘူးတွေမှ မျိုးကိုစုံနေတာ၊ မစုံလို့ကလည်း မဖြစ်ဘူးလေ၊ ဧည့်သည့်က လူမျိုးစုံ၊ ငါ့ အခန်းထဲမှာ ဧည့်ခံလိုက်ရတာလည်း ရှိတယ်"

"တို့နှစ်ယောက် သောက်နေတုန်း အန်တီမေ ရောက်လာရင် ဆူတော့မှာပဲ"

"မေမေ မလာပါဘူး၊ နောက်ပြီး ငါ့ကို ကလေးလေး တစ်ယောက်လို လိုက်ကြည့်ပြီး ပြောမနေဘူး၊ မလွန်ကျွံဖို့ကိုပဲ သတိပေးတယ်၊ တစ်ခါကွာ၊ ဧည့်ခံပွဲတစ်ခုက အရက်ပြင်းပြင်းတွေသောက်ပြီး ငါ အိမ်ကို ကားမောင်း မပြန်နိုင်ဘူး၊ မိတ်ဆွေတစ်ယောက်က မောင်းပြီး ပြန်ပို့ရတယ်၊ မနက်ကျတော့..."

"အန်တီမေက ဆူရော မဟုတ်လား"

မျိုးမြင့်လူက စကားကို ဖြတ်ဝင်ပြော၏။

"မဆူဘူး၊ အရက်ကို လူမှန်းမသိ၊ သူမှန်းမသိ ကလေတချေဆန်ဆန် သောက်တတ်တဲ့ အကျင့်ရနေပြီဆိုရင် သား သော်ကမြိုင်ကို ပြန်လာစရာ မလိုတော့ဘူးတဲ့"

"အဲဒါ ဆူတာပေါ့ကွ"





"ဆူတဲ့ မျက်နှာထားမျိုး မဟုတ်ဘူး မျိုးမြင့်လူ၊ မေမေက အေးအေးချမ်းချမ်းလေး ပြောတာ၊ အဲဒီကစပြီး ငါ အရက်ပြင်းဆို ဆောရှိုးလိုက်တာပဲ"

သူ့စကားကို မျိုးမြင့်လူက ရယ်၏။

ရယ်ရင်းနှင့်...

"ဘီယာကတော့ အရက်မဟုတ်ပါဘူး"

"ဘယ်သူ ပြောတာလဲ"

"ကြာပါပြီ၊ တီဗွီကြော်ငြာက သီချင်းမှာ နားထောင်ရတာ"

ပြောပြီး နှစ်ယောက်သား ရယ်ကြပြန်၏။

ရယ်ရင်း ရေခဲသေတ္တာထဲမှ ဘီယာဘူးများ ထုတ်ယူသည်။ အလုပ်သမား ကောင်လေးက ကြက်ကင်ပြေးဝယ်ပြီး အမြည်းစီစဉ်ပေး၏။

"မင်း ရုံးခန်းက အေးချမ်းလိုက်တာကွာ"

"စိတ်ချမ်းသာတယ်မို့လား"

မျိုးမြင့်လူက ခေါင်းညိတ်ပြီး...

"ကာယကံရှင် စိတ်ချမ်းသာဖို့ပဲ လိုတယ်လေ"

"ငါ့ဘဝမှာ နှင်းသက်ဝေ ကိစ္စကလွဲပြီး ဘာမှ စိတ်ဆင်းရဲစရာ အကြောင်းမရှိဘူး မျိုးမြင့်လူ"



www.burmeseclassic.com

www.burmeseclassic.com



"ငါမေးမယ်နော်"

မမေးခင် ဘီယာဗူးဖေါက်သံ ကြားရသည်။ အမြှုပ်များ အတက်ဝယ် မျိုးမြင့်လူက ဘီယာကို အသာစုပ်ယူ၏။

"ဒေဝီအိမ်က ဆင်းသွားတာနဲ့ ပတ်သက်ပြီး မင်း ဘယ်လို ခံစားရသလဲ"

"ဘယ်လိုမှ မခံစားရဘူး"

"ငါ့ အမြင်နော်၊ မင်းရင်ထဲမှာ ဒေဝီနဲ့ ပတ်သက်တဲ့ အချစ်မရှိပေမယ့် တာဝန်တော့ ရှိတယ်ထင်တယ်"

သည်စကားကတော့ ရင်ကို တိုးဝင်လာသည်။

ဘီယာဗူးကိုင်ထားသည့် လက်ပင် ခပ်တုန်တုန် ဖြစ်သွား၏။

တစ်ဆက်တည်းမှာပင် မပေါ့မပါးဟန်နှင့် ဒေဝီ့ ပုံရိပ်ထင် မြင်သည်။ 'သွေး' ဆိုတာကို သူ ခွဲခြမ်းစိတ်ဖြာနေမိ၏။

ဒေဝီကို သူ မချစ်သော်လည်း ဒေဝီ့ ဗိုက်ထဲက ကလေးကို တော့ သူညှာတာရမည်။

သူ မေမေ့ကိုလည်း အံ့သြ၏။

လူ့ဘဝ မရောက်သေးသော 'ကလေး' နှင့် ပတ်သက်ပြီး မေမေသည် သူ့ကို 'ချစ်ခွင့်' ဆိုသည့် စကား သင်ကြားမပေးခြင်း ပင်။





"ငါကိုယ်တိုင် ဒေဝီကို သွားခေါ်သင့်တယ်လို့ မင်း ပြောချင်တာလား မျိုးမြင့်လူ"

"ငါ အကြံဉာဏ် မပေးချင်ဘူး"

"ဒါနဲ့များ တာဝန်ဆိုတဲ့ စကားကို ငါ့ကို ဘာလို့ ပြောရ တာတဲ့ကွာ"

"ဒေဝီ မင်းဆီကို ဖုန်းဆက်လား"

သူ ခေါင်းကို ခါရမ်းပြ၏။

"အချစ်မဲ့တဲ့ အိမ်ထောင်ရေးဟာ အနှစ်သာရ ကင်းမဲ့ တယ်နော်"

"ငါက လက်တွေ့ ခံစားနေရတာပါ"

"အန်တီမေကိုလည်း ငါသနားပါတယ်"

ဘီယာဗူးကို စားပွဲပေါ် အသာပြန်ချပြီး သူ မျိုးမြင့်လူ့ မျက်နှာကို ကြည့်သည်။

"တစ်နေ့က ကားအရောင်းအဝယ်ဖြစ်လို့ အန်တီမေ့ ကို ကန်တော့ရင်း နေ့လည်ဘက်မှာ ငါ သော်တာမြိုင် ကို ရောက်တယ် လတ်ကြီး"

"ဟုတ်လား မေမေ ငါ့ကို မင်းလာတယ်လို့ မပြောဘူး။ မှန်ဘူးကြီးသုံးဘူးကိုတော့ စားပွဲပေါ်မှာ ငါသတိထား လိုက်မိတယ်၊ ဒါနဲ့ မေမေက မင်းကို ဘာပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း သူငယ်ချင်းကိုလည်း မကြာမကြာ တွေ့ပါတယ်၊ အန်တီမေဟာ ဆုံးဖြတ်ချက်တစ်ခုကို စောင့်စားနေတာပါတဲ့၊ သားနဲ့ပတ်သက်ပြီး အန်တီမေ အမှားကြီးမှားခဲ့တယ်တဲ့"

"အစီပွါယ်က..."

"ငါလည်း မသိဘူး လတ်ကြီး၊ နောက်ပိုင်း အန်တီမေက ဘာစကားမှ ဆက်မပြောတော့ဘူး၊ ငါလည်း အန်တီမေကို ဦးသုံးကြိမ်ချပြီး ပြန်လာခဲ့တာ"

"အင်း... မေမေ့ ရင်ထဲမှာ တစ်ခုခု ခံစားနေရတယ် ဆိုတာတော့ ငါသိတယ်ကွာ၊ ဒါပေမယ့် မေမေက ဟန်ဆောင်ကောင်းတယ်၊ သူ့သောကကို လူမသိစေရဘူး"

"ကဲ... စိတ်မောစရာတွေ မေ့လိုက် လတ်ကြီးရာ၊ ငါ သည်နေ့ ဘီယာကို မူးအောင်သောက်မယ်၊ ကားက ရောင်းထားတော့ မင်း ငါ့ကို လိုက်ပို့ရမှာ"

ဘီယာဗူးကို ထပ်ဖွင့်သည်။

စကားတွေပြောရင်း နှင်းသက်ဝေအကြောင်း ရောက်သွားရသေး၏။

"ခြေရာကို ဖျောက်သွားတာပဲ"





မျိုးမြင့်လူက အာလေးလျှာလေးနှင့် ပြောသည်။

ပြီးတော့...

"ကဲတရားကို မင်းယုံလား လတ်ကြီး"

ဟု မေးသည်။

"လက်ရှိ အချိန်ထိတော့ ခြေရာလည်းပျောက်၊ ရေလည်းနောက်ခဲ့ပါပြီကွာ"

မျိုးမြင့်လူက ခေါင်းကို ငိုက်ချထားပြီး...

"စကားရှိတယ်"

"ဘာစကားလဲ မျိုးမြင့်လူ"

"ကံမကုန်ရင် ပြန်ဆုံကြတယ်တဲ့"

"ကံက ကုန်သွားပြီ ထင်ပါတယ် သူငယ်ချင်းရယ်၊ ခု အချိန်တွေ့တော့ကော ဘဝတွေက ဘာအဓိပ္ပာယ်ရှိတော့မှာလဲ"

ထိန်းချုပ်ထားသည့်ကြားက...

ယောကျ်ားတန်မဲ့...

နှင်းသက်ဝေနှင့် ပတ်သက်တဲ့ မျက်ရည်က ရစ်ဝဲလာရသေး၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



[ ၃၂ ]

သူ့ဘက်ကိုယ့်ဘက် တင်းမာနေသည့် ကြားကာလ၀ယ် ဒေ၀ီတို့ဘက်မှ စကားသံ ထွက်မလာသလို မေမေကလည်း ဒေ၀ီတို့ မိသားစုနှင့် ပတ်သက်သည့် စကားကို ဟ,လို့မျှပင် မပြောခဲ့။

သော်ကမြိုင်က လူများအားလုံး ကိုယ့်အလုပ် ကိုယ့်တာ၀န်နှင့် ဒေ၀ီဆိုသည့် အမည်ကို မေ့မေ့ပျောက်ပျောက် ရှိနေကြဆဲ တစ်ညမှာ သူ့အောက်ထပ် ဧည့်ခန်းဒရင်းဘက်ပေါ်မှာ နိုင်ငံခြားကတ်တလောက်များကို စိတ်၀င်စားစွာ ကြည့်ရှုနေဆဲ ဖုန်းခွက်မှ ဖုန်းမြည်သံက နားစည်ကို လာရောက်ရိုက်ခတ်သည်။





နှစ်ယောက်ထိုင် ဆိုဖါပေါ်မှာ သက်တောင့်သက်သာ ထိုင်နေသည့် မေမေက ထ,မည် အပြုတွင် သူက...

"နေ... နေ... မေမေ၊ ကျွန်တော် ကိုင်လိုက်မယ်"

သူ ဖုန်းခွက်တင်ထားရာစင်သို့ ခပ်သွက်သွက်ကလေး လျှောက်သွားပြီး ဖုန်းခွက်ကို မ,ယူလိုက်၏။ နားမှာ ကပ်မိသည်နှင့်...

"သော်ကမြိုင်ကပါ၊ ပြောပါ"

"မောင်လတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော် မျိုးလတ်ပါ"

သတ္တုပြားလေးထဲမှ အသံက စက္ကန့်ပိုင်းမျှ ဆိတ်သွားသေး၏၊ နောက်မှ...

"အန်တီချိုပါ မောင်လတ်၊ ဒေ၀ီ့ မာမိပါ"

"ဩော်... ဟုတ်ကဲ့၊ ပြောပါ အန်တီချို ပြောပါ"

မေမေက သူ့ကို မျက်လုံး၀င့်ကြည့်၏။

သူတစ်ဖက်မှ စကားအသံကို အာရုံစိုက်ဆဲမှာ...

"ဒေ၀ီ မွေးပြီ မောင်လတ်"

"ဒေ၀ီ မွေးပြီ ဟုတ်လား၊ ဘာလေးလဲဗျာ၊ သားသားလေးလား၊ မီးမီးလေးလား"



www.burmeseclassic.com

www.burmeseclassic.com



"သားလေး မောင်လတ်၊ မဟာမြိုင်ဆေးခန်းမှာ ရှစ်နာရီဆယ့်ငါးမှာ မွေးတယ်၊ ခုမွေးမွေးချင်း အန်တီမင်းဆီ ဖုန်းဆက်တာ"

"ဝမ်းသာစရာပါပဲ အန်တီချိုရယ်၊ ခုအနားမှာ မမေရှိတယ်၊ အန်တီချို မမေနဲ့ စကားပြောပါဦး"

"မပြောတော့ပါဘူး၊ ဒေဝီ မွေးပြီဆိုတာကို မောင်လတ်ကို အကြောင်းကြားတာပါ"

စကားနှင့်အတူ တစ်ဖက်မှ ဖုန်းခွက်ချသွားသည်။

သူ ဖုန်းခွက်ကို ပြန်တင်လိုက်ပြီး မမေ့ဆီသို့ ဝမ်းသာအားရသွားပြီး…

"ဒေဝီ မွေးပြီတဲ့ မမေ၊ သားလေးတဲ့၊ သားနဲ့တူရင်တော့ သားက အသားဖြူဖြူနဲ့ အရမ်းချစ်စရာကောင်းမှာ"

သူ ဝမ်းသာနေသလောက် မမေက တုတ်တုတ်မျှပင် မလှုပ်။

နောက်ပြီး…

သူ့ကိုကြည့်နေသည့် မျက်လုံးကြီးတွေက စိမ်းဖန့်နေသည်ဟု ထင်သည်။

"သားနဲ့တူမှာ မဟုတ်ပါဘူး"





"သားနဲ့မတူဘဲ သူ့အမေနဲ့တူရင်လည်း သားက ချောမှာပါပဲ မမေ"

"သား အရမ်းပျော်နေလား"

မမေ့ အသံက အေးစက်စက်။

ဒေဝီ မွေးဖွားခြင်းအပေါ် မမေ ဘယ်လိုမှ ခံစားမှုမရှိသည်ကိုတော့ သူ အံ့ဩ၏။

"အမှန် ဝန်ခံရရင် ကျွန်တော် အရမ်းပျော်ပါတယ် မမေ၊ ကျွန်တော် မဟာမြိုင်ကို လိုက်သွားမယ်နော်"

"သား သွားစရာ မလိုပါဘူး"

သူ မျက်မှောင်ကို ကြုံ့လိုက်သည်။

မမေ့ အသည်းနှလုံးတွေသည်မျှ မာကြောလိမ့်မည်ဟုသည်း သူမထင်ခဲ့။

မမေသည် မြေးဦးလေးရရှိသည့် ဘွားအေတစ်ယောက်၏ ခံစားပျော်ရွှင်မှုမျိုး မမေ့ နှလုံးသည်းပွတ်မှာ မရှိတော့ဘူးလား။

ဒေဝီကို နာကျင်သည့်စိတ်သည် သည်မြေးယောကျာ်းလေးအပေါ်မှာ ထားရှိသည့် မေတ္တာနှင့်ဖျောက်ဖျက်သင့်သည်ဟု သူထင်သည်။

"ကျွန်တော် ဒေဝီ့ကို မချစ်ပေမယ့် သားကိုတော့ ချစ်ရမှာပဲ မမေ၊ သားက မမေ့သွေး၊ ကျွန်တော့်သွေးလေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက သူ့မျက်နှာကိုကြည့်ပြီး လှိုက်မောစွာ ရယ်ပါ၏၊ မေမေ၏ ရယ်မောခြင်းကို သူ တကယ်ကို နားမလည်ခဲ့ပါချေ။

"မျိုးလတ်ရယ်၊ မင်းဟာ မိန်းမနဲ့ ပတ်သက်ရင် ငါ ထင်တာထက်တောင် ပိုပြီး နုံနေအ,နေပါလား"

"မေမေ ပြောတာကို ကျွန်တော် သဘောမပေါက်ဘူး"

"အေး... မင်း သဘောပေါက်အောင် ငါပြောပြမယ်၊ ဒေဝီ မွေးတဲ့ ကလေးဟာ မင်းသွေး မဟုတ်ဘူး၊ ငါ့မြေးလည်း မဟုတ်ဘူး၊ အဲဒါကို မင်းသိရဲ့လား"

"ကျွန်တော့် သွေးမဟုတ်ရအောင်၊ ဒေဝီက ဘယ်သူနဲ့ညားပြီး မွေးလို့လည်း မေမေရဲ့"

သည်တစ်ခါတော့ သူ့အသံ ကျယ်သွားသည် ထင်ပါ၏၊ သူ့ကိုကြည့်သည့် မေမေ့အကြည့်များက ပိုပြီးအရောင်တောက်နေသည်။

"ဘယ်သူနဲ့ ညားပြီးမွေးတယ်ဆိုတာတော့ ကာယကံရှင်ပဲသိတယ် မျိုးလတ်၊ အသေချာဆုံးကတော့ ဒေဝီ မွေးတဲ့ ကလေးဟာ မင်းရဲ့သွေး မဟုတ်ဘူး ဆိုတာကိုပဲ မင်း အသည်းထဲမှာ စွဲနေအောင် နားလည်ထားရမယ်"





ပြောပြီး မေမေက အကြည့်ကို သူ့မျက်နှာမှ ဆတ်ခနဲ လွှဲသည်။

သူ မေမေ့ကို ဇဲ့ဩကြီးစွာကြည့်ပြီး အပေါ်ထပ်သို့ တစ်လှမ်းချင်းတက်ခဲ့၏။

အခန်းထဲရောက်တော့ သူ့အတွေးတွေ ပတ်ချာလည်နေပါ၏၊ အိပ်ရာပေါ် လဲလျောင်းရင်း နဖူးပေါ် လက်ကို တင်ထားမိသည်။

အတွေးများနှင့်အတူ မှေးခနဲ အိပ်ပျော်သွားရာ သူ့နဖူးပေါ်သို့ ကျရောက်လာသည့် လက်ချောင်းလေးများက သူ့ကို သန့်နိုးစေသည်။

"ဟင်... မေမေ"

"သား အိပ်ပျော်နေလား"

"မှေးခနဲ ဖြစ်သွားတာပါ မေမေ"

မေမေက သူ့နဘေး ကုတင်စောင်းတွင် ဝင်ထိုင်သည်။ နဖူးပေါ် ဝဲကျနေသည့် သူ့ဆံစလေးများကို လက်နှင့် ပွတ်သပ်တင်ပေးရင်း...

"သား အရမ်းခံစားနေရတယ်မို့လား"

သူ နှုတ်ကို ဆိတ်ထားလိုက်၏။

မေမေက ပင့်သက်ဖွဖွချရင်း...



www.burmeseclassic.com

www.burmeseclassic.com



"သားရယ်၊ မေမေဟာ ခေတ်ပညာတတ် တစ်ယောက်လည်း ဖြစ်ပါတယ်၊ နောက်ပြီး ကလေးမွေးဘူးတဲ့ မိန်းမတစ်ယောက် အနေနဲ့လည်း မိန်းမတွေရဲ့ရက်နဲ့လကို မိန်းမတွက် တွက်တတ်ပါတယ်၊ မေမေ့ စကားကို သားနားမလည်ဘူး ဆိုရင်လည်း နားမလည်တဲ့ အလျောက်ပဲနေပါ၊ ဒါပေမယ့် ဒေဝီမွေးတဲ့ ကလေးဟာ သားရဲ့သွေး မဟုတ်ဘူး ဆိုတာကို စိတ်ဒုန်းဒုန်းချပြီး ယုံလိုက်ပါ၊ အဲဒီအခါကျရင် သားစိတ်တွေ ငြိမ်သက်သွားပါလိမ့်မယ်"

သူ ငြိမ်သက်ခြင်းမှာ အတွေးတွေကတော့ ပြန့်ကျဲနေ၏၊ မေမေ့ စကားရည်ရွယ်ချက်။

သူ၏ နက်ရှိုင်းသွားသော အတွေးများမှာ သူ ချွေးစီးတွေ ပြန်တက်လာသည်။

"မေမေရယ်၊ ဟုတ်ပါ့မလားဗျာ၊ ဒေဝီသည်လောက် မိုက်မဲပါ့မလားဗျာ"

"သား နည်းနည်း သဘောပေါက်ချင်လာပြီနော်၊ မေမေ ခုအောက်ဆင်းရင် မီးသီးနဲ့ စိတ်ငြိမ်ဆေးနဲ့ အိပ်ဆေးပေးလိုက်မယ်၊ သား သောက်ပြီး အိပ်လိုက်နော်၊ နက်ဖြန်မိုးသောက်လို့ သားစိတ်တွေ အေးချမ်း





ငြိမ်သက်ပြီဆိုရင် စကားတွေကို သား နားလည်အောင် မေမေ ပြောပြပါ့မယ်"

သူ ခေါင်းကို ကြင်နာစွာ ပွတ်သပ်ပြီး မေမေ အောက်ထပ် ပြန်ဆင်းသွားသည်။

သူ မျက်လုံးကို စုံမှိတ်လိုက်၏။

ဒေဝီ၏ ပုံရိပ်တွေ အတွေးမှာ ထင်နေသည်။

ဒေဝီ အရမ်းမျက်နှာများသည်ဆိုသည့် စကားကိုတော့ တစ်ခါက မျိုးမြင့်လူ သူ့ကိုပြောဘူး၏။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## [ ၃၃ ]

ဒေဝီ မွေးဖွားပြီး ရက်သုံးဆယ်ပြည့်သည့်နေ့တွင် သော်ကမြိုင်ကို ရပ်ကွက်လူကြီးသုံးဦးနှင့် ရှေ့နေတစ်ဦး ရောက်လာသည်။

တနင်္ဂနွေ အလုပ်နားရက် ဖြစ်သဖြင့် သော်ကမြိုင်မှာ သူရှိနေ၏။

"အန်ကယ် ဦးအေးလွင်တို့ ထိုင်ပါဦးနော်၊ ကျွန်တော် မေမေ့ကို ခေါ်လိုက်ပါ့မယ်"

သူ ကိုယ်တိုင် အပေါ်ထပ်တက်ပြီး မေမေ့ကို ခေါ်သည်။ သူနှင့်အတူ အောက်ထပ်သို့ မေမေ ဆင်းလိုက်လာပြီး...





"ရပ်ကွက် ဥက္ကဋ္ဌကြီး ဦးအေးလွင် ကိုယ်တိုင်ပါလာတော့ အကြောင်းကိစ္စ တစ်ခုခုတော့ ရှိပြီထင်ပါရဲ့"

"ဆိုပါတော့ ဒေါ်ခင်မေလတ်ရယ်၊ နှစ်ဦးနှစ်ဖက်ရဲ့ စိတ်သဘောထားတွေ သိထားတော့ သားရေးသမီးရေး ကိစ္စမှာ ဝင်မပါမိဖို့ကို ကျွန်တော်တို့ ရပ်ကွက်လူကြီးတွေ အချင်းချင်း ညှိနှိုင်းတိုင်ပင်ကြရပါတယ်၊ ခု ကိစ္စကတော့ ဆန္ဒနဲ့တောင်းဆိုမှုလေးတွေ ပါလာတော့ ကျွန်တော်တို့ကိုလည်း ဒေါ်ချိုချိုခင်က အကူအညီ တောင်းလာတာနဲ့ ဒေါ်ခင်မေလတ်ရဲ့ ဆန္ဒသဘောထားလည်း သိရအောင် ကျွန်တော်တို့ ရောက်လာကြရတာပါ၊ ရပ်ဆွေရပ်မျိုးလို ရောက်လာတယ်လို့ သဘောထားပေးပေါ့ဗျာ"

ဦးအေးလွင်က ရယ်ရယ်မောမော ပြောသည်။

မေမေကတော့ ပြုံးသည်ဆိုရုံမျှလောက်ပါပဲ။

"ဒီက အဖွဲ့ဝင်နှစ်ဦးကိုတော့ တစ်ရပ်ကွက်သားတွေမို့ ဒေါ်ခင်မေလတ် သိမှာပါ၊ ဦးချစ်စိန်နဲ့ဦးကြီးမြင့်လေ"

မေမေ ခေါင်းညိတ်သည်။

"ဒါကတော့ ဒေါ်ချိုချိုခင်ရဲ့ မိတ်ဆွေရှေ့နေ ဦးသိန်းဝင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေနေ ဟုတ်လား၊ ရွှေနေပါ ထည့်ပေးလိုက်ရအောင် ချိုချိုခင်က ဘာများတောင်းဆိုချင်လို့လဲ"

မေမေ့ အသံမှာ မနှစ်မြို့သံပါနေသဖြင့် ဦးသိန်းဝင်းမှာပျာသလဲဖြင့်...

"အကျိုးဆောင်လို့ပဲ သတ်မှတ်ပေးပါ အန်တီ၊ ကျွန်တော် လိုက်လာတာကိုပဲ မရိုးသားမှုတွေ ဘာမှမပါပါဘူး၊ နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် ကူညီပေးမယ့်လူလို့ပဲ သဘောထားပေးပါ"

"ထားပါလေ၊ လိုရင်း ကိစ္စကို ကျွန်မသိပါရစေ"

ဦးအေးလွင်က ချောင်းတစ်ချက်ဟန့်ပြီး...

"ကွာရှင်းပြတ်စဲ ကိစ္စပါပဲ၊ ဒေါ်ခင်မေလက်ရယ်၊ ပြောရတာ တတယ်ကို အားမပါလှပါဘူး"

"အဲဒါလား၊ ကျွန်မလည်း မျှော်လင့်ထားပါတယ်"

"အနေအထားကို သုံးသပ်ပြီး ကလေးနှစ်ယောက်ရဲ့ အိမ်ထောင်ရေး ကိစ္စပြီးပြတ်ပြီလို သူတို့ နားလည်သဘောပေါက်ပါတယ်တဲ့"

"ပညာတတ်တွေပဲ၊ အရိပ်ပြရင် အကောင်မြင်ရမှာပေါ့"





"ဒါပေမယ့် နောက်ဆက်တွဲ စကားလေးက ပါလာပါတယ်၊ ကွာရှင်းလက်မှတ်ထိုးကြတဲ့အခါ သူတို့ သမီးဘက်က ရသင့်ရထိုက်တဲ့ ကိစ္စ၊ ဒါဆို ဒေါ်ခင်မေလတ် သဘောပေါက်ပါပြီနော်"

"ဒါတွေကိုလည်း ကျွန်မ ထင်ထားပြီးသားပါ၊ ဘယ်လို လမ်းခင်းပြီး ဘယ်လိုတောင်းဆို လာမယ်ဆိုတာ ဦးအေးလွင် ခဏနော်၊ ကျွန်မ အပေါ်မှာ ဖိုင်ကလေး တက်ယူလိုက်ပါဦးနော်၊ ဟဲ့... မိသိန်း"

"လာပါပြီ၊ မေမေကြီး"

"ဧည့်သည်တွေအတွက် ပြင်ဆင်လေ"

"အဆင်သင့် ဖြစ်နေပါပြီ မေမေကြီး"

အချိုရည်ဗူးနှင့်အသားညှပ်မုန့်များကို မိသိန်းလာချပေးသည်။ သူက ဧည့်ခံ စကားပြောစဉ်မှာ ရွှေနေ ဦးသိန်းဝင်းက...

"ကိုမျိုးလတ် ထင်တယ်"

"ဟုတ်ပါတယ်"

"ကျွန်တော်တို့ စိတ်မကောင်းပါဘူးဗျာ"

"မေမေ ကျွန်တော့်ကို မကြာခဏ ပြောဘူးပါတယ်၊ ဆန်ဆုံရင်စားတဲ့၊ တံကုန်ရင်သွားတဲ့၊ ဒေဝီနဲ့ကျွန်တော် တံကုန်သွားပြီလို့ ပြောရမှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

စကားပြောနေစဉ် ဗိုင်တွဲကြီးတစ်ခုကိုင်ပြီး မေမေ အခေါ်သပ်မှ ဆင်းလာသည်။

သူ စကားအရှိန်သပ်ပြီး နေလိုက်၏။

မေမေက သူ့နဘေးမှာ ဝင်ထိုင်ပြီး ယူလာသည့် ဗိုင်ထဲ စာရွက်စာတန်း အချို့ကို ထုတ်လိုက်သည်။

"ဦးအေးလွင်တို့ လူကြီးတွေကို သက်သေထားပြီး အကျိုးဆောင်ကြီးနဲ့ပဲ စကားပြောရတော့မှာပါပဲ၊ ကျွန်မက စကားကို အပိုအလို မပြောတတ်ဘူး ဆိုတာရယ်၊ ဆုံးဖြတ်ပြီးသား စကားတစ်ခွန်းကို ပြန်မပြင်တတ်ဘူး ဆိုတာရယ်ကိုတော့ ကြိုတင် နားလည်ပေးပါ"

"ဟုတ်ကဲ့ ခင်ဗျ"

"အကျိုးဆောင်ကြီး သေသေချာချာ ကြည့်ပါ၊ ဒါ ချိုချိုခင်တို့ လက်ရှိနေထိုင်တဲ့ ခြံရဲ့မြေဂရန်ပါ"

ဦးသိန်းဝင်းက သေသေချာချာကြည့်ပြီး စားပွဲပေါ် ပြန်တင်သည်။

"သည် စာချုပ်စာတမ်းတွေက သိန်းနှစ်ရာနဲ့အရောင်းပြပြီး အပေါင်ခံထားတဲ့ စာချုပ်စာတမ်းတွေပဲ၊ အပေါင်ခံတယ်ဆိုလို့ အတိုးယူတယ်လို့တော့ မထင်မှတ်ပါနဲ့၊ သူတို့ လုပ်ငန်းတစ်ခုအတွက် ငွေလိုတယ် ဆိုလို့





ခင်မင်တဲ့ သံယောဇဉ်နဲ့ သိန်းနှစ်ရာကို အတိုးမဲ့ ကျွန်မက ထုတ်ချေးခဲ့တာ"

မေမေက စကားကို ခေတ္တတန့်သည်။

အားလုံးက မေမေ့စကားကို စိတ်ဝင်တစား နားထောင်နေကြ၏။

ဦးသိန်းဝင်းကတော့ မေမေ ထုတ်ပြသည့် စာချုပ်စာတမ်းများကို ပြန်လည်၍ အသေအချာ ဖတ်ရှုနေသည်။

"သည်တော့ ချိုချိုခင်သိအောင် ကျွန်မသည်က အကျိုးဆောင်ကြီးကိုပဲ ပြောလိုက်ပါ့မယ်၊ ကျွန်မသားနဲ့ ကွာရှင်းလက်မှတ်ရေးထိုးတဲ့နေ့မှာ ချေးထားတဲ့ သိန်းနှစ်ရာကိုလျှော်ပြီး ဒေဝီအတွက် နစ်နာကြေးလို့ သတ်မှတ်လိုက်ပါ့မယ်၊ ဂရန်နဲ့စာချုပ်စာတမ်းတွေကိုလည်း ပြန်လွှဲပေးပါမယ်၊ ဒေဝီတို့ဘက်က လက်ခံမယ်ဆိုရင် ခုလာမယ့် ဗုဒ္ဓဟူးနေ့မှာ ကွာရှင်းလက်မှတ်ထိုးပြီး ကျန်တာတွေကို ကျွန်မကတိအတိုင်း ဆောင်ရွက်ပေးပါမယ်၊ ကျွန်မဆုံးဖြတ်တာကို လက်မခံဘဲ ရှေ့တောင်ကြားက ခြံတို့တိုက်တို့ကို လောဘတက်ပြီး စကားပြောလာမယ်ဆိုရင်တော့ ကျွန်မဘက်က ဥပဒေလမ်းကြောင်းနဲ့ပဲ သွားမယ်၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သားနဲ့သူ့သမီး လက်ထက်ပွားဆိုတဲ့ စကားကို ဆိုရအောင်ကလည်း နွားခြေရာတွက်လောက်ရှိတဲ့ မြေလေးတစ်ကွက်တောင် ပိုင်ဆိုင်ခဲ့တာ မဟုတ်ဘူးကဲ... ဒါပါပဲလေ၊ ခင်မေလတ် စိတ်ဓါတ်ကို ချိုချိုခင် သိပါတယ်"

မေမေ စကားကို အဆုံးသတ်သည်။

ညှိသည်တွေ ပြန်သွားတော့ မေမေက ပင့်သက်ရှည်ကြီးကို မှုတ်ထုတ်၏။ သူကတော့ မေမေ့ နဘေးမှာ မေမေ့ရဲ့ ရှုပ်သေးရှုပ်မှ တတယ်ကို ရှုပ်သေးရှုပ်လေးပါပဲ။

နောက်တစ်ပတ် ဗုဒ္ဓဟူးနေ့မှာတော့ အကျိုးဆောင်ကြီးဦးသိန်းဝင်း ဦးဆောင်ပြီး ကိုစုမျှား ပြီးပြတ်သွားသည်။

တရားရုံးမှာ ဒေါ်ချိုချိုခင် မေမေ့ မျက်နှာကို တစ်ချက်တလေးမျှပင်မကြည့်ရဲ။

ဒေဝီကတော့ ရင်ကိုကော့ထား၏။

တရားသူကြီးရှေ့မှာ ဒေဝီ လက်မှတ်ထိုးတာ နည်းနည်းကြမ်းတမ်းသည်ဟုတော့ သူထင်သည်။

အဲဒီနေ့ကစပြီး သူ့ဘဝ တစ်ဆစ်ချိုးပြောင်းလဲခဲ့ပြီဟု သူလုံးဝ ယုံကြည်လိုက်ပါ၏။

☆ ☆ ☆



# အပိုင်း – သုံး

www.burmeseclassic.com

www.burmeseclassic.com



[ ၃၄ ]

'မေမေ့ စိတ်တွေ အရမ်းပင်ပမ်းသွားပြီ၊ ရန်ကုန်မြို့ရဲ့ အပြင်ဘက်ကို တို့သားအမိနှစ်ယောက် စိတ်ပြေလက်ပျောက် ထွက်ကြရအောင်' ဆိုသည့် စကားပြောပြီး သည်ခရီးစဉ်ကို မေမေကိုယ်တိုင် ရေးဆွဲပါ၏။

"အိမ်အတွက်လည်း မပူရပါဘူး၊ သား ဖေဖေရဲ့ အစ်မကြီးကို ခေါ်ထားပြီးပြီပဲ၊ နောက်ပြီး လနဲ့ချီတဲ့ ခရီးမဟုတ်တော့ သားရဲ့ကုမ္ပဏီလုပ်ငန်းတွေကို သားမန်နေဂျာနဲ့ လွှဲခဲ့လို့ရမှာပါ"

"ရပါတယ် မေမေ၊ မေမေ စိတ်ချမ်းသာသလိုသာ စီစဉ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခြားနေရာဒေသလည်း မသွားချင်ဘူး၊ ပုဂံဘု
ရားတွေဖူးချင်တယ်၊ ပုပ္ပါးကိုလည်း ဝင်မယ်"

"ဦးစံမောင်ကို မောင်းခိုင်းမလား မမေ"

"သည်ခရီးကို သား မမောင်းနိုင်ဘူးလား"

"ငယ်ငယ်ကတည်းက ကားကိုဖက်ပြီး ကြီးမြင်းလာ
တဲ့ကောင်ပဲ မမေရယ်၊ မမောင်းနိုင်ဘဲ နေမလား"

"ဒါဆို သားအမိနှစ်ယောက်ထဲ လွတ်လွတ်လပ်လပ်
သွားချင်တယ်၊ နောက်ပြီး ဦးစံမောင်ကလည်း လူ
ကြီးတစ်ယောက်အနေနဲ့ သော်ကမြိုင်မှာ ရှိခဲဦးမှ
ဟုတ်တယ်မဟုတ်လား"

သည့်နောက် သူနှင့်မမေ ရက်ကို သတ်မှတ်သည်။ မသွား
ခင် နှစ်ရက် အလိုကတည်းက ကားကို ဝပ်ရှော့အပ်ပြီး လိုအပ်
သည်များကို စစ်ဆေးပြင်ဆင်သည်။

နောက်တစ်နေ့နံနက်ဦးမှာ ခရီးထွက်မည်မြို့တော့ ကား
စက်အနှိုးမှာ မိသိန်းက ကားဆီသို့ပြေးလာပြီး...

"မမေကြီး... မမေကြီး"

"ဘာလဲဟဲ့ မိသိန်းရဲ့"

"ပြန်ရင် ကိုလေးအတွက် အညာသူတစ်ယောက် ပါ
လာမှ ဖြစ်မယ်"





"တယ်... ဒီကောင်မလေး ရှုးပေါ်ပေါ်နဲ့၊ သွား...
သွား၊ ငါမရှိတုန်း ဒေါ်တာတူးကို ပြန်ခံပြောဆိုရင်
တော့ ငါပြန်လာရင် နင့်ပေါင်တွင်းကြောပြတ်ပြီသာ
မှတ်"

မိသိန်း မျက်နှာ ပြုံးဖြဲဖြဲ၊

သော်ကမြိုင် မိသားစုများကို လက်ပြနှုတ်ဆက်ရင်း သူကား
ကို ခြံထဲမှ မောင်းထွက်ခဲ့သည်။ ငှက်ကလေးတွေတောင် အိပ်ရာ
မှ မနိုးကြသေးပါ။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



[ ၃၅ ]

မကွေးမှာ တစ်ညအိပ်သည်။

နံနက် စောစောမှာ သူနှင့်မေမေ မကွေးမြို့သလွန်ကို သွား ရောက်ဖူးမြော်သည်။

ကျောက်ပန်းတောင်းမှာ တစ်ညအနားယူပြီး နောက်နေ့ မနက်မှာ ပုပ္ပါးကို တန်းတက်ပါ၏။

"ပုပ္ပါး အရင်တက်ထားတာ ကောင်းပါတယ် မေမေ၊ ပုဂံမှာ အေးအေးဆေးဆေး ခံနေရတာပေါ့"

မေမေ့ မျက်နှာကြည်ကြည်လင်လင် ရှိနေ၏။





ရန်ကုန်မြို့ပြ အရိပ်လွတ်ရာတည်းက မေမေ ပျော်နေသည် ကို သူသိသည်။ ထမင်းစားချိန်များတွင် သူ့အရပ်၊ သူ့ဒေသနှင့် သူ့ဟင်းလျာများကို အရသာ ခံစားရသည်ကိုလည်း မေမေ ခံတွင်း လိုက်ဟန်တူပါ၏။

"လမ်းမှာ ကြုံသလိုစားချင်လို့ ဘာချိုင့်မှ ထည့်ယူမ လာတာ၊ မိသိန်းနဲ့ဒေါ်တာတူးက ချက်ပြုတ်ကြော် လှော်ပြီး ထည့်ပေးလိုက်ချင်ကြတာ"

"ချိုင့်တွေချလိုက်၊ ဖွင့်လိုက်နဲ့ အလုပ်ရှုပ်ပါတယ် မေ မေ၊ ခုလိုကြုံတဲ့ ထမင်းဆိုင် ဝင်စားရတော့ အသစ်အ ဆန်းလိုပဲ ဖြစ်နေတယ်"

"ဒါပေါ့"

ပုပ္ပါးတောင်ခြေရောက်တော့ နံနက်ရှစ်နာရီပင် မထိုးသေး၊ ပုပ္ပါး၏ လေပြေအေးကို ခံစားရင်း သူနှင့်မေမေ စောင်း တန်းအတိုင်း တောင်ကလပ်ပေါ် တက်ခဲ့သည်။

နားခိုရာ နေရာတိုင်းမှာ သူက မေမေ့ကို ဓါတ်ပုံအမျိုးမျိုး ရိုက်ပေးသည်။ နောက်ပါးမှ ပြေးလိုက်လာသည့် မျောက်ကလေး များကို မြေပဲဆန်ကျွေးရသည်ကို မေမေ ပျော်နေ၏။

"မျောက်တွေ နည်းသွားသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နည်းလို့လား မေမေရ၊ စောင်းတန်းသွပ်ပြားတွေပေါ် တဝုန်းဝုန်းနဲ့ခုန်ချနေတာ"

"နည်းသွားတာပေါ့၊ အဲဒီတုန်းက သားတောင်မမွေးသေးဘူး၊ သားဖေဖေနဲ့မေမေ အိမ်ထောင်ကျကာစ ပုပ္ပါးကို တက်တာ၊ အိုး... မျောက်တွေ နည်းနည်းနော နောမှ မဟုတ်တာ၊ မေမေ့ ပိုက်ဆံအိတ်တောင် မျောက်မကြီးတစ်ကောင်က လုယူသွားတာ"

"ဆုံးရောလား"

"မဆုံးဘူး၊ မျောက်မကြီးက စောင်းတန်းခေါင်မိုးပေါ် တက်ပြီး ပိုက်ဆံအိတ်ကို အကျအန ဖွင့်တော့တာ၊ ပိုက်ဆံအိတ်ထဲက ဘာယူတယ်မှတ်သလဲ"

"အိတ်ထဲမှာ ရှိတာတွေ ပြန့်ကျဲလုပ်ပစ်မှာပေါ့"

"မလုပ်ဘူး သားရေ၊ မေမေ့ ကရင်းပတ်ဗူးကို ယူထားပြီး ပိုက်ဆံအိတ်ကို ပြန်ပစ်ပေးတယ်"

"ဟာ... တော်တော်လှချင်တဲ့ မျောက်မကြီးပဲ"

"ဟုတ်ပ... မေမေ့ ကရင်ပတ်ဗူးကိုဖွင့်ပြီး တစ်မျက်နှာလုံး လူးထားလိုက်တာ ရုပ်ဒေါင်းကို ထနေတာပဲ"

မေမေက ပြောပြီးရယ်သည်။

သားအမိနှစ်ယောက် စကားတပြောပြောနှင့် တက်ခဲ့သည်မှာ မောရမှန်းပင်မသိ။





သို့သော် သံဘောင်လှေခါးထစ်နားသို့ ရောက်သောအခါ မေမေ မောလာသည်ထင်ပါ၏။ နောက်ပြီး သံဘောင်လှေခါး တစ်ကလည်း မတ်စောက်လွန်းသည်။

"ကဲ... သားပဲ ဆက်တက်တော့၊ မေမေသည် အုတ်ခုံလေးမှာ ထိုင်ပြီး သားပြန်အဆင်းကို စောင့်နေတော့မယ်"

"ဟာ... ရောက်တော့မှ မေမေကလဲ၊ သား တွဲခေါ်ပါ့မယ်"

"သားပဲတက်ပါ၊ မေမေက မင်းအဖေနဲ့ပုပ္ပါးကို သုံးလေးခေါက် တက်ဖူးတာပါ၊ သွား... သွား၊ မေမေ့ကို စိတ်ဖြောင့် လက်ဖြောင့်ထားခဲ့၊ မင်း ဆယ်နှစ်သားအရွယ် မင်းဖေဖေနဲ့ ပုပ္ပါး အ ဘူတက်တုန်းကလည်း မေမေ သည်လိုပဲ နေခဲ့တာပဲဟာ၊ မင်းတို့ သားအဖနှစ်ယောက်ထဲ တက်သွားကြတာလေ မှတ်မိလား"

"မှတ်မိတာပေါ့ မေမေ၊ အဲဒီတုန်းက ဖေဖေသားကို ပြောတဲ့စကားကို မှတ်တောင်မှတ်မိနေသေးတယ်"

"သား ဖေဖေက ဘာပြောလို့လဲ"

"သား မေမေက စိတ်ဓါတ်ကသာ မာတာတဲ့၊ လူတတော့ နုလိုက်တာမှ ပျော့ဖတ်နေတာပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



မေမေ ပြုံးနေသော်လည်း ဖေဖေ့ကို သတိရသည့် အရိပ်အငွေ့တွေ မျက်နှာမှာ ယှက်သန်းနေ၏။

"ယော…မေမေ ဖေဖေ့ကို လွမ်းနေပြီ"

ပြောပြီး သူ တောင်ထိပ်သို့ အပြေးကလေး တက်ခဲ့ပါ၏။

☆ ☆ ☆

သားဖေဖေကို သတိရလိုက်သလို သားနှင့်ပတ်သက်သည့် အတွေးတွေက မတွေးချင်ဘဲ သူမ၏ အသိစိတ်မှာ ဝင်ရောက်လာရသေးသည်။

မအေအပေါ်မှာ ထားရှိသည့် သား၏အချစ်။

မအေ၏ ညွှန်ကြားမှုအောက်ဝယ် ရုပ်သေးရုပ်လေး တစ်ရုပ်လိုနေခဲ့သော သားသည် မိခင်၏ မျက်နှာအညိုးကို တစ်ချက်မခံခဲ့။

ခြယ်လှယ်ခြင်း မဟုတ်သော်လည်း သားဘဝကို ချုပ်ကိုင်ခဲ့မှုသည် သား၏ အသည်းနှလုံးကိုပါ ဖျက်ဆီးပစ်ခဲ့သည် အခြေအနေမျိုး ရောက်ရှိသွားသည့်အတွက် သူမတစ်သက်တာမှာ ဖြေဆည်၍ ရနိုင်တော့မည် မဟုတ်သည်ကိုလည်း သူမကိုယ်သူမ သိခဲ့၏။





သူမ နောင်တရချိန်မှာတော့ အရာရာသည် လွန်ကျွံသွားပါပြီ။ ကြီးမားသော အရင်းနှီးတစ်ခုနှင့် သား၏ဘဝကို ထုတ်ယူယမနိုင်ခဲ့သော်လည်း သား၏ အသည်းနှလုံးအတွက်တော့ မှာ ဆေးမရှိခဲ့ပါ။

သားနှင့်ပတ်သက်သည့် အတွေးတွေ ဝေနေဆဲ တစ်စုံတစ်ယောက်က သူမ၏ လက်မောင်းအား ဆုပ်ကိုင်ခြင်းကို ခံလိုက်ရပါသည်။ သူမ ဆတ်ခနဲ လှည့်အကြည့်မှာ…

"အန်… အန်တီ၊ ဒေါ်ခင်မေလတ်ပါနော်"

"နှင်း… နှင်းသက်ဝေ"

"ဟုတ်ပါတယ် အန်တီ၊ နှင်းသက်ဝေပါ"

"ဝမ်းသာလိုက်တာ သမီးရယ်၊ အန်တီ အရမ်းကို ဝမ်းသာတာပါပဲ၊ မမျှော်လင့်ဘဲ တွေ့ကြရတယ်နော်"

သူမက နှင်းသက်ဝေ၏ လက်ချောင်းလေးများကို ဖျစ်ညှစ်ကိုင်သည်။

ကြည့်စမ်း…

ရည်လဲ့နေတဲ့ မျက်ဝန်းတွေမှာ အရွယ်နှင့်မလိုက်အောင် လွှတ်နိုင်ခြင်းတွေ ပြည့်သိပ်နေပါလား…။

မိမိရှေ့က မိန်းမကြီးသည် တစ်ချိန်တစ်ခါက မိမိကို ရင့်ရင့်သီး စကားလုံးများနဲ့ ကြမ်းကြမ်းတမ်းတမ်း နှိပ်စက်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးပါလားဆိုတဲ့ အတွေးတွေသည် ကလေးမလေးအသိ မဝင်တော့ဘူးလား...။

"အန်တီ့ဘေးမှာ ထိုင်ပါဦး သမီးရယ်"

မထိုင်ခင် နှင်းသက်ဝေက နောက်ပါးကို လှည့်ကြည့်သည် အမျိုးသမီး အဖေါ်တွေ ပြေးတက်လာကြ၏။

"သူငယ်ချင်းတို့ တက်နှင့်ကြနော်၊ ကိုယ်ဖြည်းဖြည်းပဲ လိုက်လာမှာ"

"ရတယ်လေ... ကိုယ်တို့ အပေါ်မှာ အေးအေးဆေး ဆေးပဲနေမှာ"

သူမ နဘေးမှာ နှင်းသက်ဝေက ဖွဖွကလေး ဝင်ထိုင်သည်။

"သမီးလေး အန်တီ့ကို စိတ်မဆိုးဘူးနော်"

"အန်တီနေရာမှာ ဝေဆိုရင်လည်း သည်လိုပဲ ဆုံး ဖြတ်မှာပါ"

"အင်း... ခုတော့ အကြောင်းအရာအားလုံးဟာ ဝမ်း နည်း ကြေကွဲစရာကြီးပါပဲ သမီးရယ်"

"သမီးလေး နားထောင်ချင်မလား မသိဘူး"

နှင်းသက်ဝေ ငြိမ်ငြိမ်သက်သက်ကလေး ရှိနေသည်။

"အန်တီကတော့ ပြောပြချင်နေပါတယ်"

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+



သူမ နှုတ်ဖျားမှ ပွင့်ထွက်သည့် စကားတွေကို နှင်းသက် ဝေက ငြိမ်ငြိမ်သက်သက်ကလေး နားထောင်သည်။

အားလုံးကို မေ့ဖျောက်ထားချင်သော်လည်း သူမ နှလုံး သားမှာ သားအတွက် တာဝန်ကျေချင်သေးသည်။

ကုန်ပစ္စည်းတစ်ခုလို ညှိနှိုင်းစရာ မဟုတ်သော်လည်း သား ၏ အဖြစ်ကင်းစင်ခြင်းအပေါ်မှာ နှင်းသက်ဝေက တန်ဖိုးထား စေချင်သေးသည်။

သည်နေရာတွင် သူမသည် ဒေဝီ၏ အဆိုးအကောင်းကို ချန်လှပ်ထားသင့်သော်လည်း နှင်းသက်ဝေ ဇာတ်ရည်မလည်မှာ ကို သူမ စိုးရိမ်ကြောင့်ကြကြီးနေမိ၏။

သူမ၏ ရင်ထဲက စကားတွေ ပွင့်အံမှ အဆုံးတွင် နှင်းသက် ဝေ ပင့်သက်ချသည်။

ပြီးတော့...

နှင်းသက်ဝေ၏ မျက်လုံးအိမ်မှ ဝဲရစ်လာသည့် မျက်ရည် ကြည်လေးများကို မြင်တွေ့ပြီး သူမသည် သားအတွက် အား တက်ခဲ့ရပါသေး၏။

"ကိုလတ်ကော အန်တီ"

"သားက အပေါ်ကို တက်သွားနှင့်ပြီလေ၊ အန်တီက မောလို့ထိုင်ပြီး ကျန်ရစ်ခဲ့တာ"

+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+-+

ဖြတ်ဖြတ်သွေးဆေး

www.burmeseclassic.com

www.burmeseclassic.com


"ဝေ့ကို တွဲတက်နော်၊ ဝေ့ကိုတွေ့ရင် ကိုလတ် အာရမ်းဝမ်းသာသွားမှာပါ"

"ဟုတ်တာပေါ့ သမီးရယ်၊ သမီးကို အန်တီနဲ့အတူ တွေ့ရင် သား အရမ်းကိုပျော်သွားရှာမှာပါ"

နှင်းသက်ဝေက သူမ၏ လက်မောင်းကို ဆုပ်ကိုင်သည်။

လှေခါးထစ်များကို နှင်းသက်ဝေနှင့်အတူ နင်းဖိတက်တော့...

အို... သူမ တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်း နေရပါလား။

☆ ☆ ☆

[ ၃၆ ]

ကိုယ့်မျက်စိကိုပင် ယုံကြည်နိုင်စွမ်းမရှိ။

သည် မြင်ကွင်းက သူ့ဘဝမှာ ဖြစ်လာလိမ့်မည်ဟု မှိုးလတ်ယ်တုန်းကမျှ ထင်မထားခဲ့သော မြင်ကွင်းပါပဲ။

မေမေနှင့်ဝေ...။

ဟုတ်ပါတယ်။

ဝေက မေမေ့ လက်မောင်းကိုတောင် ဆုပ်ကိုင်ထားသေးပဲ။

"ဝေ... ဝေ..."


www.burmeseclassic.com

www.burmeseclassic.com



သူ ထံပါးသို့ အပြေးကလေး သွားသည်။

ဝေ့၏ ရွှန်းလက်နေသော မျက်ဝန်းနှင့် မေမေ၏ တောင်ပနေသော အပြုံးက အိပ်မက်တစ်ခုတော့ မဟုတ်ပါချေ။

သတိနှင့်အသိ တစ်ခုလုံး သူ့ဦးနှောက်ထဲမှာ ရှိနေပါသည်

"အိပ်မက်မက်နေတယ်လို့တောင် ထင်မိပါတယ် ဝေရယ်"

သူ့ရဲ့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည့်ဟန်ကို မေမေက ပြုံးကြည့်ပြီး...

"ကဲ... သားနဲ့သမီး၊ တောင်ကလပ်ကနေ ပုပ္ပါးရဲ့ အလှတွေကို ကြည့်ရှုခံစားပါဦး၊ မေမေ ဘုရားအာရုံ ပြုပြီး ပုတီးကိုးပတ်လောက် စိပ်ဦးမယ်နော်"

မေမေက လွတ်လပ်ခွင့်ကို ပေးသည်။

သူ ဝေ၏ လက်ချောင်းလေးများကို ဖွဖွဆုပ်ကိုင်တော့ ဝေက ရုန်းဖယ်ခြင်း မပြုပါချေ။

☆ ☆ ☆





"ရက်စက်တယ်လို့တော့ မပြောပါနဲ့ ကိုလတ်ရယ်၊ ဝေ သည်လိုပဲ ဆုံဖြတ်ရမှာမို့လား၊ မန္တလေးမှာ ဝေတို့ ကုမ္ပဏီရဲ့ ဘဏ်ခွဲရှိတော့ ဝေတို့ သားအမိ အိမ်ခြံမြေ ဖျက် ပြောင်းရွှေ့နိုင်ခဲ့တာပေါ့လေ"

"ကိုယ်အလုပ်ကိစ္စနဲ့ ခရီးထွက်တိုင်း ရောက်ရာအရပ်မှာ ဝေ့ကို ရှာခဲ့ပါတယ်"

"ဝေက ပုန်းနေသူလေ၊ ကိုလတ် ဘယ်လိုရှာတွေ့နိုင်မလဲ"

"ဝေနဲ့ ပတ်သက်ပြီး မေမေ နောင်တတွေ ရရှာပါတယ်"

"အန်တီရဲ့ စကားတွေ အားလုံးကို ဝေ နားထောင်ပြီးပါပြီ"

"ဟုတ်လား၊ ဒါဆို ဝေ ကိုယ့်ကို ခွင့်လွှတ်နိုင်တယ်နော်"

"ဝေ ကိုလတ်ကို စွဲစွဲလမ်းလမ်းနဲ့ မြတ်မြတ်နိုးနိုး ချစ်ခဲ့တာပါ"

လေအေးက ခပ်ကြွမ်းကြွမ်းလေး ဖိတိုက်သည်။

ဝေ၏ ဆံစလေးများ နဖူးပေါ် ဝဲကျလာ၏။

သူက ဝေ၏ ဆံစလေးများကို အသာသပ်တင်ပေးရင်း...



www.burmeseclassic.com

www.burmeseclassic.com



"သည်တစ်ခါတော့ ကိုယ် ဝေ့ကို မျက်စိအောက်က အပျောက်မခံနိုင်တော့ဘူး"

"ဝေက ရုံးအဖွဲ့နဲ့ လာတာလေ၊ ပုဂံကိုတောင် မရောက်သေးဘူး"

"ကိုယ်နဲ့မေမေလည်း ပုဂံကို သွားမှာ၊ ဘာပဲဖြစ်ဖြစ် ပေါ့ကွာ၊ ဝေ့ကို တစ်ပါတည်း ခေါ်သွားမှာပဲ"

"အန်တီလည်း ဒီစကားမျိုး ပြောပါတယ်"

"ဒါဆိုလည်း ဝေရယ်"

"မဟုတ်ဘူးလေ၊ ဝေတို့မှာ အဖွဲ့ခေါင်းဆောင် ပါတယ်၊ သူ ခွင့်မပြုရင် ဝေ လိုက်လို့ရမှာ မဟုတ်ဘူး"

"ကိုယ်နဲ့မေမေ ဝေ့ရဲ့အဖွဲ့ခေါင်းဆောင်ကို ပြောမယ်ကွာ၊ ဒါ ကျွန်တော့် ချစ်သူပါ။ လက်ထပ်မယ့် ဆဲဆဲမှာ စိတ်ကောက်ပြီး မန္တလေးထွက်သွားတာပါလို့ ပြောမယ်"

"ဟယ်... ကိုလတ်ကလဲ ရှက်စရာကြီး"

မေမေ ရောက်လာသည်။

ရယ်ရယ်မောမော ဖြစ်နေသော သူနှင့်ဝေ့ကို ကြည့်ပြီး မေမေ့ မျက်နှာမှာ ကျေနပ်ဝမ်းသာမှုတွေ အထင်ရှား ပေါ်လွင်နေ၏။





တောင်အောက်ပြန်ဆင်းတော့ မေမေက ဝေတို့အဖွဲ့ခေါင်းဆောင်ကို အကျိုးအကြောင်းနှင့် တောင်းပန်စကားပြောသည်။

ဝေတို့ အဖွဲ့ခေါင်းဆောင် အမျိုးသမီးကြီးက...

"ကြည့်စမ်း၊ ဝေက သိပ်လျှို့ဝှက်တာပဲ၊ ဌာနမှာ တစ်နှစ်လုံးအတူ လက်တွဲလုပ်လာတာ သူမှာ စေ့စပ်ထားတဲ့သူရှိတယ်ဆိုတာ တစ်ခွန်းမှ မပြောခဲ့ဘူး"

ကျန်သည့် ဝေ့သူငယ်ချင်းများကလည်း...

"မန္တလေး ပြန်ရောက်ရင် အကောင်းဆုံး အစီအစဉ် တစ်ခု လုပ်ပေးရမယ်နော်၊ မိဝေ ရန်ကုန်ကို တန်း မပြေးနဲ့"

မေမေက စကားကြားဝင်ပြီး...

"စိတ်ချပါ သမီးတို့ရယ်၊ အန်တီတို့ ပုဂံကနေ မန္တလေး တက်ပြီး ဝေ့ မေမေကို တွေ့ရဦးမှာပါ၊ မန္တလေး ရောက်ရင် သမီးတို့ ဆန္ဒကို အန်တီကိုယ်တိုင် လိုက်ပြီး ဖြည့်ဆည်းပါ့မယ်"

ငတိမ တစ်သိုက်၏ ခပ်မြူးမြူးအော်သံကြောင့် ဝေက ရှက်ရွံ့ကြီးစွာဖြင့် ခေါင်းကိုငုံ့ထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... မိခေါ် တို့သွားတော့မယ်နော်၊ ပုဂံမှာလည်း ဆုံကြဦးမှာ"

သူတို့ ရုံးအဖွဲ့ကားကြီး ဘီးလိမ့်ထွက်သွားသည်။

သူ မေမေနှင့်ဝေတို့ ရပ်ထားသည့် ကားဆီသို့ လျှောက်ခဲ့သည်။

သူက ကားတံခါးဖွင့်ပေးတော့ ဝေက နောက်ခန်းမှာ ဝင်ထိုင်မည် အပြုတွင် မေမေက...

"မေမေ ပုတီးစိပ်ရင်း နောက်ခန်းကနေ လွတ်လွတ်လပ်လပ် ထိုင်လိုက်ပါရစေ၊ သွား... သွား... သမီးက ရှေ့ခန်းမှာ သားနဲ့အတူထိုင်ပါ"

ဝေက မငုံ့မရဲဟန်နှင့် သူ့နဘေးမှာ ဝင်ထိုင်သည်။

သူက မေမေ့ကို ရှက်ရိပ်ကဲသော အပြုံးနှင့် လှမ်းကြည့်၏။

မေမေ၏ တုန့်ပြန်အပြုံးမှာ ဘဝတစ်ခု တည်ဆောက်ပြီးသား ဖြစ်နေပြီကို သူကော ဝေပါ သိလိုက်ကြပါသည်။

ရှင်လန်းချမ်းမြေ့ကြပါစေ။

မောင်သာပြည့်

မြတ်မြတ်ဒေဂျာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com